ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ငြိမ်သက်တည်ကြည်စောင့်ရှောက်သူ**

တစ်စုံတစ်ယောက်အား ကြမ်းတမ်းသည့်စကားကို မဆိုရာ။ အဆိုခံရသူတို့သည် ပြန်လှန်ပြောဆိုကုန်ရာ၏။ ချုပ်ချယ်သော စကားသည် ဆင်းရဲခြင်း၏ အကြောင်းတည်း။ အတုံ့အလှည့် ဒဏ်တို့သည် မိမိထံသို့သာ ရောက်ကုန်၏။ ကြမ်းတမ်းချုပ်ချယ်သော စကားကိုမဆိုဘဲ ငြိမ်သက်တည်ကြည်အောင် စောင့်ရှောက်သူသည် နိဗ္ဗာန်သို့တိုင် ရောက်နိုင်၏။

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၃၄)

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday , 17 September 2016 (၈၆၈၇)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရုစဗဲက်အထက်တန်းကျောင်းမှ ကျောင်းသားများနှင့်တွေ့ဆုံ

**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဝါရှင်တန်မြို့ရှိ U.S Capitol ၌ အမေရိကန် အောက်လွှတ်တော် အမတ် Minority Leader Rep. Nancy Pelosi နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနှင့် အမေရိကန်နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ ဆက်လက်အောင်မြင်မှု ရရှိစေရေးအတွက် အမေရိကန်လွှတ်တော်က ပံ့ပိုးကူညီပေးသွားနိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမေရိကန် အထက်လွှတ်တော်အမတ် Majority Leader Senator Mitch Mc Connell နှင့် Senator Harry Reid တို့ ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံသည် ။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ မြန်မာ-အမေရိကန် နှစ်နိုင်ငံအကြား

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဝါရှင်တန်မြို့ရှိ Roosevelt Senior High School သို့ သွားရောက်၍ အထက်တန်းအဆင့်ကျောင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

# အိုဇုန်းလွှာသည် ကမ္ဘာ့သက်ရှိလောကအတွက် မရှိမဖြစ်လိုအပ်သော သဘာဝအကာအရံတစ်ခုဖြစ် ကလိုရိုဖလူရိုကာဗွန်နှင့် ဟိုက်ဒရိုကလိုရိုဖလူကာဗွန် ဒြပ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက အိုဇုန်းလွှာပျက်စီးမှုသည် ယနေ့ကမ္ဘာကြီးတွင် ကြုံတွေ့နေကြရသည့် ပတ်ဝန်းကျင်ဆိုင်ရာ အဓိကပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ အိုဇုန်းလွှာသည် အန္တရာယ်ဖြစ်စေသည့် ခရမ်းလွန်ရောင်ခြည်လှိုင်းများကို ၉၇ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ စုပ်ယူပေးသည့်အတွက် ကမ္ဘာ့သက်ရှိလောကအတွက် မရှိမဖြစ်လိုအပ်သော သဘာဝအကာအရံတစ်ခုဖြစ်ကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ "အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့ ကမ္ဘာတစ်ဝန်း လက်တွဲညီညီဆောင်ရွက်စို့ " Ozone and Climate: Restored by a World United ဖြစ်ကြောင်း၊ အိုဇုန်းလွှာပျက်စီးစေသော ကလိုရိုဖလူရိုကာဗွန်(CFC)နှင့် ဟိုက်ဒရိုကလိုရိုဖလူကာဗွန်(HCFC) အစရှိသည့် ဒြပ်ပစ္စည်းများသည် ရာသီဥတုပြောင်းလဲမှုဖြစ်စေသော မှန်လုံအိမ်အာနိသင်ဖြစ်စေသည့်အတွက် အိုဇုန်းလွှာကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုတားဆီးလျှော့ချရေးကို ကမ္ဘာ့နိုင်ငံများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းထားခြင်းဖြစ်ကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၇ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဝင်ရောက်ရင်းနှီးမြှုပ်နှံ ထုတ်လုပ်ပါသည်။

# ပုဂံ မနူဟာဘုရားကြီး ရွှေသင်္ကန်းနှင့် နဝကမ္မအတွက် ငွေသွန်းလောင်းလှူပွဲ စည်ကား

**ညောင်ဦး စက်တင်ဘာ ၁၆**



ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသမှ မြင်းကပါကျေးရွာရှိ မနူဟာဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဒုတိယနေ့ တော်သလင်းလပြည့်နေ့ နံနက်ပိုင်းတွင် ဘုရားကြီးရင်ပြင်တော် ယာယီမဏ္ဍပ်၌ အလှူရှင်များက လာရောက်လှူဒါန်းကြသည့် ဆွမ်းသပိတ်လုံး၊ ငွေပဒေသာပင်များကို မြင်းကပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၆၈ ပါးအား စာရေးတံမဲဖောက်၍ လောင်းလှူခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် သံဃာတော်တစ်ပါးလျှင် ဆွမ်းသပိတ်လုံးနှင့် ငွေပဒေသာပင် ခြောက်လုံးစီ လှူဒါန်းနိုင်ခဲ့ပြီး အဲကိုလာ၊ ရေခဲသေတ္တာ၊ ပန်ကာများကိုလည်း စာရေးတံမဲဖောက်ကာ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

တော်သလင်းလပြည့်နေ့ ညနေပိုင်းတွင် မြင်းကပါကျေးရွာအုပ်စုအတွင်းရှိ မြို့ရှေ့၊ မြို့ညွန့်၊ မြို့မ၊ မြို့လယ်၊ စိန်ကုန်း၊ ရွှေခြံ စသည့် ရပ်ကွက် ခြောက်ရပ်ကွက်မှ ပြည်သူများစုပေါင်းကာ ဘုရားကြီး ရွှေသင်္ကန်းဖိုးနှင့် နဝကမ္မအသုံးပြုနိုင်ရန် ရည်ရွယ်ကာ ငွေသွန်းလောင်းလှူပွဲကို ကျင်းပခဲ့သည်။

အဆိုပါ ငွေသွန်းလောင်းလှူပွဲတွင် ရပ်ကွက်တစ်ရပ်ကွက်ချင်းစီမှ ဖွဲ့စည်းထားသည့် ကာလသားများက အတီး၊ အဆို၊ နရည်းခံ အဖွဲ့များနှင့် အမျိုးသမီးခေါင်းဆောင်များ၊ လှပျိုဖြူအမျိုးသမီးငယ်များ၊ ကလေးငယ်များက ဝတ္ထုငွေများကို ကိုင်ဆောင်ကာ ဘုရားကြီးသို့အရောက် စီတန်းလှည့်လည် လှူဒါန်းကြသည်ကို နိုင်ငံခြားခရီးသွားဧည့်သည်များ၊ ပြည်တွင်းဘုရားဖူးဧည့်သည်များ၊ ညောင်ဦး (ပုဂံ)မြို့နယ်အတွင်းရှိ လာရောက်ကြည့်ရှုခဲ့ကြသည့် ပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နေပြည်တော် ဥတ္တရခရိုင်ရဲတပ်ဖွဲ့ မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မရဲစခန်း သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဥတ္တရခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သိန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းအခမ်းအနားသို့ ဥတ္တရသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်း၊ ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးအောင်၊ ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ညွန့်၊ တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်လွင်ဦး၊ ဘုရားကုန်းမြို့မရဲစခန်းမှူး ဒု-ရဲမှူး ဇော်ဝင်းနှင့် ခရိုင်အတွင်းရှိ မြို့မရဲစခန်းမှူးများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။




ကြေးမုံ

# အချိန်တိုကာလအတွင်း ပြန်လည်ဦးမော့လာနိုင်ရေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အင်္ဂလန်၊ အမေရိကန်ခရီးစဉ်မှာ အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးပြောဆိုကြသည့်သတင်းများကို နိုင်ငံတကာသတင်းများမှာ ဖော်ပြနေသည်ကို တွေ့ရပါ၏။

အမေရိကန်သမ္မတ အိုဘားမားက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ထားမှုများကို ပယ်ဖျက်တော့မည်ဆိုသည်ကို ဖော်ထုတ်ပြောဆိုသွားသည်။ နိုင်ငံတကာခေါင်းဆောင်များ၏ တွေ့ဆုံပြောဆို ဆွေးနွေးကြရာတွင် ခေါင်းဆောင်များသည် မိမိတို့၏ ပြည်သူလူထုကို ကိုယ်စားပြုပြောဆိုနေကြသည့်အခြေခံဖြင့် နှစ်နိုင်ငံသောပြည်သူတို့၏အကျိုးစီးပွားကို ရှေးရှု၍လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး လေးစားချစ်ကြည်မှုဖြင့်လည်းကောင်း၊ ကမ္ဘာ့ပြည်သူတို့၏ ကောင်းကျိုးများအတွက်ကို ရည်သန်၍လည်းကောင်း အမြော်အမြင်ကြီးကြီး ဆင်ခြင်တုံတရားပြည့်ပြည့်ဖြင့် ဆက်ဆံပြောဆိုနေကြသည်ကို တွေ့မြင်ရသူအပေါင်း နှစ်ထောင်းအားရဖြစ်ကာ ကြည်နူးကျေနပ်ဖြစ်ကြရပါသည်။

နိုင်ငံတကာဆက်ဆံရေးတွင် နှစ်နိုင်ငံအကျိုးစီးပွားသာမက ကမ္ဘာလုံးဆိုင်ရာ အကျိုးစီးပွားအတွက်ကိုပါ စဉ်းစားဆင်ခြင်ဉာဏ်၊ ရေရှည်မြော်မြင်ဉာဏ်တို့ဖြင့် ရည်ရွယ်ရှေးရှုကြခြင်းကပင် နိုင်ငံတကာဆက်ဆံရေး၏အနှစ်သာရပင်ဖြစ်သည် မဟုတ်ပါလား။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပိန်းပိန်းပိတ်ဆိတ်သုဉ်းကာ အမှောင်ကျနေခဲ့သောမြန်မာနိုင်ငံ၏ ကာလရှည်ကြာတိုက်ပွဲများအတွင်းတွင် အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများက မိတ်ဆွေကောင်းများအဖြစ် အစဉ်တစိုက် ရပ်တည်ကူညီခဲ့ကြတာဖြစ်ပါသည်။ ယနေ့ကာလလို ဒီမိုကရေစီ အမှန်တကယ်ပြည့်ဝပွင့်လင်းသည့် အချိန်မရောက်သေးသော်လည်း ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ရသည်ကိုက နိုင်ငံတကာမိတ်ဆွေများ၏ အကူအညီများလည်း ပါဝင်သည်ဆိုတာကို အသိအမှတ်ပြုရမည် ဖြစ်ပါသည်။ ဒီမိုကရေစီပန်းတိုင်ရောက်သည်အထိ ဆက်လက်ကူညီရပ်တည်သွားကြမည်ဟုလည်း မျှော်လင့်ယုံကြည်ရပါသည်။

မြန်မာနိုင်ငံ၏ မပြီးပြတ်သေးသည့်ပြည်တွင်းစစ် လုံးဝရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားတို့ ညီညီညွတ်ညွတ် လက်တွဲအတူနေထိုင်သွားနိုင်မည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်နိုင်ရေး၊ တိုင်းပြည်စီးပွားရေး ပြန်လည်ဦးမော့လာနိုင်ရေး၊ ဆင်းရဲမွဲတေမှုနှံ့တွင်းမှရုန်းထွက်ကာ စနစ်တကျတိုးတက်ဖွံ့ဖြိုးရေး၊ ပြည်တွင်းသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ယဉ်ကျေးမှုနှင့် အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ၊ နိုင်ငံသားများ၏အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရေးဆိုင်ရာလုပ်ငန်းများစသည်ဖြင့် လုပ်ငန်းစဉ်ပေါင်းများစွာကို နိုင်ငံတကာ၏ အားပေးကူညီထောက်ခံမှုများနှင့်အတူ ပြည်သူလူထုတစ်ရပ်လုံး၏ ဝိုင်းဝန်းဆောင်ရွက်မှုဖြင့် အောင်မြင်သည်အထိ ခရီးဆက်နိုင်မည်ဟု ယုံကြည်ပါသည်။

ပွင့်ပွင့်လင်းလင်းဆိုရလျှင် မြန်မာနိုင်ငံသည် အလွန်ချည့်နဲ့နေသည့် အနေအထားမှ ပြန်လည်နာလန်ထလာအောင်ကိုပင် အပြင်းအထန်ကြိုးစားကြရဦးမည့် နိဒါန်းကာလအချိန်မှာ ရှိနေပါသေးသည်။ ဒေါ်အောင်ဆန်းစုကြည်လို ပြည်တွင်းပြည်ပမှ ထောက်ခံအားပေးမှုကို နှစ်ဆယ့်တစ်ရာစုအတွင်း အများဆုံးရရှိထားသော နိုင်ငံရေးခေါင်းဆောင်တစ်ဦး၏ ဦးဆောင်မှု၊ မြန်မာပြည်သူလူထု၏ ထက်မြက်သောခေါင်းဆောင်အပေါ် အပြည့်အဝယုံကြည်ထောက်ခံသော ဉာဏ်စွမ်းကိုယ်စွမ်းတို့ကို ထုတ်ဖော်ဆောင်ရွက်မှုတို့နှင့်အတူ နိုင်ငံတကာမှ မိတ်ဆွေကောင်းများ၏ အားပေးကူညီထောက်ခံကြမှုဖြင့် အချိန်တိုအတွင်း၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအစစတွင် ပြန်လည်ဦးမော့ထူထောင်လာနိုင်မည်ဟု ယုံကြည်လျက်ရှိပါကြောင်း။

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၈၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၁



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**
**အမေရိကန် အောက်လွှတ်တော်အမတ် Minority Leader Rep. Nancy Pelosi နှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

**■ ဝါရှင်တန်မြို့မှ**

ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ တရားမဝင်ကူးသန်းရောင်းဝယ်မှုများ ပပျောက်စေရေးအတွက် လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အကူအညီပေးအပ်မည့်ကိစ္စများအပေါ် ဆွေးနွေးကြသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဝါရှင်တန်မြို့ရှိ U.S Capitol ၌ National Democratic Institute (NDI) , International Republican Institute (IRI) နှင့် House Democracy Partnership တို့က ကျင်းပသည့် Close Door VIP Brunch သို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် Roosevelt Senior High School သို့ သွားရောက်၍ အထက်တန်းအဆင့် ကျောင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် ညနေ ၃နာရီ ၁၅ မိနစ်တွင် ခေတ္တတည်းခိုနေထိုင်ရာ Blair House ၌ အမေရိကန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး Ms. Penny Pritzker နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်ကြီးများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး အလားအလာများကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် Four Seasons ဟိုတယ်၌ US Chamber of Commerce နှင့် US – ASEAN Business Council တို့က ပူးပေါင်းကျင်းပသော ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ၎င်းတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ဒေါ်သီဂီလှိုင်ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ဌာန |
|---|---|---|
| (က) | ဦးကျော်မိုးထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါ်တင်တင်အုန်း ဒုတိယညွှန်ကြားရေးမှူးချုပ် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန |
| (ဂ) | ဦးကျော်စိုး ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

# (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအောက်ရှိ အမှတ်(၁၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲနှင့် အမှတ်(၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါသွေးလှူဒါန်းပွဲတွင် အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှုအောက်ရှိ အမှတ်(၁၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သက်လင်းဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင် စုစုပေါင်း ၅၀ နှင့် အမှတ်(၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ညီညီလင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင် စုစုပေါင်း ၅၃ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ **ကျော်ရဲဆွေ(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**
**အမေရိကန် ကုန်သွယ်ရေးဝန်ကြီး Ms. Penny Pritzker နှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

**❒ အိုဇုန်းလွှာမှ**

မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးဆိုင်ရာ လက်ရှိနှင့် အနာဂတ်လုပ်ငန်းအစီအစဉ်များတွင် ကမ္ဘာ့နိုင်ငံများနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သလို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းရှင်များ၊ ပြည်သူများအနေဖြင့်လည်း ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ကမ္ဘာ့လေထုအတွင်း အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေးလုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ၊ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဝင် ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ခင်းကျင်းပြသထားသော အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

■




**၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ**
**အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပစဉ်။** (သတင်းစဉ်)

# ဘီအာရ်အိုင်စီအက်စ်အစည်းအဝေး နယူးဒေလီ၌ ကျင်းပ



**နယူးဒေလီ စက်တင်ဘာ ၁၆**

ဘီအာရ်အိုင်စီအက်စ်အုပ်စုတွင် ပါဝင်သော တရုတ်နှင့် အိန္ဒိယတို့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြရန် ကတိပြုကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စက်တင်ဘာ ၁၅ ရက်က ကျင်းပသော ဘီအာရ်အိုင်စီအက်စ်အုပ်စု၏ ဆဋ္ဌမအကြိမ် အထက်တန်းကိုယ်စားလှယ်များ အစည်းအဝေးတွင် ယင်းသို့ ကတိပြုခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေး၌ ကွန်ပျူတာကွန်ရက် လုံခြုံရေး၊ စွမ်းအင်လုံခြုံရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ဘီအာရ်အိုင်စီအက်စ်အုပ်စုတွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ပါဝင်ကြသည်။

**ဆင်ဟွာ။**

# တရုတ်အာဏာပိုင်များက ကနေဒါနိုင်ငံသားတစ်ဦးအား ပြန်လည်လွှတ်ပေး



**ပေကျင်း စက်တင်ဘာ ၁၆**

တရုတ်နိုင်ငံ၏ကာကွယ်ရေးဆိုင်ရာ လျှို့ဝှက်သတင်းများခိုးယူသည်ဟု စွပ်စွဲကာ နှစ်နှစ်တာမျှ ဖမ်းဆီးခြင်းခံထားရသော ကနေဒါနိုင်ငံသားတစ်ဦးအား တရုတ်အာဏာပိုင်များက ယနေ့ လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း သတင်းများအရသိရသည်။

ကီဗင်ဂါရက်အမည်ရှိ ကနေဒါနိုင်ငံသားသည် စက်တင်ဘာ ၁၆ ရက်တွင် ကနေဒါနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီဖြစ်သည်ဟု ကနေဒါမီဒီယာများကဆိုသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လတွင် မြောက်ကိုရီးယားနိုင်ငံ နယ်စပ်အနီးရှိ ဒန်ဒေါင်းမြို့တွင် ကီဗင်ဂါရက်နှင့်သူ့ဇနီးအား တရုတ်အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ ဇနီးဖြစ်သူအား လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလက အာမခံဖြင့်ပြန်လည်လွှတ်ပေးခဲ့သည်။ ကီဗင်ဂါရက်အား ယခုနှစ် ဇန်နဝါရီလက နိုင်ငံတော်ထိပ်တန်းကာကွယ်ရေးဆိုင်ရာသတင်းများ ခိုးယူမှုအပြင် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်မှုတို့ဖြင့် စွဲချက်တင်ခဲ့သည်။

ကီဗင်ဂါရက်တို့ဇနီးမောင်နှံသည် ဒန်ဒေါင်းမြို့တွင် ကော်ဖီဆိုင်ဖွင့်နေစဉ်ကာလအတွင်း ပြုံယမ်း၏လူ့အခွင့်အရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရီဒေးကကီဗင်ဂါရက် ပြန်လည်လွတ်မြောက်ခဲ့သည့်အတွက် အလွန်ပင် ဝမ်းမြောက်ကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

မကြာသေးမီက ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရီဒေးက တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ခဲ့ပြီး ကီဗင်ဂါရက်၏အမှုနှင့်ပတ်သက်ပြီး တရုတ်ထိပ်တန်းအရာရှိများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ကနေဒါနိုင်ငံအနေဖြင့် တရုတ်ဦးဆောင်သည့် အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် စဉ်းစားနေကြောင်း ကနေဒါဝန်ကြီးချုပ်က ပြောကြားခဲ့သည်ဟု သတင်းများအရ သိရသည်။

ကီဗင်ဂါရက်အား တရုတ်နိုင်ငံက ပြန်လည်လွှတ်ပေးခြင်းသည် တရုတ်နှင့် ကနေဒါနှစ်နိုင်ငံ စီးပွားရေးဆက်နွှယ်မှုကို ဖန်တီးခြင်းဖြစ်နိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများကဆိုသည်။ တရုတ်ဝန်ကြီးချုပ် လီခချန်းသည် လာမည့်ရက်သတ္တပတ်တွင် ကနေဒါနိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်နိုင်ဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# ဗုံးဖောက်ခွဲမှုများနှင့် ခွဲထွက်ရေးဝါဒီသူပုန်များ ဆက်စပ်ပတ်သက်မှုမရှိဟု ထိုင်းဒုတိယဝန်ကြီးချုပ် ပြောကြား

**ဗန်ကောက် စက်တင်ဘာ ၁၆**

လွန်ခဲ့သည့်လအတွင်းက ထိုင်းနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းထွန်းကားရာ မြို့များ၌ ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲတိုက်ခိုက်မှုများသည် ခွဲထွက်ရေး ဝါဒီသူပုန်များနှင့် ဆက်စပ်ပတ်သက်ခြင်းမရှိကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ပရာဝစ်ဝေါင်စူဝန်က ပြောကြားလိုက်ရာ ယင်းပြောကြားချက်သည် ရဲတပ်ဖွဲ့၏ ပြောကြားချက်နှင့် ဆန့်ကျင်ကွဲလွဲနေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဩဂုတ်လအတွင်းက ထိုင်းနိုင်ငံ အလယ်ပိုင်းနှင့် တောင်ဘက်ဖျားရှိ ခရီးသွားလုပ်ငန်း လုပ်ကိုင်သော မြို့များတွင် ကြိုတင်စီစဉ်လုပ်ဆောင်သည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သဖြင့် ထိုင်းနိုင်ငံသား လေးဦးသေဆုံးပြီး နိုင်ငံခြားသားများ အပါအဝင် လူအများအပြား ထိခိုက်ဒဏ်ရာရခဲ့သည်။

ထိုင်းနှင့်မလေးရှား နှစ်နိုင်ငံနယ်စပ်အနီး ပြည်နယ်များဖြစ်သည့် ရာလာ၊ နာရာသီဝပ်နှင့် ပတ္တာနီ ပြည်နယ်တို့မှ ခွဲထွက်ရေးဝါဒီသူပုန်များသည် ယင်းဗုံးဖောက်ခွဲမှုများ၏ နောက်ကွယ်၌ရှိနေကြောင်း ခွဲခြမ်းစိတ်ဖြာလေ့လာသူများက ပြောကြားခဲ့ကြသည်။

လတ်တလောတွင် အဆိုပါ မြို့များ၌ ဗုံးဖောက်ခွဲမှုနှင့် ဆက်နွှယ်သည်ဟူသော သံသယဖြင့် လူနှစ်ဦးကို ဖမ်းဆီးထားသည်။

ထိုလူနှစ်ဦးကို ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်များ၌ ဖမ်းဆီးရမိခြင်းဖြစ်သော်လည်း တောင်ပိုင်းဒေသ၌ ဖြစ်ပွားသော အကြမ်းဖက်မှုများနှင့် ဆက်နွှယ်မှုမရှိကြောင်း ကာကွယ်ရေးဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာဝစ်ဝေါင်စူဝန်က ပြောကြားသည်။

၎င်း၏ မှတ်ချက်ပြု ပြောကြားချက်သည် လွန်ခဲ့သည့် လအတွင်းက ဖြစ်ပွားခဲ့သည့် ခရီးသွားလုပ်ငန်း မြို့များ၌ ဗုံးဖောက်ခွဲမှုများသည် ထိုင်းနိုင်ငံ တောင်ဘက်ဖျားမှ ခွဲထွက်ရေးသမားများနှင့် ဆက်နွှယ်သည်ဟူသော ထိုင်းရဲတပ်ဖွဲ့၏ ပြောကြားချက်နှင့် ကွဲလွဲနေသည်။

ထိုင်းနှင့် မလေးရှားနိုင်ငံတို့သည် စက်တင်ဘာ ၁၆ ရက်တွင် နယ်ခြားတစ်လျှောက် နယ်စပ်ဖြတ်ကျော်မှုခင်းများနှင့် လူကုန်ကူးမှုများ နှိမ်နင်းရေးအတွက် ယုံကြည်မှုများ တည်ဆောက်ရန် သဘောတူညီခဲ့ကြသည်။

ထိုင်းနိုင်ငံတောင်ဘက်ဖျားတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် ခွဲထွက်ရေးဝါဒီသူပုန်များအကြား ၂၀၀၄ ခုနှစ်မှစ၍ တိုက်ပွဲများဖြစ်ပွားခဲ့ရာ ဒေသခံအရပ်သား ၆၅၀၀ ကျော် သေဆုံးခဲ့သည်။ စစ်ဘက်က အာဏာရယူခဲ့ပြီးနောက် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရာ ထိုင်းတောင်ဘက်ပိုင်းမှ ပြည်နယ်သုံးခုတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ၆၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။

**ရိုက်တာ။**





# ကျန်းမာရေးကောင်းမွန်ကြောင်း ထရန့် ထုတ်ပြန်ကြေညာ

**နယူးယောက် စက်တင်ဘာ ၁၆**

ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်က မကြာမီက စစ်ဆေးခဲ့သည့် ၎င်း၏ ကျန်းမာရေးအခြေအနေရလဒ်ကို ထုတ်ပြန်ကြေညာခဲ့ပြီး အမေရိကန်သမ္မတတာဝန် ထမ်းဆောင်ရန် ကျန်းမာကြံ့ခိုင်မှုရှိကြောင်း ပြသနေသည်ဟု ပြောကြားသည်။

ထရန့်က ၎င်း၏ ကျန်းမာရေးအခြေအနေကောင်းမွန်မှုကို လူကြိုက်များသည့် ကျန်းမာရေးရုပ်သံအစီအစဉ်တစ်ခုတွင် စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ထရန့်က ယခုထုတ်ပြန်သည့် ကိုယ်ကာယကျန်းမာကြံ့ခိုင်မှုရလဒ်မှာ လွန်ခဲ့သည့် သီတင်းပတ်က စစ်ဆေးခဲ့သည့် ရလဒ်ဖြစ်ကြောင်း ပြောကြားသည်။

ယခုအချိန်သည် ထရန့်၏ပြိုင်ဘက် ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်၏ ကျန်းမာရေးအခြေအနေကို အာရုံစိုက်နေခြင်းဖြစ်သည်။ ကလင်တန်သည် အဆုတ်ရောင်ရောဂါကြောင့် မဲဆွယ်စည်းရုံးရေးခရီးစဉ်အချို့ကို ပယ်ဖျက်ခဲ့ရသည်။

ထရန့်က ၎င်း၏ သွေးပေါင်ချိန်သည် အမြဲတမ်း ကောင်းမွန်နေသည်ဟု ပြောကြားသည်။ အသက် (၇၀) ရှိပြီဖြစ်သော ထရန့်အား အမေရိကန်သမ္မတတာဝန်ထမ်းဆောင်ရန် လုံလောက်သည့် ကျန်းမာရေး အခြေအနေကောင်းမွန်မှုရှိ၊မရှိ ရုပ်သံအစီအစဉ်တွင် မေးမြန်းရာ ထရန့်က ၎င်းသည် အသက် ၃၀ အရွယ်ကကဲ့သို့ သွက်လက်ကျန်းမာနေသည်ဟု ခံစားရကြောင်း ပြန်လည်ပြောကြားသည်။

ထရန့်နှင့် ကလင်တန်တို့နှစ်ဦးအား လူထုထောက်ခံမှုရလဒ် ကွာခြားချက်မှာ ကျဉ်းမြောင်းလျက်ရှိပြီး မကြာမီက ကောက်ယူခဲ့သည့် စစ်တမ်းတွင် ကလင်တန်ကို လူထုထောက်ခံမှု ၄၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ထရန့်ကို ထောက်ခံမှုမှာ ၄၄ ဒသမ ၂ ရာခိုင်နှုန်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

◆

# အစိုးရ၏ e-Service များ အသုံးပြုနိုင်ရေးနှင့် ရေရှည်အသုံးပြုနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

နိုင်ငံ၏စီးပွားရေးမူဝါဒများတွင်ပါဝင်သည့် Data ID Card System, Digital Government Strategy နှင့် e-Government System များထူထောင်ရေးမူဝါဒ အကောင်အထည်ဖော်နိုင်ရန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနဆိုင်ရာ Website များမှတစ်ဆင့် သတင်းအချက်အလက်များရယူနိုင်ရန် ဗဟိုရုံးများ၊ ဝန်ကြီးဌာနများ၏ Website များကို လွှင့်တင်ထားပြီးဖြစ်ကြောင်း၊ အဆိုပါ Website များတွင် ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဆွေးနွေးပြောကြားသည်။

ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ၏ နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများအားလုံးသည် e-Government Website များနှင့် Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေး အတွက် e-Government စနစ်များ ပိုမိုထိရောက် အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီး ဦးကျော်မျိုးက ထိုသို့ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက Mobile Application မှတစ်ဆင့် ဌာနဆိုင်ရာများ၏ ဝန်ဆောင်မှုများ၊ အခြားသတင်းအချက်အလက်များကို ပြည်သူလူထု သိရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုဘိုင်းတယ်လီဖုန်းများကို အရှိန်အဟုန်ဖြင့် တိုးချဲ့တည်ဆောက်တပ်ဆင်ခဲ့ရာ ၂၀၁၆ ခုနှစ် ဩဂုတ်လကုန်အထိ တယ်လီဖုန်းသိပ်သည်းဆ (Teledensity) ၉၅ ဒသမ ၄၆ ရာခိုင်နှုန်းရှိလာပြီ ဖြစ်ကြောင်း။

နေပြည်တော်အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးများကို ဖိုက်ဘာဆက်ကြောင်းချိတ်ဆက်ပြီး e-Government လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း။

Website များလွှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် Mobile Application များကိုအသုံးပြု၍ ဝန်ဆောင်မှုများရယူနိုင်သော်လည်း Government Website များမှာ ကွန်ပျူတာဖြင့် အင်တာနက်မှတစ်ဆင့် အသုံးပြုနိုင်ရန် ဆောင်ရွက်ထားသည့်အတွက် Mobile ဖုန်းများဖြင့် လွယ်ကူချောမွေ့စွာရယူသုံးစွဲနိုင်ရေး အတွက် သက်ဆိုင်ရာဌာနများသို့တိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။


ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ဆွေးနွေးစဉ်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန အနေဖြင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)အကူအညီဖြင့် ၂၀၁၄ ခုနှစ်တွင် e-Governance Master Plan မူကြမ်းကို ရေးဆွဲခဲ့ပါကြောင်း၊ ခေတ်စနစ် ပြောင်းလဲမှုများ၊ လက်ရှိအခြေအနေများနှင့် ကိုက်ညီစေရန် ပြည်ပပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ပြင်ဆင်ဖြည့်စွက်ရေးဆွဲခဲ့ပါကြောင်း၊ အဆိုပါမူကြမ်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြထားပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရန်၊ ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် (Human Capital)နှင့် အီလက်ထရွန်နစ်ဝန်ဆောင်မှုများ (Online Services) တိုးတက်လာစေရန် အထူးဦးစားပေး ဆောင်ရွက်နိုင်ရေးလိုအပ်သဖြင့် Myanmar e-Governance Master Plan တွင် ပါဝင်သည့် Roadmap နှင့် Conceptual Architecture Framework များအတိုင်း အကောင်အထည် ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကမ္ဘာ့ဘဏ်အကူအညီဖြင့် Myanmar National Web Portal စီမံကိန်းကို အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး ဝန်ဆောင်မှုများကို Mobile နှင့် Internet Website များမှတစ်ဆင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့ပြင် နှစ်တိုကာလ လုပ်ငန်းစဉ်များအရ အစိုးရ၏လုပ်ငန်းစဉ်များ၌ သင့်လျော်သည့် အကျိုးသက်ရောက်မှုရရှိစေရေး၊ ပြည်သူလူထုနှင့် ထိတွေ့မှု ပိုမိုကောင်းမွန်လာစေရေး၊ စီးပွားရေးလုပ်ငန်းရပ်များတွင် ပွင့်လင်းမြင်သာမှု ရှိစေပြီး ပိုမိုရင်းနှီးမြှုပ်နှံလာနိုင်ရေးတို့ကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အလယ်အလတ်အဆင့်ကာလတွင် အစိုးရ၊ ပြည်သူနှင့် လုပ်ငန်းရှင်များ Online ဖြင့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်ရှည်ကာလတွင် နိုင်ငံတစ်ဝန်းရှိ ပြည်သူများအနေဖြင့် အစိုးရ၏ e-Service များ အသုံးပြုနိုင်ရေးနှင့် ရေရှည် အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဝန်ဆောင်မှုများကို Mobile Smart Phone များ၊ Internet Website များ၊ Call Center များ၊ Web Portal များမှတစ်ဆင့် ပြည်သူလူထုထံဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် e-Government စနစ်အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး ဦးတည်ဆောင်ရွက်ရန် လိုအပ်သည့်အချက်များဖြစ်သည့် လုပ်ငန်းစဉ်မူဘောင်များကို e-Governance Master Plan တွင် ဖော်ပြထားရှိပြီး ဖြစ်ပါကြောင်း။

e-Government လုပ်ငန်းရပ်များကို ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် အမျိုးသား ICT ကောင်စီ၊ ဦးစီးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုဖြင့် ဖွဲ့စည်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အဆိုပါအဖွဲ့အစည်း၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အဆင့် မူဝါဒများ ချမှတ်ပြီး အစိုးရအဖွဲ့အစည်းများကို လမ်းညွှန်ကြီးကြပ်၍ အမျိုးသား e-Government ဗဟိုဌာန၊ e-Government လုပ်ငန်းများ လုံခြုံရေးအတွက် လိုအပ်သောမူဝါဒများချမှတ်၍ လမ်းညွှန်ကြီးကြပ် အကောင်အထည်ဖော် ဆောင်သွားမည့် အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ ICTဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးမည့် အမျိုးသား ICT သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဗဟိုဌာနတို့ကို ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆိုကို မှတ်တမ်းတင်ထားသင့်ကြောင်း ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဆွေးနွေးခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ် ၉ ဦးတို့က ဆွေးနွေးခဲ့ကြပြီး လွှတ်တော်၏ သဘောထားရယူကာ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

# လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆန့်နိုင်ရေး ရွှေ့ပြောင်းစီမံချက်ကို အစိုးရသစ်၏ရက်တစ်ရာစီမံချက်ကာလအတွင်း ရေးဆွဲခဲ့

**နေပြည်တော် စက်တင်ဘာ ၁၆**

လမ်းပေါ်နေ ကလေးများနှင့် တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆန့်နိုင်ရေးအတွက် ရွှေ့ပြောင်းစီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။


ဦးအေးမင်းဟန်

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့တွင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးအေးမင်းဟန်၏ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်များတွင် ခိုကိုးရာမဲ့ တောင်းရမ်းစားသောက်နေသူများကို ပြုစုစောင့်ရှောက်၍ ၎င်းတို့ဘဝများ ပြန်လည်ရှင်သန်လာစေရန် လုပ်ဆောင်ပေးမည့် စီမံကိန်းတစ်ရပ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လမ်းပေါ်နေ ကလေးများနှင့် တောင်းရမ်း စားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆန့်ရေး ဆောင်ရွက်မှုများတွင် တိကျသောလုပ်ငန်းစဉ်၊ လိုအပ်သော ပံ့ပိုးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်လျက်ရှိနေသဖြင့် လမ်းပေါ်နေကလေးများနှင့် တောင်းရမ်း စားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆန့်နိုင်ရေးအတွက် ရွှေ့ပြောင်းစီမံချက်ကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်နိုင်ရန် အစိုးရသစ်၏ ရက်တစ်ရာစီမံချက်ကာလအတွင်း ရေးဆွဲခဲ့ပါကြောင်း။

အဆိုပါစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ပြုလုပ်လျက်ရှိပါကြောင်း၊ ထိုအစည်းအဝေးများမှ ရလဒ်များအပေါ် မူတည်၍ ၎င်းစီမံချက်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်၏ "သရေခေတ္တရာ ပျူမြို့ဟောင်းကို UNESCO အဖွဲ့ကြီး၏ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ပြည်ထောင်စုအဆင့် Master Plan ရေးဆွဲဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ ပျူရှေးမြို့ဟောင်းများကို တွဲဆက်ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီ အစည်းအဝေးတွင် သတ်မှတ်ပေးခဲ့ပါကြောင်း။

ကမ္ဘာ့အမွေအနှစ် ကော်မတီ UNESCO သို့ တင်ပြခဲ့သော အမွေအနှစ်စီမံခန့်ခွဲမှု အစီအစဉ်တွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဘဏ္ဍာနှစ်အလိုက် ငါးနှစ်အချိန်ကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းအသေးစိတ်ကိုဖော်ပြထားပါကြောင်း၊ ၂၀၁၃ ခုနှစ်မှစ၍ ယနေ့အထိ အဓိကစီမံခန့်ခွဲရမည့် အကြောင်းအရာ (၈)ခုဖြစ်သည့် မူဝါဒ၊ စီမံခန့်ခွဲမှုအစီအစဉ်၊ သုတေသန၊ ထိန်းသိမ်းရေး၊ ပြုပြင်စောင့်ရှောက်မှု၊ မြေယာပိုင်ဆိုင်မှု၊ မြေအသုံးချမှု၊ ခရီးသွား ဧည့်သည်များအတွက် လိုအပ်ချက်နှင့် အခြေခံအဆောက်အအုံများပံ့ပိုးမှု၊ သတင်းအချက်အလက်နှင့် အဓိပ္ပာယ်တိကျစွာဖော်ထုတ်နိုင်မှု၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးမှုတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ တာဝန်ယူကာ ဆက်စပ်ဦးစီးဌာနများ၊ ဒေသခံလူမှုအဖွဲ့အစည်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် အချိန်ကာလအလိုက် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အမွေအနှစ် စီမံခန့်ခွဲမှုအစီအစဉ် Management Plan ရေးဆွဲတင်ပြထားပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းမှုနှင့်ပတ်သက်၍ အတတ်ပညာ၊ နည်းပညာအရ စီမံခန့်ခွဲမှုအစီအစဉ်မှ ဆောင်ရွက်ချက်များကို UNESCO နှင့် ကမ္ဘာ့အမွေအနှစ်ကော်မတီတို့မှ လက်ခံအတည်ပြုသတ်မှတ်ခဲ့ပြီးဖြစ်ကြောင်းနှင့် မိမိတို့နိုင်ငံဘက်မှလည်း အကောင်အထည်ဖော်ဆောင်ရွက်ပါမည်ဟု အတည်ပြုပြောကြားထားပြီး ဖြစ်ပါကြောင်း။


ဒေါက်တာဝင်းမြင့်ချစ်

Management Plan ရေးဆွဲရေးလုပ်ငန်းသည် ပျူရှေးမြို့ဟောင်းများ အပါအဝင် ဒေသကြီးတစ်ခုလုံးအတွက် လိုအပ်သော ဘက်စုံလွှမ်းခြုံ စီမံကိန်း အစီအစဉ်ဖြစ်သဖြင့် အမျိုးသားအဆင့်အဖြစ် နိုင်ငံတော်အဆင့်မှ ဦးဆောင်၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၅)မှ ဦးမြင့်နိုင်၏ "ရခိုင်ပြည်နယ် ကျောက်တော်မြို့၏ အဓိကလမ်းမကြီး တစ်လမ်းဖြစ်သည့် ကမ်းနားလမ်းကို လူသွားလမ်းပလက်ဖောင်းအပါ ၂၄ ပေ အကျယ် ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကျောက်တော်မြို့၏ အဓိကလမ်းမကြီးဖြစ်သည့် ကမ်းနားလမ်း၏ တစ်နေ့တာယာဉ်သွားလာမှု အတိုင်းအတာအရ ၁၈ ပေ အကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်လျှင် လုံလောက်မှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန် စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် (၃၃၀ ဒသမ ၈၇)သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခွဲဝေရရှိသည့် ပြည်နယ်ရန်ပုံငွေကျပ် (၂ ဒသမ ၀၂၈) ဘီလီယံကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် (၁၇) မြို့နယ်ကို ဦးစားပေးအလိုက် ခွဲဝေသုံးစွဲရသည့်အတွက် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လုံလောက်ခြင်းမရှိ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာငွေစီမံခန့်ခွဲမှုအရ ဦးစားပေးကဏ္ဍအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# ကုလသမဂ္ဂ လုပ်ထုံးလုပ်နည်းများ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရွေးချယ်ခန့်အပ်ခြင်း

## ဟန်သိန်းကျော် (မဟာဥပဒေ)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်မှု သက်တမ်းသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်ရာ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ယင်း၏ ကိုးဦးမြောက် အတွင်းရေးမှူးချုပ်ကို မကြာမီကာလတွင် အပြီးသတ် ရွေးချယ်သွားရန် ရှိသည်။ **ကုလသမဂ္ဂ ပဋိညာဉ်၏ အပိုဒ် ၉၇ ပါ ပြဋ္ဌာန်းချက်အရ** အတွင်းရေးမှူးချုပ်ကို လုံခြုံရေးကောင်စီ၏ ထောက်ခံမှု (upon the recommendation)ဖြင့် အထွေထွေ ညီလာခံက ခန့်အပ်ရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ရွေးချယ်ခန့်အပ်မည့် အတွင်းရေးမှူးချုပ် ရာထူးတာဝန်ထမ်းဆောင်လိုသော ပုဂ္ဂိုလ်များအတွက် သက်ဆိုင်ရာနိုင်ငံများမှ လုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံ သဘာပတိများထံ ဦးစွာစာရေးသား၍ အမည်စာရင်းတင်သွင်းရသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့အထိ စာရင်းအရ အတွင်းရေးမှူးချုပ်သစ်အဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံအစိုးရအသီးသီး၏ ထောက်ခံမှုဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ် ကိုးဦးမှ အမည်စာရင်း တင်သွင်းထားသည်။ ယင်းတို့မှာ -

(က) **Irina Bokova (Bulgaria)**
ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO) လက်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း၊

(ခ) **Helen Clark (New Zealand)**
ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) လက်ရှိအကြီးအကဲနှင့် ဝန်ကြီးချုပ်ဟောင်း၊

(ဂ) **Natalia Gherman (Moldova)**
ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း၊

(ဃ) **Antonio Guterres (Portugal)**
ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အကြီးအကဲဟောင်းနှင့် ဝန်ကြီးချုပ်ဟောင်း၊

(င) **Vuk Jeremic (Serbia)**
(၆၇) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း၊

(စ) **Srgjan Kerim (Macedonia)**
(၆၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း၊

(ဆ) **Miroslav Lajcak (Slovakia)**
ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း၊

(ဇ) **Susana Malcorra (Argentina)**
ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ရုံးအဖွဲ့အကြီးအကဲဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း၊

(ဈ) **Danilo Turk (Slovenia)**
ကုလသမဂ္ဂ နိုင်ငံရေးရာ လက်ထောက်အတွင်းရေးမှူးချုပ်ဟောင်းနှင့် သမ္မတဟောင်း။

ကနဦးက ၁၂ ဦး အမည်စာရင်း တင်သွင်းမှု ရှိခဲ့သော်လည်း၊ Montenegro၊ Croatia နှင့် Costa Rica နိုင်ငံများမှ ပုဂ္ဂိုလ်သုံးဦးတို့အနေဖြင့် ၎င်းတို့၏အမည်စာရင်းတင်သွင်းမှုကို ပြန်လည်ရုပ်သိမ်းခဲ့သဖြင့် လက်ရှိအချိန်တွင် ကိုးဦးသာ အကြိတ်အနယ် ယှဉ်ပြိုင်ရန် ကျန်ရှိသည်။ (မှတ်ချက်။ သက်ဆိုင်ရာနိုင်ငံအစိုးရမှ အမည်စာရင်း တင်သွင်းရန်အတွက် မထောက်ခံသဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရရှိခဲ့သည့် ထင်ရှားသူတစ်ဦးမှာ ဩစတြေးလျဝန်ကြီးချုပ်ဟောင်း Kevin Rudd ဖြစ်သည်။)

ကုလသမဂ္ဂအနေဖြင့် ပထဝီဒေသ သာတူညီမျှ ခွဲဝေ၍ တာဝန်ထမ်းဆောင်ရေး (equitable geographical distribution) မူကို အလေးထားကျင့်သုံးလျက်ရှိသော်လည်း၊ **အတွင်းရေးမှူးချုပ်ရာထူး ရွေးချယ်ခန့်အပ်ရာတွင်မူ ဒေသအုပ်စုကြီးအလိုက် အလှည့်ကျ တာဝန်ထမ်းဆောင်ရေး (regional rotation) မူအား မဖြစ်မနေ လိုက်နာရန် ကုလသမဂ္ဂ ပဋိညာဉ်တွင် ပြဋ္ဌာန်းဖော်ပြထားခြင်း မရှိသည်ကိုလည်း ထူးခြားချက်တစ်ခုအဖြစ် လေ့လာတွေ့ရှိရသည်။**

သာဓကအားဖြင့် ကုလသမဂ္ဂ၏ သတ်မှတ်ထားသည့် ဒေသအုပ်စုကြီး ငါးအုပ်စုအနက် အာဖရိကအုပ်စုမှ နှစ်ဦးဖြစ်သည့် Boutros Boutros-Ghali (Egypt) နှင့် Kofi Annan (Ghana)၊ အာရှ-ပစိဖိတ်အုပ်စုမှ နှစ်ဦး ဖြစ်သည့် U Thant (Myanmar) နှင့် Ban Ki-moon (Republic of Korea)၊ လက်တင်အမေရိကနှင့် ကာရေဘီယံအုပ်စုမှ တစ်ဦးဖြစ်သည့် Javier Perez de Cuellar (Peru)၊ အနောက်ဥရောပနှင့် အခြားအုပ်စုမှ သုံးဦးဖြစ်သည့် Trygve Lie (Norway)၊ Dag Hammarskjold (Sweden) နှင့် Kurt Waldheim (Austria) စုစုပေါင်း ရှစ်ဦးတို့သည် အတွင်းရေးမှူးချုပ်အဖြစ် ထမ်းဆောင်ပြီးဖြစ်သော်လည်း အရှေ့ဥရောပအုပ်စုအနေဖြင့်မူ အတွင်းရေးမှူးချုပ် ရာထူးတာဝန်အား ယခုအချိန်အထိ တစ်ကြိမ်တစ်ခါမှ တာဝန်ထမ်းဆောင်ရသေးခြင်း မရှိသေးပါ။ ထို့ပြင် အစဉ်အလာအားဖြင့် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံမှ ပုဂ္ဂိုလ်များကိုလည်း အတွင်းရေးမှူးချုပ်ရာထူးအတွက် ထည့်သွင်းစဉ်းစားလေ့မရှိပေ။

ယေဘုယျအားဖြင့် ဆွေးနွေးအကြံပြုမှုများကိုသာ ပြုလုပ်နိုင်သည့် အထွေထွေညီလာခံမှလည်း အတွင်းရေးမှူးချုပ်သစ်ရွေးချယ်ခန့်အပ်ရာတွင် လိုက်နာရမည့်အခြေခံ လုပ်ထုံးလုပ်နည်းအချို့ကို အထွေထွေညီလာခံ ဆုံးဖြတ်ချက်အဖြစ် အကြံပြုထုတ်ပြန်ကာ ယင်း၏ အခန်းကဏ္ဍကို မြှင့်တင်ခဲ့ဖူးသည်။ ၁၉၄၆ ခုနှစ်တွင် အတည်ပြုခဲ့သည့် **အထွေထွေညီလာခံ Resolution 11 (I) အရ** ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးအတွက် အဆိုပြုခြင်းနှင့် ရွေးချယ်ခန့်အပ်ခြင်းကို သီးသန့်အစည်းအဝေး (private meetings) များ၌သာ ဆွေးနွေးရန်၊ မဲခွဲဆုံးဖြတ်ရပါကလည်း လျှို့ဝှက်မဲပေးစနစ်ကိုသာ ကျင့်သုံးရန်နှင့် အမည်စာရင်းတစ်ဦးတည်းသာ အဆိုပြုတင်သွင်းရန် လိုလားကြောင်း ထည့်သွင်းဖော်ပြထားသည်။

အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံအထိ ပြောင်းလဲတိုးတက်လာသည့် ကုလသမဂ္ဂအဖွဲ့ဝင် အရေအတွက်နှင့် ယနေ့ခေတ်ကာလ အခြေအနေများအရ၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ အတွင်းရေးမှူးချုပ်သစ် ရွေးချယ်ရာတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိစေရေးအတွက် တောင်းဆိုမှုများ ပိုမိုများပြားလာသည်။ သို့ဖြစ်ရာ အကြိမ် (၇၀) မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိ (President of the General Assembly - PGA) မှ ပါဝင်ယှဉ်ပြိုင်မည့်သူများအား အတွင်းရေးမှူးချုပ်သစ် ရင်ဆိုင်တွေ့ကြုံရဖွယ်ရှိသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းဆိုင်ရာ သဘောထားကို vision statement တစ်ရပ်အဖြစ် တင်သွင်းရန်ဖိတ်ခေါ်ခြင်း၊ ကြားနာမှု (hearings) ဟုခေါ်ဆိုသည့်၊ အချိန် နှစ်နာရီခန့် ကြာမြင့်သော အလွတ်သဘော ထိတွေ့ဆွေးနွေးမှုများ (informal dialogues) ကျင်းပပေးခြင်း၊ သတင်းစာရှင်းလင်းပွဲ (media stakeout) ပြုလုပ်ပေးခြင်းဖြင့် ပါဝင်ယှဉ်ပြိုင်မည့်သူများအား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ထိတွေ့နိုင်စေရေး ကြိုးပမ်းပေးခဲ့သည်။ ပါဝင်ယှဉ်ပြိုင်မည့်သူများ၏ သဘောထားများနှင့် ဆွေးနွေးမှုများကို ကမ္ဘာ့နိုင်ငံအနှံ့အပြားမှ စိတ်ပါဝင်စားသူ အများပြည်သူတို့ လေ့လာနိုင်ရန်အတွက် ကုလသမဂ္ဂ၏ website လိပ်စာဖြစ်သည့် http:// www.un.org/pga/70/sg/ ၌ လွှင့်တင်ထားကာ ပွင့်လင်းမြင်သာမှုကို အားပေးခဲ့သည်။

အတွင်းရေးမှူးချုပ်သစ် ရွေးချယ်ရာတွင် လုံခြုံရေးကောင်စီသည် အဓိက အရေးပါသည့် အဆုံးအဖြတ်ပေးနိုင်သည့် အခန်းကဏ္ဍမှ ပါဝင်သကဲ့သို့ လုံခြုံရေးကောင်စီ၏ ရွေးချယ်မှု လုပ်ငန်းစဉ်သည်လည်း အထူးပင် သိမ်မွေ့ကာ လျှို့ဝှက်သည့် သဘောသဘာဝ ရှိသည်ကို ယခင် ရွေးချယ်ခဲ့မှု အစဉ်အလာများအရ သိရသည်။ ပြီးခဲ့သည့် နှစ်ပေါင်း ၇၀ အတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား ရွေးချယ်အဆိုပြုသည့် လုံခြုံရေးကောင်စီ၏ မဲပေးမှုလုပ်ငန်းစဉ်ကို အစဉ်တစိုက် လျှို့ဝှက်စွာကျင့်သုံးခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။

ဥပမာအားဖြင့် လုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌအဖြစ် ၁၉၉၆ ခုနှစ် နိုဝင်ဘာလ၌ အင်ဒိုနီးရှားနိုင်ငံမှ တာဝန်ထမ်းဆောင်စဉ် အင်ဒိုနီးရှားသံအမတ်ကြီး Nugroho Wisnumurti တင်သွင်းခဲ့သည့် အတွင်းရေးမှူးချုပ် ရွေးချယ်ခြင်းလုပ်ငန်းစဉ်ဆိုင်ရာ လမ်းညွှန်ချက်တစ်ခုဖြစ်သည့် **"Wisnumurti Guidelines"** ကို အတွင်းရေးမှူးချုပ် ရွေးချယ်ခန့်အပ်ခြင်းနှင့်ပတ်သက်၍ ပထမဦးဆုံး စာဖြင့်ရေးသားထားသည့် လုံခြုံရေးကောင်စီ၏ လမ်းညွှန်ချက်အဖြစ် သိရှိရသော်လည်း ယင်း Wisnumurti Guidelines အား လုံခြုံရေးကောင်စီမှ တရားဝင်ကုလသမဂ္ဂ စာရွက်စာတမ်းအဖြစ် ထုတ်ပြန်ခြင်း မပြုခဲ့ပေ။

ကုလသမဂ္ဂမျက်နှာစာ၌ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံဖြစ်သည့် တရုတ်၊ ပြင်သစ်၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့ကို အတိုကောက်အားဖြင့် Permanent-5 (P-5) ဟုလည်းကောင်း၊ (၂) နှစ်တာကာလကိုသာ ယှဉ်ပြိုင်၍ ရွေးကောက်တင်မြှောက် တာဝန်ထမ်းဆောင်ရသည့် လုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သည့် အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံကို Elected-10 (E-10) ဟုလည်းကောင်း ခေါ်ဝေါ်သုံးနှုန်းကြသည်။

လုံခြုံရေးကောင်စီအနေဖြင့် အတွင်းရေးမှူးချုပ်သစ် ရွေးချယ်ရာတွင် ပါဝင်ယှဉ်ပြိုင်သူများအပေါ် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံ၏ ထောက်ခံမှုရရှိနိုင်မည့် အခြေအနေကို ကြိုတင်သိရှိ အကဲခတ်နိုင်စေရန်အတွက် တရားဝင် မဲခွဲဆုံးဖြတ်ခြင်း (formal ballots) မပြုမီ အလွတ်သဘော လုပ်ထုံးလုပ်နည်းတစ်ခုဖြစ်သည့် **အလွတ်သဘောမဲပေးခြင်း** (straw polls) နည်းလမ်းတစ်ရပ်ကို ၁၉၈၁ ခုနှစ်မှစတင်၍ အသုံးပြုခဲ့သည်။ ယင်း straw polls များ၏ ရလဒ်ကို တရားဝင် ထုတ်ပြန်ခြင်း မပြုခဲ့ပေ။ ၁၉၉၁ ခုနှစ်မှ စတင်၍ P-5 နှင့် E-10 အကြား **မဲစာရွက်အရောင်များ ခွဲခြားသတ်မှတ်ခြင်း (colour-coding)** ကို လိုအပ်သကဲ့သို့ ထည့်သွင်း အသုံးပြုခဲ့ကာ straw polls မဲပေးမှု၌ **အားပေးသည် (encourage)၊ အားမပေးပါ (discourage)** နှင့် **သဘောထားမှတ်ချက်မရှိ (no opinion)** ဟူသည့်စနစ်ကို ထည့်သွင်းအသုံးပြုခဲ့သည်။

**လုံခြုံရေးကောင်စီ၏ လုပ်ထုံးလုပ်နည်း (Provisional Rules of Procedure) စည်းမျဉ်း (၅၅)** အရ တရားဝင်အစည်းအဝေး (official meeting) ကျင်းပပါက တံခါးပိတ်အစည်းအဝေးပင်ဖြစ်စေ အတွင်းရေးမှူးချုပ်အနေဖြင့် အစည်းအဝေး၏ ရလဒ်၊ အကျိုးအကြောင်းဖော်ပြချက် အကျဉ်းကို မဖြစ်မနေ ထုတ်ပြန်ပေးရသည်ဖြစ်ရာ မဲရရှိမှု အခြေအနေ၊ ဗီတိုအသုံးပြုမှု အခြေအနေတို့ကို လေ့လာသိရှိနိုင်သည်။ အလွတ်သဘော အစည်းအဝေး (informal meeting) များ ကျင်းပကာ အလွတ်သဘောမဲပေးခြင်း (straw-balloting) လုပ်ငန်းစဉ်တွင်မူ မည်သည့်တရားဝင် သတင်းအချက်အလက်ကိုမှ ထုတ်ပြန်ပေးရန် မလိုအပ်ပေ။ သို့ဖြစ်ရာ straw polls နည်းလမ်းကို ကျင့်သုံးခြင်းအားဖြင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မဲရရှိမှု အခြေအနေသတင်းများကို လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များထံမှ သော်လည်းကောင်း၊ သတင်းပေါက်ကြားမှုမှသော်လည်းကောင်းသာ သိရှိနိုင်သည်။

၂၀၁၆ ခုနှစ်အတွင်း အတွင်းရေးမှူးချုပ်သစ် ရွေးချယ်ရေးအတွက် လုံခြုံရေးကောင်စီ၏ ပထမအကြိမ် straw polls ကို ဇူလိုင်လ ၂၁ ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ် straw polls ကို ဩဂုတ်လ ၅ ရက်နေ့တွင်လည်းကောင်း၊ တတိယအကြိမ် straw polls ကို ဩဂုတ်လ ၂၉ ရက်နေ့တွင်လည်းကောင်း၊ စတုတ္ထအကြိမ် straw polls ကို စက်တင်ဘာလ ၉ ရက်နေ့တွင်လည်းကောင်း အသီးသီးပြုလုပ်ခဲ့သည်။ **ပဉ္စမအကြိမ် straw polls ကို စက်တင်ဘာလ ၂၆ ရက်နေ့တွင် ထပ်မံပြုလုပ်ရန် လျာထားသည်။** (မှတ်ချက်။ ပြုလုပ်ပြီးသော straw polls (၄) ကြိမ်စလုံးတွင် P-5 နှင့် E-10 တို့အနေဖြင့် မည်သူကို မည်သည့်မဲ ပေးခဲ့သည်ဆိုသည်ကို တရားဝင် ခွဲခြားဖော်ပြ၊ ထုတ်ပြန်ခြင်း မပြုခဲ့သဖြင့် မည်သည့်ပုဂ္ဂိုလ်အား P-5 က ထောက်ခံကြောင်း (သို့မဟုတ်) ကန့်ကွက်ကြောင်းကို လက်ရှိအချိန်အထိ တိကျစွာ သိရှိရခြင်း မရှိပေ။ သို့ရာတွင် ထောက်ခံမှုအများဆုံးနှင့် အနည်းဆုံးရရှိမှု အခြေအနေ အပါအဝင် straw polls ရလဒ်ကို သက်ဆိုင်ရာ အမည်စာရင်းတင်သွင်းသည့်နိုင်ငံကိုမူ အသိပေးလေ့ရှိသဖြင့် ထောက်ခံမှု အလွန်နည်းပါးသည့် ပါဝင်ယှဉ်ပြိုင်သူအနေဖြင့် ဆက်လက်ယှဉ်ပြိုင်ရန် သင့်၊ မသင့်ကို စဉ်းစားဆုံးဖြတ်နိုင်သည်။)

လက်ရှိ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကိုမူ straw polls (၄) ကြိမ် ပြုလုပ်ပြီးမှ ရွေးချယ်နိုင်ခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီဝန်ကြီးချုပ်ဟောင်းနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအဖြစ် ၁၀ နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ Antonio Guterres သည် ပြုလုပ်ပြီးခဲ့သည့် straw polls (၄) ကြိမ်စလုံး၌ ဦးဆောင်လျက်ရှိကြောင်း အလွတ်သဘော သိရှိရသည်။ သို့ရာတွင် အနောက်ဥရောပနှင့် အခြားအုပ်စုမှဖြစ်သည့် Antonio Guterres သည် အားမပေးပါ (discourage) ဟူသည့်မဲကိုလည်း ရရှိနေဆဲဖြစ်ရာ ယင်းမဲသည် ဗီတိုအာဏာပိုင်ဆိုင်သည့် P-5 ထံမှ ဖြစ်ခဲ့ပါက ၎င်းအနေဖြင့် အမည်စာရင်းတင်သွင်းခံရရန် သေချာခြင်း မရှိသေးပေ။

လုံခြုံရေးကောင်စီအနေဖြင့် straw polls လုပ်ငန်းစဉ်၊ ယင်းမှတစ်ဆင့် လိုအပ်ပါက တရားဝင် မဲခွဲဆုံးဖြတ်ခြင်း ဆက်လက်ပြုလုပ်၍ လုံခြုံရေးကောင်စီ၏ အဆိုမူကြမ်း (resolution) တစ်ရပ် ချမှတ်အတည်ပြုကာ အထွေထွေညီလာခံသို့ ယင်းတို့၏ တစ်ဦးတည်းသော အဆိုပြုအမည်စာရင်းကို တင်သွင်းရသည်။ အတွင်းရေးမှူးချုပ် ရွေးချယ်ခြင်းဆိုင်ရာ လုံခြုံရေးကောင်စီ၏အဆိုမူကြမ်းကို E-10 အားလုံးမှ သဘောတူညီသည့်တိုင် P-5 ၏ ကန့်ကွက်မဲ (negative vote) မရမှသာ အတည်ပြုနိုင်သည်။ အတွင်းရေးမှူးချုပ် ရွေးချယ်ခန့်အပ်ခြင်း၏ နောက်ဆုံးလုပ်ငန်းစဉ်သည် လုံခြုံရေးကောင်စီမှ ထောက်ခံတင်သွင်းသည့် တစ်ဦး

စာမျက်နှာ ၇ သို့

**လုံခြုံရေးကောင်စီ၊ အထူးသဖြင့် P-5 အနေဖြင့် ယင်းတို့ လက်ခံနိုင်သည့် ပုဂ္ဂိုလ်ကို ရွေးချယ်အဆိုပြုရာတွင် တစ်ဖက်မှလည်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများစုက လက်ခံနိုင်သောများပြားလှသည့် ကမ္ဘာ့စိန်ခေါ်မှုသစ်များကို ရင်ဆိုင်ဖြေရှင်းပေးနိုင်မည့် ပုဂ္ဂိုလ်ဖြစ်ရေးဆိုသည့် စိန်ခေါ်မှုနှင့်လည်း ရင်ဆိုင်ရလျက်ရှိကြောင်း. . .**

## မြန်မာနိုင်ငံလူငယ်မူဝါဒ

မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင် ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏ အသံများ ပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ လူငယ်မူဝါဒပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးမှ ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

## စစ်ကိုင်းမြို့နယ်အတွင်း ကျေးလက်ရေရရှိရေး ငွေကျပ် ၆၁ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်

**စစ်ကိုင်း စက်တင်ဘာ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကျေးရွာပေါင်း ခုနစ်ရွာကို ငွေကျပ် ၆၁ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်ကိုင်းမြို့နယ်အတွင်းရှိ ဆောင်ရွက်ပေးခဲ့သည့် ကျေးရွာများမှာ စမွန်းအုပ်စု ရုံးပင်ကျေးရွာတွင် ချောက်ပေ ၃၀ ရှိ လက်တူးရေတွင်း တစ်တွင်း၊ ရေမျက်ကျေးရွာတွင် ၂၁၀၇၉၀ ကုဗပေရှိ ရေကန်တစ်ခု၊ ကျားမင်းကြီးကျေးရွာတွင် ပေ ၂၅၀ × ၂၈၅ ပေ × ၄ ပေ ၆ လက်မရှိ ရေကန်တစ်ခု၊ ပေါက်မမြောက်ရွာတွင် ၁၁၅ ပေ × ၁၁၅ ပေ × ၈ ပေရှိ ရေကန်တစ်ခု၊ ရှားပင်ကန်ကျေးရွာတွင် ပေ ၃၀၀ × ပေ ၃၀၀ × ၃ ပေရှိ ရေကန်တစ်ခု ဆောက်လုပ်ပြီးစီးခဲ့ပြီး အုတ်ဖိုကျေးရွာတွင် တွင်းနက်တစ်တွင်းနှင့် သာယောက်ကုန်းကျေးရွာတွင် တွင်းနက်တစ်တွင်းတို့ကို တင်ဒါစနစ်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယမန်နှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းကလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများကို ကျေးရွာပေါင်း ၁၇ ရွာတွင် တွင်းနက်များတူးဖော်ခြင်း၊ မြေသားရေကန်များ တူးဖော်ပေးခြင်းလုပ်ငန်းများအတွက် ကုန်ကျငွေကျပ် သန်း ၆၂ ဒသမ ၈၇၅ သန်း အကုန်အကျခံ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်သည်။

စစ်ကိုင်းမြို့နယ်အတွင်းတွင် နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုများ ဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သုံးနှစ်အတွင်း မြစိမ်းရောင်စီမံကိန်းမှ ကျေးရွာပေါင်း ၁၁ ရွာအတွက် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ဖြင့် စုစုပေါင်း ကျပ်သိန်းပေါင်း ၃၃၀၀ ကို ကျေးလက်နေပြည်သူများအား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင် ( မြန်/ဆက်)**

## စက်မှုနှင့် စီးပွားရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်မှုလုပ်ငန်းများအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လေ့လာ

**နေပြည်တော် စက်တင်ဘာ ၁၆**



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဩဂုတ် ၂၉ ရက်တွင် Korea Apparel Testing and Research Institute (KATRI)ရှိ စက်မှုထုတ်ကုန်ဆိုင်ရာ စံသတ်မှတ်ချက်များ သတ်မှတ်ထားရှိမှု၊ စမ်းသပ်စစ်ဆေးမှုနှင့် မူဝါဒချမှတ်၍ နယ်ပယ်အလိုက်ပံ့ပိုးဆောင်ရွက်ချက်များကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ ဩဂုတ် ၃၀ ရက်တွင် Ministry of Trade, Industry and Energy (MTIE) အောက်ရှိ Korean Agency for Technology and Standards (KATS) ရှိ သုတေသနလုပ်ငန်းများနှင့် Korean Standard အားနိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်နေမှုတို့အား သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ဩဂုတ် ၃၁ ရက်တွင် KATRI နှင့် အထည်အလိပ်ဆိုင်ရာသုတေသနလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် Joint Venture Agreement -JVA (မူကြမ်း) ရေးဆွဲထားရှိမှုနှင့် ပထမအဆင့်အနေဖြင့် နားလည်မှုသဘောတူညီချက် (MoU) အား အောက်တိုဘာလအတွင်း လက်မှတ်ရေးထိုးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ JVA အား လက်မှတ်ရေးထိုးပြီးပါက ပြည်တွင်း အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်သည့် မူဝါဒ၊ စံချိန်စံညွှန်း၊ နည်းပညာ၊ စျေးကွက်မြှင့်တင်မှုစသည့် အခွင့်အလမ်းများကို တိုးမြှင့်ရရှိအောင် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့နောက် စက်တင်ဘာ ၁ ရက်တွင် Samsung Innovation Museum သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ TA TA Daewoo Motor Factory နှင့် နေရောင်ခြည်စွမ်းအင်သုံးပစ္စည်းများ ထုတ်လုပ်သည့် KD Power Co., Ltd. တို့သို့ သွားရောက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၅ ရက်တွင် Global Institute for Transferring Skills (GIFTS) သို့ သွားရောက်၍ နိုင်ငံတကာမှ သင်တန်းသားများအား စက်မှုသက်မွေးပညာသင်ကြားပေးနေမှုကို လေ့လာကြည့်ရှု၍ နှစ်နိုင်ငံအကြား သင်တန်းများ ပူးပေါင်းဖွင့်လှစ်နိုင်ရေးနှင့် မြန်မာနိုင်ငံမှ သင်တန်းသားများအား လက်ခံသင်ကြားပေးနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ နေ့လယ်ပိုင်းတွင် POSCO-Daewoo Company, Korea Polytechnic University (KPU)နှင့် Pangyo-IT Valley တို့သို့ သွားရောက်၍ ထုတ်လုပ်မှု၊ သင်ကြားမှုနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှု လုပ်ငန်းဆောင်ရွက်ချက်များကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

စက်တင်ဘာ ၆ ရက်တွင် Gyeonggi (ဂျောင်းဂီ) ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Nam Kyung-pil နှင့်တွေ့ဆုံ၍ စက်မှုဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့အကြား လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ စွမ်းအင်ချွေတာရေးကဏ္ဍနှင့် သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းနိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် Center for Creative Economy Innovation (CCEI) သို့ သွားရောက်၍ နည်းပညာသစ်များဖြစ်သော IoT (Internet of Things) နှင့် FINTECH တို့နှင့် စပ်လျဉ်းသည့် အသေးစားနှင့် အလတ်စားကုမ္ပဏီများ၏ တီထွင်ဆန်းသစ်မှုများအပေါ် ပြည်နယ်အစိုးရ၏ ကူညီထောက်ပံ့ပေးနေသည့် အခြေအနေများအား လေ့လာဆွေးနွေးခဲ့ကြသည်။ ထို့နောက် Korea Telecommunication (KT) သို့ သွားရောက်လေ့လာ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများအား ဆွေးနွေးခဲ့ကြသည်။ ညနေပိုင်းတွင် အမျိုးသားအဆင့် သက်မွေးပညာကျွမ်းကျင်မှုပြိုင်ပွဲ National Skill Competition သို့ သွားရောက်၍ သက်မွေးပညာရပ်အလိုက် ကျွမ်းကျင်မှုပြိုင်ပွဲကျင်းပနေမှုများကို လေ့လာသည်။

အဆိုပါခရီးစဉ်မှတစ်ဆင့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုထုတ်ကုန်များကို ISO / IEC တို့နှင့် ကိုက်ညီအောင် ပူးပေါင်းရေးဆွဲချမှတ်နိုင်မှုနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စက်မှုအသက်မွေးပညာ သင်တန်းကျောင်းများ ပူးပေါင်းဖွင့်လှစ်နိုင်မှုမှ တစ်ဆင့် ကျွမ်းကျင်လုပ်သားများကို ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်မှုစသည့် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၆ မှ**

တည်သော အမည်စာရင်းအား အထွေထွေညီလာခံမှ အဆိုမူကြမ်းတစ်ရပ်အဖြစ် အတည်ပြုချမှတ်ပြီးမှသာ တရားဝင်ပြီးမြောက်သည်။ (မှတ်ချက်။ ၁၉၅၀ ခုနှစ်၌ အတွင်းရေးမှူးချုပ် Trygve Lie ၏ အတွင်းရေးမှူးချုပ် ရာထူးသက်တမ်းတိုးမြှင့်ခြင်းနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီအတွင်း သဘောတူညီမှုမရရှိဘဲ အကျပ်အတည်းနှင့်ရင်ဆိုင်တွေ့ကြုံရကာ အထွေထွေညီလာခံသို့ ထောက်ခံအကြံပြုနိုင်ခြင်း မရှိသည့်အခြေအနေတွင် အထွေထွေညီလာခံ၏ဆုံးဖြတ်ချက်ဖြင့် Trygve Lie ၏ သက်တမ်းကို တိုးမြှင့်ပေးခဲ့ဖူးသည်။)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရွေးချယ်ခန့်အပ်ခြင်း လုပ်ငန်းစဉ်အပေါ် ခြုံငုံလေ့လာ ကြည့်မည်ဆိုပါက သမိုင်းအစဉ်အလာအားဖြင့် ဗီတိုအာဏာပိုင်ဆိုင်သည့် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များ (P-5) မှသာ ယနေ့တိုင် လွှမ်းမိုးချုပ်ကိုင်ထားဆဲဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ သို့သော် **ကုလသမဂ္ဂပဋိညာဉ်၏ အပိုဒ် ၂၇ (၃) ပါ ပြဋ္ဌာန်းချက်အရ** လုံခြုံရေးကောင်စီ၌ အတွင်းရေးမှူးချုပ် အမည်စာရင်း ရွေးချယ်အဆိုပြုရန် မဲခွဲဆုံးဖြတ်ရာတွင် **အမြဲတမ်းအဖွဲ့ဝင်များ၏ ထောက်ခံမဲများ အပါအဝင် စုစုပေါင်းထောက်ခံမဲ (၉)မဲ**ရရှိရန် လိုအပ်သည်။ သို့ဖြစ်ရာ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်များ (E-10) သည်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေဆဲဖြစ်သည်။

သာဓကအားဖြင့် ၁၉၉၆ ခုနှစ်က Kofi Annan အား အတွင်းရေးမှူးချုပ်ရာထူးနေရာအတွက် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံအနက် ပြင်သစ်နိုင်ငံမှ မထောက်ခံသဖြင့် အကျပ်အတည်းနှင့် တွေ့ကြုံခဲ့ရဖူးသည်။ အများစုဖြစ်သည့် ကျန် ၁၄ နိုင်ငံစလုံး၏ ထောက်ခံမှုရရှိလာသည့်အတွက် နောက်ဆုံးတွင် ပြင်သစ်နိုင်ငံမှ ယင်း၏ရပ်တည်ချက်ကို ပြောင်းလဲပေးခဲ့သည်။ (မှတ်ချက်။ ပြင်သစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ အခြားအရေးပါသော အဆင့်မြင့်ရာထူး တစ်နေရာအား ယင်းနိုင်ငံသားတစ်ဦးအား ခန့်အပ်ပေးရန် တောင်းဆိုခဲ့ပြီးနောက် Kofi Annan အပေါ် ဗီတိုအာဏာ အသုံးပြု၍ ကန့်ကွက်မှုမပြုခဲ့ခြင်း ဖြစ်သော်လည်း အများစု၏ သဘောထား (majority opinion) ကို လေးစားခဲ့သည့် ဖြစ်ရပ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။)

ယခု ၂၀၁၆ ခုနှစ် ရွေးချယ်ပွဲ၌မူ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ပိုမိုပွင့်လင်းမြင်သာမှုရှိရန်နှင့် အားလုံးပါဝင်ခွင့်ရှိရန် တိုးမြှင့်တောင်းဆိုမှုများကို ယခင်ကာလများနှင့်မတူ ပိုမိုသိသာစွာ တွေ့မြင်လာရသည်။ အထွေထွေညီလာခံ သဘာပတိ (PGA)မှလည်း ကုလသမဂ္ဂသမိုင်းတွင် ပထမဦးဆုံး အကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်မည့်သူများ၏ အရည်အချင်းကို ဆန်းစစ်လေ့လာသိရှိနိုင်မည့် informal dialogues များ ကျင်းပပေးနိုင်ခဲ့သည်ကို အားတက်ဖွယ်တွေ့ရှိရသည်။ သို့ဖြစ်ရာ လုံခြုံရေးကောင်စီ၊ အထူးသဖြင့် P-5 အနေဖြင့် ယင်းတို့လက်ခံနိုင်သည့်ပုဂ္ဂိုလ်ကို ရွေးချယ်အဆိုပြုရာတွင် တစ်ဖက်မှလည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများစုက လက်ခံနိုင်သည့် များပြားလှသည့် ကမ္ဘာ့စိန်ခေါ်မှုသစ်များကို ရင်ဆိုင်ဖြေရှင်းပေးနိုင်မည့် ပုဂ္ဂိုလ်ဖြစ်ရေးဆိုသည့် စိန်ခေါ်မှုနှင့်လည်း ရင်ဆိုင်ရလျက်ရှိကြောင်း သုံးသပ်ရပါသည်။

**ကိုးကား။**

(၁) **Secretary or General: The UN Secretary-General in World Politics (edited by Simon Chesterman) (Cambridge, 2007)**

(၂) **Security Council Report on Appointing the UN Secretary- General (October 2015 & June 2016)**



# အမျိုးသားပညာရေးမူဝါဒကော်မရှင် ဖွဲ့စည်းရေးကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြု

**နေပြည်တော် စက်တင်ဘာ ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံသို့သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်း သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများအဖြစ် ဒေါက်တာထွန်းနိုင်နှင့် ဦးဝင်းမော်ထွန်းတို့အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် International Convention on Oil Pollution Preparedness, Response and Cooperation (OPRC 1990 Convention)တွင် မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက အဆိုပါကွန်ဗင်းရှင်းသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ကာကွယ်တားဆီးခြင်းဆိုင်ရာ အရေးပါသော ကွန်ဗင်းရှင်းတစ်ခုဖြစ်ပါကြောင်း၊ ၎င်းကွန်ဗင်းရှင်းသည် သင်္ဘောများ၊ ပင်လယ်ဆိပ်ကမ်းများ၊ ကမ်းလွန်ပင်လယ်ပြင်တွင်ရှိသော အဆောက်အအုံများနှင့် ဆီများတင်ပို့ သယ်ယူလုပ်ဆောင်သော အဆောက်အအုံများမှ ဆီ(ရေနံ)ယိုဖိတ်မှုဖြစ်ပွားခဲ့လျှင် ချက်ချင်းတုံ့ပြန်ပူးပေါင်းဆောင်ရွက် အရေးယူနိုင်စွမ်းရှိစေရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းထားခြင်းဖြစ်ပါကြောင်း။

အဆိုပါကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိပါက ပင်လယ်ပြင်တွင် သင်္ဘောများတိုက်ခိုက်မှုဖြစ်ခြင်း၊ သောင်တင်ခြင်း၊ ဆိုးရွားသောရာသီဥတုကြောင့် ပျက်စီးခြင်းဖြစ်စဉ်များမှ ညစ်ညမ်းမှုဖြစ်ပေါ်သည့်အခါ အချိန်မီတုံ့ပြန်ခြင်းကို ထိရောက်စွာမဆောင်ရွက်နိုင်ပါက အချိန်ကြာမြင့်လာသည်နှင့်အမျှ ဆီ(ရေနံ)များ ပိုမိုပျံ့နှံ့နိုင်ပြီး ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းတစ်လျှောက်ရှိ offshore, marine resources များကို ထိခိုက်ပျက်စီးမှု ပိုမိုများပြားစေနိုင်ခြင်းနှင့် ဆီ(ရေနံ)ပျံ့နှံ့မှုပမာဏကို ထိန်းချုပ်နိုင်ရန် ခက်ခဲမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တိုးတက်ဖြစ်ထွန်းလာသော စီးပွားရေးအခွင့်အလမ်းများကြောင့် မြန်မာ့ဆိပ်ကမ်းများသို့ နိုင်ငံခြားကုန်တင်နှင့် ဆီ(ရေနံ)တင် သင်္ဘောများဝင်ထွက်မှု တိုးတက်များပြားလာမှုနှင့်အတူ ဆီ(ရေနံ)ယိုဖိတ်မှု အန္တရာယ်မှာလည်း မြင့်မားလာသောကြောင့် ယခုကွန်ဗင်းရှင်းတွင် လက်မှတ်ရေးထိုးခြင်းဖြင့် ဆီညစ်ညမ်းမှုကာကွယ်ရေးနှင့် အရေးယူဆောင်ရွက်မှုများကို ပိုမိုပြည့်စုံစေမည်ဖြစ်ပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော အမျိုးသားပညာရေးမူဝါဒကော်မရှင် ဖွဲ့စည်းရေးကိစ္စနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၅) အခန်း(၄)၊ ပုဒ်မ(၅)(က) အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းပေးရန် ဖြစ်ပါကြောင်း၊ ပါဝင်ဖွဲ့စည်းမည့် ပုဂ္ဂိုလ်(၂၁)ဦးကိုလည်း အဆင့်ဆင့် စိစစ်ရွေးချယ်ပြီးဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် အမျိုးသားပညာရေး ရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာမူဝါဒများ ချမှတ်ပေးခြင်း၊ အမျိုးသားပညာရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောအမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ၊ အမျိုးသားပညာရေးဥပဒေပါ ပုဒ်မ ၂၇ အရ ဖွဲ့စည်းသော ကော်မတီ၊ အခြားလိုအပ်သော ကော်မတီ၊ ကောင်စီနှင့် အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ပညာရေးစနစ်နှင့် ပညာရေးဆိုင်ရာမူဝါဒများ၊ ပညာရေးဆိုင်ရာစီမံကိန်းများ အကောင်အထည်ဖော်မှုအပေါ် အကဲဖြတ်သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊ အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများ သတ်မှတ်နိုင်ရန် မူဝါဒများချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊ ပညာရေးကဏ္ဍအတွက် အစိုးရအဖွဲ့၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံမှ ငွေကြေးနှင့် အထောက်အပံ့များ ရရှိရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပညာရေးကဏ္ဍအတွက် ပြည်တွင်းပြည်ပမှ ငွေကြေးနှင့် အထောက်အပံ့များ ရယူသုံးစွဲနိုင်ရန်အလို့ငှာ မူဝါဒများချမှတ်ခြင်း၊ ကျောင်းများ ဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ရပ်ဆိုင်းခြင်းနှင့် ပိတ်သိမ်းခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြုစုတင်ပြသော ပညာရေးဆိုင်ရာ စီမံကိန်းများနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ကော်မရှင်သည် မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်နှင့် အစိုးရအဖွဲ့သို့ အနည်းဆုံး ခြောက်လတစ်ကြိမ် အစီရင်ခံတင်ပြခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

နိုင်ငံတော်သမ္မတ ထံမှပေးပို့သည့် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီတို့မှ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးတို့က ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခေါ်)သန်းစိုး (ဘောဂဗေဒ)က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် စီမံကိန်း(ပရောဂျက်) ၇၀ ကျော်ရှိပြီး အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာကို အသုံးပြုထားပါကြောင်း၊ အဆိုပါစီမံကိန်းများနှင့်စပ်လျဉ်း၍ မည်သူက တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်နေသည်ကို ပွင့်လင်းမြင်သာစွာဖြင့် တင်ပြထားခြင်း မရှိပါကြောင်း၊ ယခုချေးငွေများနှင့်စပ်လျဉ်းပြီး မည်သို့လုပ်ဆောင်နေသည်ကို လွတ်လပ်သည့်စောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်က မြန်မာနိုင်ငံရှိ ဆည် ၅၀ ရာခိုင်နှုန်းသည် ရေမရှိခြင်း၊ ရေပေးမြောင်းလက်တံများ မဖောက်ခြင်း၊ ဖောက်လုပ်ပြီး ရေပေးမြောင်းများကို မထိန်းသိမ်းနိုင်ခြင်း၊ ရေပေးဝေရေးစီမံခန့်ခွဲမှုအပိုင်းတွင် အားနည်းခြင်းတို့ကြောင့် ထိရောက်စွာ အသုံးမပြုနိုင်သည်ကို သိရှိရပါကြောင်း၊ ယခုချေးငွေဖြင့် အဆိုပါကိစ္စများတွင် အများဆုံးအသုံးပြုမည်ဟု သိရှိရသည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းက ချေးငွေများရယူ၍ ရှိပြီးသား ဆည်မြောင်းအခြေခံများအပေါ် မူတည်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်မည်ဖြစ်သည့်အတွက် စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်များကို ပိုမိုစိုက်ပျိုးလာနိုင်မည်ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍ ဘက်စုံစီမံကိန်းတွင်ပါဝင်သည့် ဗိသနိုးရန်ပယ်လွင်ပြင်ရှိ စပါး၊ မြေပဲနှင့် နှမ်း အဓိက သီးနှံများစိုက်ပျိုးရန် ရေလိုအပ်သည့်အချိန်တွင် ထိရောက်စွာရေပေးဝေနိုင်မည် ဖြစ်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ထို့ပြင် ၂၀၁၆-၂၀၂၁ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း၏ အဓိကနယ်ပယ်ဖြစ်သည် နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ရေးတို့ကို အထောက်အကူပြုမည့် အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၅ သန်း ချေးယူခြင်းသည် သင့်လျော်သော အစီအစဉ်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ပျော်ဘွယ်မြို့နယ် ချောင်းမကြီးဆည်ရေသောက်နှင့် နတ်မောက်မြို့နယ် နတ်မောက်ဆည်ရေသောက်တို့ကို ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ဆီထွက်သီးနှံမျိုးစုံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ခြင်း၊ စိုက်ပျိုးရေရရှိမှု သိသာစွာတိုးတက်ခြင်း၊ ဆည်ရေသောက်ဧရိယာများ ပိုမိုတိုးတက်ခြင်းနှင့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု စွမ်းရည်မြင့်မားခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရန် လိုအပ်သည့်အရင်းအနှီးနှင့် နည်းပညာများကို နိုင်ငံခြားအကူအညီ အထောက်အပံ့ချေးငွေများ ရယူပြီး အကျိုးရှိရှိ အသုံးချကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**

# အားသာချက်၊ အားနည်းချက်များကိုသုံးသပ်ကာ ပိုမိုပြည့်စုံသော ရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၁၆**

ယနေ့ကမ္ဘာတွင် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်မှုများစွာရှိသော်လည်း ပြီးပြည့်စုံသော ရွေးကောက်ပွဲဟူ၍ မရှိသေးပါကြောင်း၊ အားသာချက်၊ အားနည်းချက်များ တည်ရှိနေပါကြောင်း၊ ထို့အတူ မိမိတို့နိုင်ငံတွင်လည်း ပြီးခဲ့သည့်နှစ်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် အားသာချက်၊ အားနည်းချက်များရှိခဲ့ပါကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဒီမိုကရေစီအသွင် ကူးပြောင်းရာတွင် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဖိုရမ် အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ ပြုပြင်ပြောင်းလဲရေးဖိုရမ်ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ စက်မှုဝန်ကြီးဌာနအဆောက်အအုံ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဥက္ကဋ္ဌက ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြီးခဲ့သည့် ရွေးကောက်ပွဲမှ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ကာ ပိုမိုပြည့်စုံသောရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ၂၀၁၇ ခုနှစ်အတွင်း ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများကိုလည်း အားနည်းချက်များ နည်းနိုင်သမျှ နည်းစေရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ထိုသို့ ပိုမိုပြည့်စုံသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ယနေ့ကျင်းပသည့် ဖိုရမ်မှဆွေးနွေးမှုရလဒ်များသည် မိမိတို့ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအတွက် များစွာအထောက်အကူပြုနိုင်သည်ဖြစ်ရာ အကြံပြုဆွေးနွေးပြောကြားရန် ဖိတ်ခေါ်ပါကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ဖိုရမ်တွင် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းနှင့်စပ်လျဉ်းသည့် နိုင်ငံတကာအတွေ့အကြုံများကို ဝေမျှရာတွင် ပါကစ္စတန်နိုင်ငံ ရွေးကောက်ခံလွှတ်တော်အမတ်တစ်ဦး၏အမြင်၊ အိန္ဒိယနိုင်ငံရွေးကောက်ပွဲစီမံခန့်ခွဲမှု အဖွဲ့အစည်းအတွင်းရှိ အဖွဲ့ဝင်တစ်ဦး၏ အမြင်နှင့် သီရိလင်္ကာနိုင်ငံမှ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ အမြင် စသည်တို့ကို ပါကစ္စတန်၊ အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့၏ အတွေ့အကြုံများနှင့်အတူ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။




ထို့ပြင် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် စိန်ခေါ်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံ ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ လည်းကောင်း တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါဖိုရမ်သို့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်လေ့လာသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပဉ္စမအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကျင်းပ
# အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရန်အတွက် မူဘောင်ရေးဆွဲရေးနှင့် ပြင်ဆင်မှုများပြုလုပ်

သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်

**ရန်ကုန် စက်တင်ဘာ ၁၆**
အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် အတွက် ပဉ္စမအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲတွင် ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် "ဖေဖော်ဝါရီလမှာကျင်းပမယ့် ဒုတိယ အစည်းအဝေး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု မတိုင်ခင်မှာ အမျိုးသားနိုင်ငံရေးအဆင့်ဆွေးနွေးပွဲတွေကို အားလုံးကျယ်ကျယ်ပြန့်ပြန့်နဲ့ ပါဝင်လုပ်ဆောင်ဖို့ ဖြစ်ပါတယ်။ အထူးသဖြင့် ဒုတိယအကြိမ် အစည်းအဝေးကျရင် ပထမအကြိမ်ထက်ပိုတဲ့ ဆုံးဖြတ်ချက်တွေချမယ်။ ဒီအခါမှာ ပိုပြီးအရေးကြီးပြီး ပထမအကြိမ်ထက် ပြည်သူလူထုရဲ့ စိတ်ဝင်စားမှုက ပိုများလာပါမယ်။ မူဘောင်ထဲကနေဆိုင်တဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို အောက်တိုဘာလမှာ စတင်ဆွေးနွေးနိုင်မယ်လို့ မျှော်လင့်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကညီနောင်တွေနဲ့ ရှေ့ဆက်ပြီး ရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို သွားကြမယ်ဆိုပြီး အခုလို ဝိုင်းဝန်းဆွေးနွေးကြပြီး တကယ့်ကိုအရေးကြီးတဲ့ နောက်တစ်ဆင့်ဖြစ်တဲ့ နိုင်ငံရေးဆွေးနွေးမှုအတွက် မူဘောင်တွေကို ချမှတ်နိုင်ဖို့ အားလုံးဝိုင်းဝန်းဆွေးနွေးပေးကြပါ" ဟု ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား UPDJC အတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက "နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီးတဲ့နောက်မှာ နိုင်ငံရေးဆွေးနွေးမှုမှာ အားလုံးပါဝင်ရေးဆိုတဲ့မူကို အခြေခံပြီးတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အားလုံးပါဝင်နိုင်ဖို့အတွက် နည်းလမ်းတွေ ချမှတ်ခဲ့ပါတယ်။ ညီလာခံပြီးရင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်မယ်။ နောက်ခြောက်လအကြာမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ထပ်မံကျင်းပမယ်။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို စတင်လိုက်ခြင်းအားဖြင့် ပြည်သူလူထုပါဝင်မှုဆိုတဲ့ အားလုံးပါဝင်လာတဲ့သဘော လက်တွေ့ဖြစ်လာမှာ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့အသံ၊အမြင်သဘောထား၊ တိုင်းရင်းသားတွေရဲ့ အသံ၊ သဘောထားတွေရရှိရင် သူတို့ရဲ့ အမြင်သဘောထားတွေကလည်း ပိုမိုမြင့်မားလာမှာ ဖြစ်ပါတယ်။ ပထမအဆင့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို စတင်နိုင်ဖို့ ကျွန်တော်တို့ လိုအပ်တဲ့ ပြဋ္ဌာန်းချက်တွေကို ဆုံးဖြတ်ပြီး သဘောထားရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ဆွေးနွေးတဲ့နေရာမှာ လက်တွေ့ကျပြီး တကယ့်ပကတိအနေအထားနဲ့ ကိုက်ညီတဲ့ နိုင်ငံရေးဆွေးနွေးမှုမူဘောင်ကို အခြေခံပြီး လုပ်ငန်းလမ်းညွှန်ကို ဆွေးနွေးမှာဖြစ်တဲ့အတွက် စနစ်ကျတဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ဆွေးနွေးနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။


ပဉ္စမအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးတွင် ဒေါက်တာ တင်မျိုးဝင်း အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ဆက်လက်၍ နိုင်ငံရေးပါတီအစုအဖွဲ့မှ UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေက "ငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကို အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ဖို့အတွက် မူဘောင်ကိုပြန်လည်သုံးသပ်ပြီး ကျွန်တော်တို့ ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒီကိစ္စဟာ တိုင်းပြည်အတွက် အင်မတန်အရေးပါတဲ့ အခန်းကဏ္ဍဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဟာ ငြိမ်းချမ်းရေးရဖို့အတွက်ပါ။ ငြိမ်းချမ်းရေးမှသည် ဒီမိုကရေစီထွန်းကားရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရေးဖြစ်တာကြောင့် သိပ်အရေးကြီးပါတယ်။ ဒီမိုကရေစီကျင့်ဝတ်နဲ့ ကိုယ်ကျင့်တရားတွေ ထိန်းသိမ်းဖို့လည်း အများကြီးလိုပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်တဲ့ နေရာမှာလည်း နိုင်ငံရဲ့အတိတ်သမိုင်းကို သိဖို့လိုသလို လက်ရှိအခြေအနေကိုလည်း မှန်မှန်ကန်ကန် သုံးသပ်ဖို့ လိုပါတယ်"ဟု ပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှုမူဘောင်သုံးသပ်ချက်အဖြစ် NCA စာချုပ်ပါ အခန်း(၄)အား ပြန်လည်သုံးသပ်ဆွေးနွေး၍ သဘောတူညီမှုရရှိခဲ့ပြီး အခန်း (၅)တွင်ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များကိုလည်း ဆွေးနွေး၍ အများစုကို သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။

UPDJC ၏အတွင်းရေးမှူးဖြစ်သူ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "အားလုံးပြန်ပြီး သုံးသပ်ဆွေးနွေးတဲ့နေရာမှာ အခန်း(၄)ကို ပြန်ပြီးတော့ ဆွေးနွေးပြီး သဘောတူပါတယ်။ အခန်း (၅)မှာပါတဲ့ အကြောင်းအရာတွေက အားလုံးနီးပါး ဆွေးနွေးပြီး သဘောတူထားပါတယ်။ နောက်ထပ် ထပ်ပြီး ထည့်သွင်းဆွေးနွေးချင်တဲ့ အရာတွေကို ဘယ်ပုံစံနဲ့ဆွေးနွေးမယ်ဆိုတဲ့ အသေးစိတ်ဆုံးဖြတ်ချက် လေး၊ငါးခုကိုလည်း ပြန်ပြီးတော့ ချမှတ်နိုင်တယ်။ အောင်မြင်မှုရှိတဲ့ ဆွေးနွေးပွဲလို့ပြောချင်တယ်။ မနက်ဖြန်မှာကျွန်တော်တို့ ဆက်လက်ဆွေးနွေးမယ်။ အဲဒီမှာတော့ အမျိုးသားနိုင်ငံရေးအဆင့် ဘယ်ပုံစံနဲ့ ဆွေးနွေးမလဲ ဆိုတဲ့ကိစ္စ ဆွေးနွေးမှာဖြစ်တယ်" ဟု အစည်းအဝေးအပြီးတွင် ပြောကြားခဲ့သည်။

အစည်းအဝေးတွင် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲအတွက် အစိုးရဘက်တွင် ဒေါက်တာမင်းဇော်ဦး၊ ဦးလှမောင်ရွှေ၊ ဗိုလ်မှူးချုပ်စိန်ထွန်းလှ ၊ နိုင်ငံရေးပါတီဘက်တွင် စိုင်းကျော်ညွန့်၊ တာလှဖေ၊ ဦးကျော်ဇေယျာဦးနှင့် တိုင်းရင်းသားလက်နက်ကိုင်များဘက်တွင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ရဲဘော်မျိုးဝင်း၊ ဦးခွန်မြင့်ထွန်းတို့ ပါဝင်သည့် ကိုးဦးပါ အဖွဲ့တစ်ခုဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် မူဘောင်ပြန်လည်သုံးသပ်ခြင်းဆိုင်ရာအစည်းအဝေးနှင့်ပတ်သက်၍ ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) မတက်ရောက်ခဲ့သည့်အပေါ် ဒေါက်တာတင်မျိုးဝင်းက "ကျွန်တော်တို့က Framework Review မှာသူတို့တင်ပြတဲ့အချက်တွေကို စက်တင်ဘာ ၁၅ ရက်နေ့မှာဆွေးနွေးမယ်။ ၁၆၊ ၁၇ မှာ မူဘောင်သုံးသပ်မယ်လို့ ပြောပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုလည်း တင်ပြပြီး ခွင့်ပြုချက်ကို ကျွန်တော်တို့ တောင်းခံခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီ ပြန်ကြားလာတာက သူတို့ရဲ့ ဆွေးနွေးချက်က မပြီးပြတ်သေးလို့ ၁၅ ရက်နေ့မှာ မလာနိုင်ခဲ့ပါဘူး"ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက နိုင်ငံရေးဆွေးနွေးပွဲများစတင်ကျင်းပရန်အတွက် "သမ္မတ ဦးသိန်းစိန်လက်ထက်မှာ သူ့ကို နှုတ်ဆက်တဲ့အနေနဲ့ ကျွန်တော်တို့ ညီလာခံတစ်ခုလုပ်တယ်။ ဘာမှမဆွေးနွေးလိုက်ရဘူး။ အခု အစိုးရသစ်တက်လာတော့ သူ့ကို ကြိုဆိုတဲ့အနေနဲ့ ကျွန်တော်တို့ ညီလာခံတစ်ခုလုပ်တယ်။ ဘာမှ မဆွေးနွေးနိုင်ဘူး။ အခု ဖေဖော်ဝါရီမှာ လုပ်မယ့် လာမယ့် ညီလာခံမှာတော့ ကျွန်တော်တို့သေသေချာချာ ပြင်ဆင်ပြီးတော့ ဆွေးနွေးချင်တယ်။ အဲဒီလိုဆွေးနွေးမယ်ဆိုရင်လည်း အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှာ ဒေသအလိုက်၊ အကြောင်းအရာအလိုက်၊ လူမျိုးအလိုက် ဆွေးနွေးပွဲတွေ ကျွန်တော်တို့ မလုပ်လို့မရဘူး။ ဒါကိုလုပ်ဖို့ ကျွန်တော်တို့ အနည်းဆုံး သုံးလလောက် အချိန်ယူရမယ်။ နှစ်ပေါင်း ၆၀ မှာမှ ဒီတစ်ခါသာရလာတဲ့ နိုင်ငံရေးဆွေးနွေးပွဲကို လက်လွတ်သွားရမှာ စိုးရိမ်တယ်။ အရင်လို ကြိုဆိုပွဲတွေ၊ နှုတ်ဆက်ပွဲတွေ မဟုတ်တော့ဘူး။ တကယ့်နိုင်ငံရေးတိုက်ပွဲလုပ်တော့မယ်ဆိုရင် NCA စာချုပ်မှာပါတဲ့ အခြေအနေအရကော၊ ကျွန်တော်တို့ ပြင်ဆင်ထားတဲ့ မူဘောင်အရကော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက ဆွေးနွေးချက်တွေကို စုစည်းဖို့လိုတယ်" ဟုပြောသည်။

ယနေ့ပြုလုပ်သည့် ပဉ္စမအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် ၁၅ ဦး၊ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ် ၁၆ ဦးနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၁၅ ဦးတက်ရောက်ခဲ့သည်။

# ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ မြစ်ဆုံစီမံကိန်းနေရာ ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား စက်တင်ဘာ ၁၆

**ဧရာဝတီမြစ်ဆုံ မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် မြစ်ဆုံဆည်တည်ဆောက်ရေးစီမံကိန်းနေရာနှင့် စီမံကိန်းကြောင့် ပြောင်းရွှေ့နေရာချထားပေးခဲ့သည့် စံပြကျေးရွာများသို့ သွားရောက်၍ လေ့လာစုံစမ်းမှုများ ဆောင်ရွက်ကြသည်။**

ရှေးဦးစွာ ကော်မရှင်အဖွဲ့ဝင်များသည် မြစ်ဆုံဆည်တည်ဆောက်မည့် စီမံကိန်းဧရိယာအတွင်းမှ ပြောင်းရွှေ့နေရာချထားသည့် အောင်မြင်သာစံပြကျေးရွာအတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်း၌ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ကျောင်းအဆောက်အအုံ အခြေအနေနှင့် ပညာသင်ကြားရေးအခြေအနေတို့ကို မေးမြန်းခဲ့ကြသည်။

ယင်းနောက် မြစ်ဆုံအပန်းဖြေစခန်း၌ အပန်းဖြေစခန်းအဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေနှင့် စပ်လျဉ်း၍ မြစ်ဆုံဧရိယာအတွင်းရှိ ဒေသခံများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့အား တွေ့ဆုံမေးမြန်းခဲ့ပြီး မြစ်ဆုံဆည်တည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်း၌ တန် ၃၀၀ ခံနိုင်ဝန်ရှိတံတားတည်ဆောက်သည့် နေရာနှင့် ဆည်တည်ဆောက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ SPIC ကုမ္ပဏီတာဝန်ခံများ၏ ရှင်းလင်းမှုများကို ပြန်လည်မေးမြန်းခဲ့ကာ ကုမ္ပဏီအစည်းအဝေးခန်း၌ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ကော်မရှင်အဖွဲ့ဝင်များသည် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ စီမံကိန်းဧရိယာအတွင်း ရေလွှဲဆောင်ရွက်မည့်နေရာနှင့် ဓာတ်အားခွဲရုံအတွင်း ချီဖွေငယ်ရေအားလျှပ်စစ်မှ ဓာတ်အားပို့လွှတ်မှုကို မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်များသို့ ထပ်ဆင့်ထုတ်လွှတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ဝိုင်းမော်မြို့နယ်အတွင်းရှိ စီမံကိန်းကြောင့် ဒေါင်ပန်၊ ခပွါး၊



အောင်ဂျာယန်ကျေးရွာများအား ပြောင်းရွှေ့နေရာချထားပေးသည့် မလိယန်စံပြကျေးရွာ၌ ဒေသခံများနှင့်တွေ့ဆုံပြီး လူမှုစီးပွား အခြေအနေများနှင့် ပြန်လည်ထူထောင်ရေး အခြေအနေများ၊ အခြေခံလိုအပ်ချက်များနှင့် ကုမ္ပဏီ၏ အထောက်အပံ့ရရှိမှုအခြေအနေများကို မေးမြန်းခဲ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။**(ပြည်နယ်ပြန်/ဆက်)**

**✱ ကျောဖုံးမှ**

ဒေသခံများနှင့် ဆင်နှစ်ကောင်ကို ပြန်လည်ကယ်ဆယ်နိုင်ခဲ့ပြီး တိုက်ပွဲဖြစ်စဉ်တွင် နားမကြားသေဆုံးခဲ့သည်။

အဆိုပါတိုက်ပွဲဖြစ်စဉ်နှင့်ပတ်သက်၍ KKO(ခွဲထွက်)အဖွဲ့က နိုင်ငံတော်နှင့် တပ်မတော်အပေါ် အတိအလင်း စစ်ကြေညာသည့် သဘောသက်ရောက်သည့် ထုတ်ပြန်ကြေညာချက်(၃/၂၀၁၆)ကို ထုတ်ပြန်ခဲ့သကဲ့သို့ စက်တင်ဘာ ၃ ရက်တွင် မြိုင်ကြီးငူ- မဲသဝေါကားလမ်း ရင်းပိုင်တံတား လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းနှင့် ရင်းပိုင်-မဲဆိပ်နယ်မြေရှိ နယ်ခြားစောင့်တပ်စခန်းများကို လက်နက်ကြီးဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ စက်တင်ဘာ ၄ ရက်မှ စက်တင်ဘာ ၈ ရက်အထိ တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့်တပ်စခန်းများကို လက်နက်ကြီးဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ကော့ကရိတ်မြို့ မီးသတ်ဦးစီးဌာနတွင် မိုင်းထောင်ဖောက်ခွဲခြင်းများ ဆက်လက်ဆောင်ရွက်လာခဲ့သဖြင့် စက်တင်ဘာ ၁၁ ရက်တွင် ဝါးဘိုးတောင်-ကျုံထော်နယ်မြေနှင့် မဲသဝေါနယ်မြေသို့ အကန့်အသတ်ရည်မှန်းချက်သတ်မှတ်ကာ တပ်သွင်းရှင်းလင်းခဲ့ရာ စက်တင်ဘာ ၁၅ ရက်အထိ တိုက်ပွဲ ၁၃ ကြိမ် ဖြစ်ပွားခဲ့သည်။

တပ်မတော်အနေဖြင့် နယ်မြေအကန့်အသတ်ဖြင့် ရှင်းလင်းခြင်းအပေါ် အချို့သော အဖွဲ့အစည်းများမှ မြေပြင်ဖြစ်စဉ်ဖြစ်ရပ်များကို မျက်ကွယ်ပြုလျက် NCA နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုကိုသော်လည်းကောင်း၊ ဒေသခံပြည်သူများ၏ ငြိမ်းချမ်းရေးဆိုင်ရာနားလည်မှုနှင့် ယုံကြည်မှုပျက်ပြားမှုကို စိုးရိမ်သည့်အနေဖြင့်သော်လည်းကောင်း သဘောထားအသီးသီး ထုတ်ပြန်နေကြကြောင်း တွေ့ရှိရပါသည်။ တပ်မတော်အနေဖြင့် NCA စာချုပ်ပါ အချက်အလက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိသည့်အပြင် ယခု နယ်မြေအကန့်အသတ်နှင့် ရှင်းလင်းသည့်နေရာမှာလည်း KKO (ခွဲထွက်)အဖွဲ့များ အခြေပြုလှုပ်ရှားလျက်ရှိသည့် မြိုင်ကြီးငူမှ မဲသဝေါအထိ ကားလမ်းတစ်လျှောက်သာဖြစ်သည့်အပြင် တိုက်ပွဲနယ်မြေအတွင်းမှ ခေတ္တတိမ်းရှောင်လာသည့် ပြည်သူ ၃၈၇၄ ဦးတို့အား မြိုင်ကြီးငူဒေသတွင် ခေတ္တနေရာချလျက် ဆေးဝါးကုသပေးခြင်း၊ ထောက်ပံ့ကူညီခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

**◆ မြန်မာယူ-၁၉ မှ**

မြန်မာယူ-၁၉ အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့ပြီး ရွှေကို၊ အောင်ကောင်းမာန်၊ ဇွဲသက်ပိုင် တိုက်စစ်အတွဲကို အသုံးပြုခဲ့သည်။ ပွဲအစတွင် ကစားကွက်တည်မရသေးသည့် မြန်မာအသင်းကို လာအိုအသင်းက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ လာအိုအတွက် ဦးဆောင်ဂိုးကို ခုနစ်မိနစ်တွင် မာတီးက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ မိနစ် ၂၀ တွင် မြန်မာအသင်းချေပဂိုးပြန်ရခဲ့ပြီး ရွှေကိုက ပင်နယ်တီဧရိယာထောင့်မှ လှလှပပကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပွဲကိုစိုးမိုးသွားပြီး ၂၂ မိနစ်နှင့် ၄၅ မိနစ်တို့တွင် အောင်ကောင်းမာန်၊ ၂၈ မိနစ်တွင် ရွှေကိုတို့က ဂိုးများထပ်မံသွင်းယူခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေသည်။ ဒုတိယပိုင်းအစတွင် လာအိုအသင်းက တိုက်စစ်မြှင့်ကစားလာပြီး ၅၃ မိနစ်နှင့် ၅၆ မိနစ်တို့တွင် မာတီးက ချေပဂိုးနှစ်ဂိုး ဆက်တိုက်ပြန်သွင်းခဲ့သည်။ ဂိုးများဆက်တိုက်ပေးခဲ့ရသောကြောင့် မြန်မာအသင်းစိုးရိမ်စိတ်များသွားသလို ၇၃ မိနစ်တွင် မြင့်ထွန်းနိုင် နှစ်ဝါ-တစ်နီဖြင့် အထုတ်ခံရ၍ ခက်ခက်ခဲခဲကစားခဲ့ရသည်။ လာအိုအသင်းအတွက် စတုတ္ထဂိုးကို ပွဲပြီးခါနီးတွင် ဆွန်သာနာလေက သွင်းယူခဲ့သည်။

အုပ်စု(ခ)အခြားပွဲတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဩစတြေးလျအသင်းက အင်ဒိုနီးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ သုံးပွဲဆက်အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ သုံးပွဲစီကစားအပြီးတွင် ဩစတြေးလျနှင့် ထိုင်းက ကိုးမှတ်စီ၊ မြန်မာအသင်းက လေးမှတ်၊ ကမ္ဘောဒီးယားအသင်းက သုံးမှတ်၊ လာအိုက တစ်မှတ်၊ အင်ဒိုနီးရှားက အမှတ်မရသေးပေ။ နှစ်ပွဲစီကစားရန် ကျန်ရှိသေးပြီး လာအိုနှင့် အင်ဒိုနီးရှားအသင်းမှာ အုပ်စုအဆင့်မှ ထွက်ရန်သေချာသွားပြီဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

# တပ်ကုန်း-ပင်လောင်းလမ်းတွင် သေဆုံးခဲ့သော ဇနီးမောင်နှံနှစ်ဦး၏အမှုကို စုံစမ်းစစ်ဆေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

တပ်ကုန်း-ပင်လောင်းကားလမ်းတွင် စက်တင်ဘာ ၁၃ ရက် ညပိုင်းက ဇနီးမောင်နှံနှစ်ဦးအသတ်ခံရ၍ သေဆုံးခဲ့ကြောင်း တပ်ကုန်းမြို့နယ် ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်တွင် အဆိုပါလမ်း၏ မိုင်တိုင်အမှတ် (၈/၄) အနီးရပ်ထားသော ကားအတွင်း၌ ဗိုလ်မှူး ဝေဖြိုးအောင်ဆိုသူမှာ ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ၎င်း၏ဇနီးဖြစ်သူ ဒေါက်တာခင်စန္ဒီကျော်မှာလည်း ၎င်းအခင်းဖြစ်ပွားရာနေရာနှင့် သုံးမိုင်ခန့်အကွာ မိုင်တိုင်အမှတ် (၅/၁)နှင့် (၅/၂)ကြားတွင် ဓားဒဏ်ရာ ၃၁ ချက်ဖြင့် သေဆုံးလျက် စက်တင်ဘာ ၁၄ ရက် ညနေ ၅ နာရီတွင်တွေ့ရကြောင်း သိရသည်။

သေဆုံးသူ ဒေါက်တာခင်စန္ဒီကျော်အား ရည်စူး၍ ၎င်း၏မိသားစုဝင်များက ခရစ်ယာန်ဘာသာ ထုံးစံအတိုင်း အလောင်းတွေ့ရှိရာနေရာတွင် ယနေ့နံနက် ၁၁ နာရီက စိန့်မိုက်ကယ်ဘုရားကျောင်းမှ သင်းအုပ်ဆရာနှင့် ဆုတောင်းမေတ္တာပို့သခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်အား သိရှိရသည်မှာ စက်တင်ဘာ ၁၃ ရက် ည ၉ နာရီခွဲခန့်က ဗိုလ်မှူး ဝေဖြိုးအောင်မှာ ညီဖြစ်သူ ဦးအောင်ဖြိုးနှင့် ဖုန်းပြောနေစဉ် “ငါ့ကိုဓားနဲ့ထိုးတယ်”ဟု အလန့်တကြားအော်ဟစ်ပြီး ဖုန်းအဆက်အသွယ် မရတော့ကြောင်း၊ ဦးအောင်ဖြိုးက ၎င်း၏မိခင်ဖြစ်သူ ဒေါ်မမကြီးထံ ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့သဖြင့် သားဖြစ်သူအား လိုက်လံရှာဖွေရာ တပ်ကုန်း-ပင်လောင်းလမ်းပေါ်တွင် သားဖြစ်သူ၏ကား CIVIC-Hybrit ခဲရောင်ကို တွေ့ရှိခဲ့ကြောင်း၊ အဆိုပါကားပေါ်တွင် သားဖြစ်သူ၏လည်ပင်းတွင် ထိုးသွင်းဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရသည့်အပြင် သေဆုံးသူ၏ ငါးနှစ်အရွယ်သမီးမှာ အိပ်ပျော်လျက်တွေ့ရှိခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ သားဖြစ်သူအား ဓားဖြင့်ထိုးခဲ့သူဟု ယူဆရသည့် ချွေးမဖြစ်သူ ဒေါက်တာခင်စန္ဒီကျော်အား ဥပဒေအရ အရေးယူပေးပါရန် စက်တင်ဘာ ၁၄ ရက်က မိခင်ဖြစ်သူ ဒေါ်မမကြီးက တရားလိုပြုလုပ်ပြီး တပ်ကုန်းမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

သေဆုံးသူ ဒေါက်တာခင်စန္ဒီကျော်၏အစ်မဖြစ်သူကလည်း နေပြည်တော်သို့ ရောက်ရှိတည်းခိုနေစဉ် ဗိုလ်မှူးဝေဖြိုးအောင်၏ ညီမဖြစ်သူက ဗိုလ်မှူးဝေဖြိုးအောင် သေဆုံးကြောင်း ဖုန်းဆက်အကြောင်းကြားရာမှ သေဆုံးသူ၏မိခင်နှင့်အတူ လိုက်လံရှာဖွေရာ ဒေါ်ခင်စန္ဒီကျော်၏အလောင်းကို ထပ်မံတွေ့ရှိရခြင်းဖြစ်သည်။

အဆိုပါအမှုကို တပ်ကုန်းမြို့မရဲစခန်းက အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်စုံစမ်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

■



# (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု နေပြည်တော်စည်ပင်သာယာရေးရဲတပ်ဖွဲ့ စုပေါင်းသွေးလှူ

**နေပြည်တော် စက်တင်ဘာ ၁၆**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် စည်ပင်သာယာရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဒုရဲမှူးကြီး မောင်မောင်မြင့် ဦးဆောင်၍ အရာရှိ အရာခံတပ်ဖွဲ့ဝင်များက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်အောက်ရှိ နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးသို့ စုပေါင်းသွေးလှူဒါန်းကြရာ နေပြည်တော် ခုတင်(၁၀၀၀)မှ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာ အောင်လင်းအေးက သွေးများလက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

နေပြည်တော် စည်ပင်သာယာရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဒုရဲမှူးကြီး မောင်မောင်မြင့်က မိမိတို့တပ်ဖွဲ့ဝင်များအနေဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**(၁၀၇)**

■

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇူလိုင်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၃၄ ဒသမ ၃၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၀ ဒသမ ၀၇ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈၄ ဒသမ ၄၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၄၇ ဒသမ ၅၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၉၉ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉၂ ဒသမ ၅၃ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇူလိုင်လအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀၇၆ ဒသမ ၉၉ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၀၈ ဒသမ ၀၇ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၆၀ ဒသမ ၆၂ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၂၄ ဒသမ ၈၈ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၅၈၅ ဒသမ ၅၀ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမျာ အမေရိကန်ဒေါ်လာ ၄၀၇၁ ဒသမ ၀၆ သန်း ၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၉၉ ဒသမ ၃၈ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၉၇၀ ဒသမ ၄၄ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၈၅၅၅ ဒသမ ၉၄ သန်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၃၈၄ ဒသမ ၉၄ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**(ကြေးမုံ)**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက်တွင် ရထားရဲတပ်ဖွဲ့ အမှတ်(၁၈)တပ်ခွဲ တောင်တွင်းကြီး တပ်ခွဲမှူး ရဲအုပ် စန်းထူးနိုင် ဦးစီး၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ သမိုင်းဝင်“အောင်မြင်ဇေယျ ရွှေအင်းတောင်” စေတီတော်မြတ်ကြီးဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။ (ကြေးမုံ)



# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

**(ယမန်နေ့မှအဆက်)**

| | | | |
|---|---|---|---|
| ၄၁ | ချစ်ဦးညို | ရာဇဓိတာနှင့် သမိုင်းဝင်မိန်းမသားများ | ၅၅၀၀ိ/-ခူဝံစာပေ |
| ၄၂ | ဓမ္မာဂရိ | ရဟန်းနှင့်သေနတ်နှင်းဆီ | ၂၅၀၀ိ/-ဇွန်ပွင့်စာပေ |
| ၄၃ | စမ်းစမ်းနွဲ့(သာယာဝတီ) | စကားမပြောနဲ့တဲ့မောင် | ၂၀၀၀ိ/-လင်းလွန်းခင်စာပေ |
| ၄၄ | ဒေါက်တာထွန်းဝင်း | လောကကြီးကိုဉာဏ်ပညာဖြင့်စီမံခန့်ခွဲခြင်းဗျူဟာများ | ၂၃၀၀ိ/-စိတ်ကူးချိုချို |
| ၄၅ | မောင်ခင်မင်(ဓနုဖြူ) | မေတ္တာနှလုံးသားပုံရိပ်များ | ၁၅၀၀ိ/-ခဝါလှေမွန် |
| ၄၆ | ဦးထွန်းမြင့်(တောင်ကြီး) | ရှမ်းနိုင်ငံရေးသမားတစ်ဦး၏ သဲတစ်ပွင့်အုတ်တစ်ချပ် | ၅၀၀၀ိ/-လောကသစ်စာပေ |
| ၄၇ | နရီမင်း | ဂမ္ဘီရအပြားနှင့်ကဗျာများ | ၁၅၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၄၈ | ဦးတင့်အောင်(ပျဉ်းမနား) | ကာလနဂါး (၁၂)ပါး 12-Tenses | ၂၅၀၀ိ/-ရွက်စိမ်း |
| ၄၉ | ဇင်မျိုး | ဒေါ်နယ်ထရန့် | ၈၀၀ိ/- စိတ်ကူးချိုချို |
| ၅၀ | ကလောင်စုံ | ကိုယ်ကျင့်နှင့်သိက္ခာ | ၂၈၀၀ိ/-စာပေခရီးသွား |
| ၅၁ | NyoHtun Lu | HsaiTaung Nights And other stories | ၂၀၀၀ိ/- |
| ၅၂ | Than Tun | Myanmar Oil industry and its Future | ၃၀၀၀ိ/- |
| ၅၃ | ဦးတင့်အောင် (ပျဉ်းမနား) | Three Letter Words Collection | ၁၀၀၀ိ/- ရွက်စိမ်း |
| ၅၄ | ဦးဖိုးကျား | ဦးဖိုးကျားကိုယ်တွေ့ဝတ္ထုတိုများ | ၂၇၀၀ိ/-စိတ်ကူးချိုချို |
| ၅၅ | မိုးသိမ်း | သိပ္ပံပညာကျော်-၁၀၀ | ၂၅၀၀ိ/-မဇ္ဈိမ |
| ၅၆ | ပြန်ကြားရေးဝန်ကြီးဌာန | တေးရေးပညာရှင်ကြီးများ၏ နှောင်းခေတ်ကာလ | ၂၀၀၀ိ/-နိုင်ငံ့ဂုဏ်ရည် |
| ၅၇ | သထုံဘုန်းပါ | ဗုဒ္ဓခေတ်ကြုံ ဘဝဇာတ်ခုံ | ၁၀၀၀ိ/-ရန်အောင်စာပေ |
| ၅၈ | ရွှေကြယ်မိုး၊ အရင့်ရောင် | လျှို့ဟူသန်း၊ဆိုင်းလုရာ | ၁၀၀၀ိ/-ကျားချောင်း |
| ၅၉ | ဝင်းတင့်ထွန်း | မလင်းနိုင်သေးတဲ့ဗမာပြည်လင်းတော့မှာလားဗမာ့ပြည် | ၁၃၀၀ိ/-မိုးလုံးမှိုင်း |
| ၆၀ | သက်ထားခင် | မနိုးချင်တဲ့အိပ်မက်ထဲမှာမပျော်ပါနှင့် | ၃၀၀၀ိ/-ပြည်မြန်မာ |
| ၆၁ | မောင်ရဲခိုင် | တော်လှန်ရေးအပြီး ဒီမိုကရေစီနှင့်ကိုယ်ကျင့်တရားမူဝါဒ | ၁၀၀၀ိ/-ယဉ်မျိုးစာပေ |
| ၆၂ | မိုးသိမ်း | ခေါင်းဆောင် ၁၀၀ | ၂၅၀၀ိ/-မဇ္ဈိမစာပေ |
| ၆၃ | ညီညီနိုင် | ရွှေတံခါးကြီးဖွင့်လိုက်ပြီ | ၂၅၀၀ိ/-ပြည်မြန်မာ |
| ၆၄ | ဇာနည်ဇေယျ | ပေါ်တာ -. . အကျဉ်းစံပေါ်တာ | ၂၀၀၀ိ/-တော်ဝင်ရတနာ |
| ၆၅ | ဦးကောဝိဒ(ရေစကြို) | ခုနစ်ပင်ခြောက်ခန်းနောက်ရဟန်း | ၁၅၀၀ိ/-သဇင်စာပေ |
| ၆၆ | အရိုး | အရိုးဆိုသည်မှာ (၃) | ၂၅၀၀ိ/-အိမ်သူရွှေစာပေ |

## ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ "ခေတ်ဟောင်းတေး/ကာလပေါ်တေး"**

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား)**
- (က) ရေလိုအေးတဲ့နွေလေး တစ်နွေ (စန္ဒရားချစ်ဆွေ)
- (ခ) တောသားကြီး (ခင်မောင်ရင်)
- (ဂ) စိမ့်ကြီးမြိုင်ကြီး (ကိုအံ့ကြီး)
- (ဃ) ဗုဒ္ဓသာသနာရောင် (ဥသြဘသောင်)
- (င) တောင်သမန် (နန်းတော်ရှေ့ဆရာတင်)
- (စ) ဘုံဓမ္မတာ (ဥသြဘသောင်)
- (ဆ) မိုး (ကိုမြကြီး)
- (ဇ) ပန်းစုံတဲ့တော (ခင်မောင်ရင်)
- (ဈ) မုန်းရစ်လေဦး (ကိုမင်းနောင်)
- (ည) မင်္ဂလာတော် (ဥသြဘသောင်)

**၂။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသမီး)**
- (က) ချစ်မိုးကြီး (ငွေးငွေးမြင့်)
- (ခ) မဟာတြိရတနာ (ရီရီသန့်)
- (ဂ) နီးအောင်ပင်လှမ်း (ဒေါ်ကြည်အောင်)
- (ဃ) ဂီတအခြေခံ (အဖွဲ့)
- (င) ပိတောက်လမ်း (မာမာအေး)
- (စ) နွှေဦးတေးသံ (မေလှမြိုင်)
- (ဆ) ဝေဿန္တရာ (ရီရီသန့်)
- (ဇ) သုံးရွှေ့လယ် (ဒေါ်ကြည်အောင်)
- (ဈ) မြိုင် (ရီရီသန့်)
- (ည) ဆယ့်နှစ်လရာသီ (မေမေဝင်း)

**၃။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)**
- (က) ငါ့အိမ် (ကိုမောင်မောင်အေး)
- (ခ) တစ်ဆောင်းသစ်ပြန်ပြီ (ကိုသန်းလှိုင်)
- (ဂ) စိမ်း (ကိုမြင့်ဆွေ)
- (ဃ) လွမ်းအိပ်မက်ကသံသရာရှည် (မောင်မောင်ကြီး)
- (င) ရွှေတိဂုံသမိုင်း (ဒေါ်ကြည်အောင်)
- (စ) ချစ်ရတုထံတျာ (ကိုလေးမြင့်)

**၄။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသမီး)**
- (က) စခန်းအောင်မြေ (တင်တင်မြ)
- (ခ) ကျေးစေတမန် (မေရှင်)
- (ဂ) နားလည်ပေးပါ (ထား)
- (ဃ) အာရောဂျံ (ဒေါ်ကြည်အောင်)
- (င) စိမ်းရောင်စို (လေဘာတီမြရင်)
- (စ) သားမောင်မောင် (တင်တင်မြ)

**၅။ အခြေခံပညာအဆင့်(အမျိုးသား)**
- (က) အမှတ်မထင် (မောင်ထွန်းမင်း)
- (ခ) မိုးကြိုတေးအလှ နယုန်လ (နေဖြူစိုးသိန်း)
- (ဂ) မေတ္တာမီးအိမ် (တွံတေးသိန်းတန်)
- (ဃ) ဖန်တီးသူတို့အပြုံးများ (ဂီတလုလင်ဦးကိုကို)

**၆။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)**
- (က) ဖူးရွှေလက်တင် (အေဝမ်းတင်တင်လှ)
- (ခ) မင်္ဂလာသတင်း (ညွှန့်ညွှန့်စိန်)
- (ဂ) ဘုတ်တလုတ်ကန် (ထား)
- (ဃ) နွှေမိုးဆောင်း (တင်တင်မြ)

**၇။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား)**
- (က) အောင်ပါစေမေတ္တာပို့ (အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်)
- (ခ) ဇာတိမာန် (ဥသြဘသောင်)
- (ဂ) ဖူးပွင့်ဝေစည်ဆယ့်နှစ်ရာသီ (ကိုသန်းလှိုင်)
- (ဃ) ဆုတောင်းပါလေ အိမ်သူဆွေ (ကိုမင်းနောင်)

**၈။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသမီး)**
- (က) လမြတ်တန်ဆောင် (ထား)
- (ခ) တစ်ကျော့နှစ်ကျော့တေးကိုသီ (တင်တင်မြ)
- (ဂ) ဖက်ဖူးဆင်ခင်ခင်ကြိုက်တယ် (ခင်သစ်လွင်)
- (ဃ) သူရကန်အရောင်မှိတ်သော်လည်း (မေလှမြိုင်)

**၉။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား)**
- (က) ကောင်းသောပညာ (ကိုဝင်းတင့်-မြန်မာ့အသံ)
- (ခ) အမေ့အကြောင်းသတင်းကောင်း (တွံတေးသိန်းတန်)
- (ဂ) အမေ့ပါးကသနပ်ခါး (တွံတေးသိန်းတန်)
- (ဃ) ဖြူနီညိုပြာ (ကိုတင်အောင်သန်း)

**၁၀။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသမီး)**
- (က) အဝေယျာဟောန္တု (သန်းသန်းဆင့်)
- (ခ) မြန်မာ့အားအင် (လီလီကြာညွှန့်)
- (ဂ) မိုးရေစက်ကလေးဥပမာတင် (ခင်စိုးဝင်း)
- (ဃ) ဗုဒ္ဓသာသနံစိရံတိဋ္ဌတု (ချိုပြုံး)

(ဆက်လက်ဖော်ပြပါမည်)

# တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ကုသရာတွင် OIE ၏ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးသင်တန်းဖွင့်




**နေပြည်တော် စက်တင်ဘာ ၁၆**

နယူးဇီလန်နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် OIE တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် "မြန်မာနိုင်ငံအလယ်ပိုင်း ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်"အား စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိရစ္ဆာန်ကူးစက်ရောဂါများ စောင့်ကြပ်စစ်ဆေးခြင်း၊ ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများတွင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) ၏ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးလုပ်ငန်းခွင် သင်တန်းဖွင့်ပွဲအား စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် Myat Taw Win Hotel၊ Ball Room ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် အမြဲတမ်းအတွင်းဝန်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အစားအစာဘေးကင်းလုံခြုံရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ တိရစ္ဆာန်အစာနှင့် ဆေးဝါးထိန်းချုပ်ရေး၊ ဒေသတွင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးလုံလောက်စွာ ထုတ်လုပ်နိုင်ရေး၊ တိရစ္ဆာန်ကူးစက်ရောဂါနှင့် နယ်စပ်ဖြတ်ကျော် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရေးအတွက် တိရစ္ဆာန်ကူးစက်ရောဂါများ စောင့်ကြပ်စစ်ဆေးခြင်း၊ ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများတွင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) ၏ စံသတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်နိုင်ရေး လုပ်ငန်းခွင်သင်တန်းအား နယူးဇီလန်နိုင်ငံအစိုးရအထောက်အပံ့ဖြင့် OIE မှ ပူးပေါင်းပါဝင် ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း။

တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် OIE ၏ စံသတ်မှတ်ချက်များနှင့်အညီ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သင်တန်းသား သင်တန်းသူ၊ ဦးစီးမှူးများနှင့် သုတေသနအရာရှိများအနေဖြင့် ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ OIE မှ SEACFMD Chair ဖြစ်သူ Dr. Gardner Murray က OIE အနေဖြင့် ကောင်းမွန်သည့်ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး တိရစ္ဆာန်ကူးစက်ရောဂါများ စောင့်ကြပ်စစ်ဆေးခြင်း၊ ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများတွင် စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးလုပ်ငန်းခွင် သင်တန်းများကြောင့် OIE Standard နှင့် သက်ဆိုင်သည့် ကိစ္စရပ်များအား မည်သို့ထောက်လှမ်းထိန်းချုပ်နိုင်မည်ကို Focus ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ များစွာသော နည်းပညာရပ်များနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်သွားရမည်ကို ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်းဖြင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သင်တန်းအား ဆက်လက်ကျင်းပရာ OIE မှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် နယူးဇီလန်နိုင်ငံ Massey University မှ ကျွမ်းကျင်ပညာရှင်များက တိရစ္ဆာန်ကူးစက်ရောဂါများ စောင့်ကြပ်စစ်ဆေးခြင်း၊ ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် OIE မှ သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များ၊ တိရစ္ဆာန်ကူးစက်ရောဂါနှင့် နယ်စပ်ဖြတ်ကျော်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအား ဟောပြောပို့ချကြသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ၊ ဦးစီးမှူးများနှင့် သုတေသနအရာရှိ ၃၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်(ရွှေဈေး) ၈၆၈၅၀၀ - ၈၆၈၅၀၀ မန္တလေး(ရွှေဈေး) ၈၆၈၅၀၀ - ၈၆၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၁၀/၆၂၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၄၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၀/၅၈၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၆ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၂၃.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၄.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၃.၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅.၀၇၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၅.၄၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၂၉၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၉၉.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈.၇၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၇.၅၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၇.၆၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၇- ၉ -၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၃၅ Hyper Sports

၈း၃၅ ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (မဟာဂီတ) (အခြေခံပညာအဆင့် (၁၅-၂၀)နှစ်) (အမျိုးသား၊ အမျိုးသမီး)

၈း၄၅ ပန်းပျိုးခင်း (အပိုင်း-၉)

၉း၃၅ Business News

၁၀း၃၅ ကဗျာရိပ်မြုံ "က ကာ ကား"

၁၁း၁၅ ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး(သလဲသီးနှင့် ဘောစကိုင်း)

၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်

၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ"(အပိုင်း-၁၀၂) (ဇာတ်သိမ်းပိုင်း)

၂း၂၀ ရုပ်ရှင်ရိုက်မယ် (လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာနိုင်ငံတကာ ရုပ်ရှင်ပွဲတော်) "What are Human Rigth" လူ့အခွင့်အရေး ဆိုတာဘာလဲ

၃း၃၅ အနုပညာသတင်းအစီအစဉ်

၄း၁၅ ၂၀၁၆ခုနှစ်(၂၂) ကြိမ်မြောက် မြန်မာ တိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေးသီချင်း) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)

၄း၃၅ NHK Programme "Mathematics with Computers" (The Hippocratic Crescents) (ဟစ်ပိုခရက်တစ်လခြမ်း ပုံမျဉ်းကွေးများ)

၅း၂၀ KARAOKE World Championships (KWC) Myanmar 2016 (level-1,Group-5)

6;35 Tasty Trip

၇း၁၅ "သူ" (အပိုင်း-၂၀) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မှုံနံ့သာ) (ဒါရိုက်တာ-ဘိုသန့်)

၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ

၈း၃၅ "အောင်မြင်မှုပန်းတိုင်ဆီချီတက်ပြည်သူ့အတွက်" (ထိန်းသိမ်းကာကွယ်သစ်တောပြုန်းတီးမှုအန္တရာယ်) (အပိုင်း-၂)

၉း၀၀ ပြည်တွင်းသတင်း -ဂီတတံခါးလေးဖွင့်ပါဦး -ဂီတသမား၊ ဂီတစကား (ရာဖြတ်ဦးမောင်ကလေး၏ တေးလက်ရာများ)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော် +ပရိတ်နိဒါန်း၊ မင်္ဂလသုတ်

၅း၄၀ "ကောင်းကံလုပ်မှကောင်းကြ" တရားတော်[ဆရာတော်အရှင်မေဃိယ (ရွှေသန်လျင်ဆရာတော်)]

၈း၀၀ Cartoon Series (English Play Ground)

၉း၀၀ Drive It

၁၀း၁၅ ခေတ်သစ်ပျိုမေ

၁၁း၀၅ Star တို့ရဲ့လက်ရာ

၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၂၉+၃၀)

၂း၂၀ World of Knowledge (Nazi Megastructure Super Tank)

၄း၄၀ ခေတ်သစ်ပျိုမေ

၅း၃၀ ခရီးသွားမှတ်တမ်း (တောင်ကိုရီးယားနိုင်ငံ၊ Gyeonju City)

၆း၁၀ Health Fix

၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၆၇)

၇း၁၀ Let's Talk

၇း၅၅ THE X-FACTOR MYANMAR

၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၂)

၁၀း၀၀ MUSIC LIVE Tonight

၁၀း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၃၁+၃၂)

၀၀း၁၀ MRTV-4 Stage

၀၀း၄၀ World Of Knowledge (Nazi Megastructure Super Tank)

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်

၇း၀၀ မေတ္တာပို့

၇း၁၀ ဓမ္မပူဇာတေး

၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား

၈း၀၅ အမျိုးသားရေးတေးကဗျာ

၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ

၉း၁၀ လူတိုင်းကျန်းမာသိမှတ်စရာ

၉း၃၅ ခရီးလည်းသွားစကားလည်းဆို

၉း၅၀ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ

၁၀း၃၀ Cooking Art

၁၀း၄၅ Happy Time

၁၁း၁၀ English For Myanmar

၁၁း၀၇ မျိုးချစ်တပ်မတော်

၁၁း၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး

၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - တကယ်ဆိုရင် သူထူးစံ၊ ထက်ထက်မိုးဦးနှင့် သရုပ်ဆောင်များ ဒါရိုက်တာ မောင်ဗေဒါ

၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသင်္ချေ အပိုင်း(၉၆)

၁၄း၃၀ သံစဉ်များနှင့်ကမ္ဘာ

၄း၂၅ မြန်မာသံစဉ်ချိုနားဝင်

၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ

၄း၅၀ သာယာသီကြွေး ခေတ်ဆန်းတေး

၅း၀၀ Run & Cook

၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၅၃)

၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း

၆း၁၀ စားဖိုဆောင်ချစ်သူ

၆း၃၅ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား

၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မစ္စကိုရီးယား အပိုင်း(၆) - လူရွှင်တော်စတား - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အကြင်နာမျက်ဝန်း အပိုင်း(၄)

# မာကျူရီဆု ဆွတ်ခူးခဲ့သည့် Grime ဂီတ တေးသံရှင် Skepta




"Godfather of grime" ဟု တင်စားကြသည့် Grime ဂီတ တေးသံရှင် Skepta အား ယူကေနှင့် အိုင်ယာလန်တို့မှ တစ်နှစ်အတွင်း အကောင်းဆုံး တေးအယ်လ်ဘမ်များကို ဂုဏ်ပြုချီးမြှင့်လေ့ရှိသည့် မာကျူရီဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

Skepta သည် ၎င်း၏ စတုတ္ထမြောက်အယ်လ်ဘမ် Konnichiwa ဖြင့် မာကျူရီဆုကို ရရှိခဲ့ခြင်းဖြစ်ပြီး ဆုရရှိခဲ့သည့် ပေါင် နှစ်သောင်းခွဲကို လူမှုရေး၊ ပညာရေးချို့တဲ့သောနေရာဒေသများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Skepta အနေဖြင့် Grime ဂီတ ရေရှည်တည်တံ့အောင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပြီး ယခုလက်ရှိတွင် လူငယ်လူရွယ်များပါ Grime ဂီတကိုစိတ်ဝင်စားလာစေရန် ၎င်းပိုင်ဆိုင်သည့် ခြံဝန်းဟောင်းတစ်ခုအတွင်းတွင် စတူဒီယိုစီမံကိန်းတစ်ခုကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

၎င်းသည် မာကျူရီဆုကို ရရှိခဲ့သည့် ဒုတိယမြောက် Grime တေးသံရှင်ဖြစ်ပြီး ၂၀၀၃ ခုနှစ်က Dizzee Rascal' က မာကျူရီဆုကို ရရှိဆွတ်ခူးခဲ့ဖူးသည်။

# စူပါမန်းဇာတ်ကားသည် သရုပ်ဆောင်ဖူးသမျှထဲတွင် အခက်ခဲဆုံးဖြစ်ကြောင်း မင်းသား အိုဂျီဟို ဖွင့်ဟ



တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် မင်းသား အိုဂျီဟိုသည် ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် Superman Returns တွင် သမီးဖြစ်သူနှင့်အတူ ပါဝင်သရုပ်ဆောင်ထားပြီး ယင်းသည် သရုပ်ဆောင်ဖူးသမျှ ဇာတ်ကားများထဲတွင် အခက်ခဲဆုံးဖြစ်ပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ "သမီးက ခုဒီဇာတ်ကားမှာမှစပြီး သရုပ်ဆောင်တာလေ။ သူ့ကို မထိခိုက်အောင် မနည်းဂရုစိုက်နေရတယ်။ အဲဒါကြောင့် အခြားဇာတ်ကားတွေရိုက်ကူးရတာထက် ပိုပင်ပန်းတယ်။ ကျွန်တော့်မှာ နားချိန်တောင် မရှိပါဘူး"ဟု မင်းသား အိုဂျီဟိုက ဆိုသည်။

မင်းသား အိုဂျီဟိုသည် ၂၀၀၆ ခုနှစ်က Couple or Trouble ဇာတ်ကား၊ ၂၀၁၀ ခုနှစ်က The Slave Hunters ဇာတ်ကားနှင့် ၂၀၁၃ ခုနှစ်က Queen of the Office ဒရမ်မာဇာတ်ကားတို့ဖြင့် ပရိသတ်ရင်ထဲ ပိုမိုရောက်ရှိလာခဲ့သူ သရုပ်ဆောင်တစ်ဦး ဖြစ်သည်။




# စက်တင်ဘာလ၏စောင့်ကြည့်ရမည့် ကေပေါ့ပ်အနုပညာရှင်များစာရင်းတွင် BLACKPINK ပါဝင်

မကြာမီလပိုင်းအတွင်းကမှ တောင်ကိုရီးယားအေဂျင်စီဝိုင်ဂျီမှ စင်တင်ပေးလိုက်သည့် အမျိုးသမီးကေပေါ့ပ်အဖွဲ့ BLACKPINK ကို အမေရိကန်နိုင်ငံထုတ် ရိုးလင်းစတုန်းမဂ္ဂဇင်းက စက်တင်ဘာလအတွက် စောင့်ကြည့်ရမည့် ကေပေါ့ပ်အနုပညာရှင်များစာရင်းတွင် တစ်ဖွဲ့အပါအဝင်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

BLACKPINK အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီဆူးက "မယုံကြည်နိုင်လောက်အောင်ပါပဲ၊ နောက်ဆုံးတော့ အချိန်အကြာကြီးစောင့်စားခဲ့ရတဲ့ ကျွန်မတို့ရဲ့အိပ်မက်တွေ အကောင်အထည်ဖော်နိုင်ခဲ့တာပါ။ရှေ့ဆက်ပြီးတော့ ပိုမိုအားပြင်းတဲ့ အရှိန်နဲ့ အမြင့်ဆုံးအောင်မြင်မှုတွေကို ဆက်လက်ရယူသွားဦးမှာပါ။ ဒါဟာ ပထမခြေလှမ်းပါပဲ"ဟု ဆိုသည်။

အဆိုပါအဖွဲ့သည် ဩဂုတ်လအတွင်းက Square One အယ်လ်ဘမ်ကို ဖြန့်ချိခဲ့ပြီး ပရိသတ်တစ်ခဲနက်အားပေးမှုများရရှိကာ အောက်တိုဘာလတွင် ဂီတပုံစံသစ်များဖြင့် ပရိသတ်ထံ ပြန်လည်ရောက်ရှိလာဦးမည်ဖြစ်ကြောင်း သိရသည်။

# သမီးငယ်မှာ ဖက်ရှင်လိုင်းအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်လိုက်သည့် ဗစ်တိုးရီးယား

ကမ္ဘာကျော် ဖက်ရှင်ဒီဇိုင်နာတစ်ဦးဖြစ်သူ ဗစ်တိုးရီးယားဘက်ခမ်းက ၎င်း၏ သမီးငယ်ဟာပါသည် ဖက်ရှင်လောကသို့ဝင်ရောက်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၅)နှစ်အရွယ်ဖြင့် အလှအပကို လွန်စွာမြတ်နိုးတတ်ပြီး ဒေါက်မြင့်ဖိနပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဝတ်ဆင်ပြီး ပြေးလွှားဆော့ကစားနိုင်သူ ဟာပါအကြောင်းကို မိခင်ဖြစ်သူ ဗစ်တိုးရီးယားက အိုင်တီဗွီ၏ This Morning အစီအစဉ်တွင် ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

"ဟာပါက အလှသိပ်ကြိုက်တယ်။ မိတ်ကပ်လိမ်းရတာတွေ၊ အဝတ်အစားတွေ ဒီဇိုင်းရွေးချယ်ဝတ်ရတာတွေ သူနှစ်သက်တယ်။ ဒီလိုမျိုးကျတော့လည်း သမီးမိန်းကလေးအမေဖြစ်ရတာ ကောင်းပါတယ်။ သူက သူ့အစ်ကိုတွေနဲ့ ခြံထဲမှာ ဘောလုံးကန်ရတာကိုလည်း နှစ်သက်သူတစ်ဦးပါ"ဟု အဆိုပါ တီဗွီပရိုဂရမ်တွင် ဗစ်တိုးရီးယားက ဆိုသည်။

ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းနှင့် ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းတို့သည် ၁၉၉၉ ခုနှစ်က လက်ထပ်ခဲ့ကြပြီး သားသမီး လေးဦး ထွန်းကားခဲ့ပြီး ဟာပါမှာအငယ်ဆုံးသမီးဖြစ်သည်။



မျိုးစန္ဒာမောင် - စုစည်းသည်

# ဆောက်သမ်တန်အနိုင်ရရှိခဲ့သော်လည်း မန်ယူရှုံးနိမ့်ခဲ့သည့် ယူရိုပါလိဂ်ပွဲစဉ်များ



ယူရိုပါလိဂ်အုပ်စုအဆင့် ပွဲစဉ်များကို စက်တင်ဘာ ၁၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပရီမီယာလိဂ်ကလပ်အသင်းနှစ်သင်းအနက် ဆောက်သမ်တန်အသင်း အနိုင်ရရှိခဲ့သော်လည်း နာမည်ကြီး မန်ယူအသင်းမှာ ဖီယင်နူအသင်းကို ရှုံးနိမ့်ခဲ့ရသည်။

ယူရိုပါလိဂ်အုပ်စုအဆင့်ပွဲစဉ်များအဖြစ် အုပ်စု ၁၀ အုပ်စုယှဉ်ပြိုင်ကစားခဲ့ပြီး အုပ်စု (A)တွင် ဖီယင်နူအသင်း၏ အိမ်ကွင်း၌ ကစားခဲ့ရသည့် မန်ယူအသင်းသည် ဖီယင်နူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဇိုယာအသင်းနှင့် ဖီနာဘာချီအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အုပ်စု (B)တွင် အေပိုးနီကိုးရှားအသင်းနှင့် အက်စတာနာအသင်းတို့ပွဲစဉ်တွင် အေပိုးနီကိုရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယန်းဘွိုင်းအသင်းနှင့် အိုလံပီယာကို့စ်အသင်းတို့ပွဲစဉ်တွင် အိုလံပီယာကို့စ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု (C)တွင် အန်ဒါလက်ချ်အသင်းနှင့် ကာဘာလာအသင်းတို့ပွဲစဉ်တွင် အန်ဒါလက်ချ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မိန့်ဇ်အသင်းနှင့် စိန့်အက်တီယန်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။ အုပ်စု (D)တွင် အယ်လ်ခမာအသင်းနှင့် ဒွန်ဒေါ့ခ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး မက်ကာဘီတဲလ်အဗစ်အသင်းနှင့် ဇင်းနစ်အသင်းတို့ပွဲစဉ်တွင် ဇင်းနစ်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု (E) တွင် အက်စထရာဂွာဂူးအသင်းနှင့် ဩစတြီးယာဝိန်းအသင်းတို့ပွဲစဉ်တွင် ဩစတြီးယားဝိန်းအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗစ်တိုးရီးယားပယ်ဇန်အသင်းနှင့် ရိုးမားအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုး စီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အုပ်စု (F)တွင် ရက်ပစ်ဝိန်းအသင်းနှင့် ဂျန့်ခ်အသင်းတို့ပွဲစဉ်တွင် ရက်ပစ်ဝိန်းအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆာဆူအိုလိုအသင်းနှင့် ဘီဘာအိုအသင်းတို့ပွဲစဉ်တွင် ဆာဆူအိုလိုအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု (G)တွင် ပန်နာသီနိုင်ကို့စ်အသင်းနှင့် အေဂျက်အသင်းတို့ပွဲစဉ်တွင် အေဂျက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး စတန်းဒက်လိဂ်အသင်းနှင့် ဆယ်လ်တာဗီဂိုအသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အုပ်စု(H)တွင် ဘရာဂါအသင်းနှင့် ဂျန့်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး ကိုညာစပေါ့အသင်းနှင့် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းတို့ပွဲစဉ်တွင် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု (I)တွင် ရှော်လ်ကေးအသင်းက နိုက်စ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကရာစနိုဒါအသင်းက ဆယ်လ်ဇဘာ့အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု (J)တွင် သီဆာလိုနီကီအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။ အုပ်စု (K)တွင် အင်တာမီလန်အသင်းက ဟာပိုးလ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဆောက်သမ်တန်အသင်းက စပါတာပရက်ဂ်ျအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု (L)တွင် အိုစမန်လစ္စပေါ်အသင်းက စတုအာ့ဘူခါရက်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဗီလာရီးယဲလ်အသင်းက ဇူးရစ်ချ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယူရိုပါလိဂ်အုပ်စုအဆင့် ပထမဆုံးပွဲစဉ်ကို ယှဉ်ပြိုင်ကစားခဲ့အပြီးတွင် ဖီယင်နူအသင်း၊ အေပိုးနီကိုးရှားအသင်း၊ အန်ဒါလက်ချ်အသင်း၊ ဇင်းနစ်အသင်း၊ ဩစတြီးယားဝိန်းအသင်း၊ ဆာဆူအိုလိုအသင်း၊ အေဂျက်အသင်း၊ ရှက်ခ်တာဒိုးနက်စ်ခ်အသင်း၊ ကရာစနိုဒါအသင်း၊ ကာရာဘက်အသင်း၊ ဆောက်သမ်တန်အသင်းနှင့် အိုစမန်လစ္စပေါ်အသင်းတို့သည် အုပ်စုအသီးသီးတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။ **(ငွေကြယ်)**

## အားကစားလောက သတင်းတိုများ

အာဆင်နယ်နောက်ခံလူ မူစတာဖီက ၎င်းမှာ ဟမ်းဘတ်အသင်းအတွက် စတင်ကစားပေးချိန်တွင် တိုက်စစ်မှူးနေရာ၌ ကစားခဲ့ရခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။

မန်ယူအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်း၌ ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေသည့် ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား လာမည့် ဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ချိန်အတွင်း ခေါ်ယူရန် ထပ်မံကြိုးစားမည်ဖြစ်ပြီး ရီးယဲလ်အသင်းဘက်မှလည်း အဆိုပါကိုလံဘီယာအသင်းခေါင်းဆောင်အား ရောင်းချရန်ရှိနေကြောင်း ဒေးလီးမေးလ်သတင်းဌာနက ဖော်ပြသည်။

ဘာစီလိုနာတိုက်စစ်မှူး နေမာသည် ဘာကာနှင့် သက်တမ်းတိုးစာချုပ်မချုပ်ဆိုမီ ဘာစီလိုနာ၏ ပြိုင်ဘက်အသင်းများသို့ ပြောင်းရွှေ့ကစားရန် ဆွေးနွေးခဲ့သေးကြောင်း ဝန်ခံပြောကြားလိုက်သည်။

ချယ်လ်ဆီးနည်းပြ အန်တိုနီယိုကွန်တီသည် ကွင်းလယ်လူ ဖာဘရီဂတ်စ်မှာ ရောင်းချရန်မဟုတ်ဟု တုံ့ပြန်လိုက်သည်။

မန်စီးတီးတိုက်စစ်မှူး ဆာဂျီယိုအဂူရိုသည် ကလပ်အသင်းနှင့် တစ်နှစ်သက်တမ်းတိုးစာချုပ်ကို ချုပ်ဆိုခဲ့သည့်အတွက် ၂၀၂၀ နွေရာသီအထိ မန်စီးတီးတွင် ဆက်ရှိနေရန် သေချာသွားခဲ့ပြီဖြစ်သည်။

ပြင်သစ်ကွင်းလယ်လူ ဆာခိုမှာ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ရန် မူလက စီစဉ်ခဲ့သော်လည်း အဆိုပါမာဆေးဆိုက် ကလပ်အသင်းသည် ပြောင်းရွှေ့ကြေးပေါင်သန်း ၃၀ ကျော်ပေးချေရန် တွန့်ဆုတ်ခဲ့ခြင်းကြောင့်သာ စပါးအသင်းသို့ ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ **(မေလှဲ့သင်း)**

# ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလာဟု ရှိုင်လိုလာ ဝေဖန်




ယူအီးအက်ဖ်အေ (ဥရောပဘောလုံးအဖွဲ့ချုပ်)သည် ဥရောပဘောလုံးလောကကို လက်ဝါးကြီးအုပ်စနစ်ကျင့်သုံးနေသည့်အတွက် ကလပ်အအသင်းများအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့နှင့် ကင်းကင်းရှင်းရှင်း နေသင့်သည်ဟု နာမည်ကျော် ဘောလုံးကိုယ်စားလှယ် ရှိုင်လိုလာက စွပ်စွဲလိုက်သည်။ ရှိုင်လိုလာမှာ ပေါ့ဘာ၊ အီဗရာဟီမိုဗစ်ချ်နှင့် ဘာလော့တယ်လီ စသည့် နာမည်ကျော် ကစားသမားများ၏ ကိုယ်စားလှယ်ဖြစ်ပြီး အလက်ဇန္ဒား ကက်ဖရင် ယူအီးအက်ဖ်အေဥက္ကဋ္ဌအဖြစ် စက်တင်ဘာ ၁၄ ရက်တွင် ရွေးကောက်တင်မြှောက်ခံရပြီးနောက်တွင် ယခုကဲ့သို့ မှတ်ချက်ပြုပြောကြားလိုက်သည်။

ရှိုင်လိုလာက သက်ဆိုင်ရာနိုင်ငံအလိုက် ဘောလုံးအဖွဲ့ချုပ်များကသာလျှင် ကလပ်အသင်းများတိုးတက်ရေးလုပ်ငန်းဆောင်တာများ ဆောင်ရွက်နိုင်ကြပြီး ယူအီးအက်ဖ်အေစည်းမျဉ်းများက အဆိုပါတိုးတက်နေမှုများကို နှောင့်ယှက်ဖျက်ဆီးနေသကဲ့သို့ပင် ဖြစ်စေကြောင်း ယုံကြည်သည်။ ဥရောပဘောလုံးကလပ်အသင်းများမှာ ဥရောပဝင်ခွင့်နေရာ (ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်)တို့အတွက်သာ အပြိုင်အဆိုင်ကြိုးပမ်းနေကြပြီး တကယ်အရေးကြီးသည့် ပြည်တွင်းလိဂ်များကို လျစ်လျူရှုနေသည်ဟု ရှိုင်လိုလာက သုံးသပ်သည်။

ရှိုင်လိုလာက "ဘောလုံးပွဲရဲ့ ရလဒ်ဆိုတာဟာ ပရိသတ်ကို အမြဲတမ်း အံ့အားသင့်နေစေရမယ်။ ဥပမာ မနှစ်က လက်စတာအသင်း ချန်ပီယံဖြစ်ခဲ့သလိုမျိုးပေါ့။ ဥရောပဝင်ခွင့်တွေက ကလပ်အသင်းရဲ့ ရလဒ်ပိုင်းကို ကျဆင်းစေတယ်။ အခုဆို ကလပ်အသင်းတိုင်းရဲ့ ဘုံရည်မှန်းချက်က ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးဆိုပြီး ဖြစ်နေကြပေမယ့် တကယ်ကျတော့ ချန်ပီယံလိဂ်ဟာ အသင်းငါးသင်းလောက်က လှည့်ပတ်ဗိုလ်စွဲနေပြီး ပျင်းစရာကောင်းတာနေတာဗျ" က ရေဒီယို စီအာရ်စီနှင့် အင်တာဗျူးတွင် ထည့်သွင်းဖြေကြားသည်။

ထို့ပြင် ယခုနှစ်တွင် ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်တို့ကဲ့သို့ ချန်ပီယံလိဂ်ကို လွှမ်းမိုးထားသည့် အသင်းများကသာ ထပ်မံအောင်ပွဲခံနိုင်ရန် အလားအလာရှိနေပြီး မန်စီးတီးနှင့် ပီအက်စ်ဂျီတို့လို ဥရောပအောင်မြင်ရေးရှာဖွေနေသည့် အသင်းများလည်း ဗိုလ်စွဲနိုင်သည်ဟု ရှိုင်လိုလာက သုံးသပ်သည်။ ယူအီးအက်ဖ်အေသည် ကလပ်အသင်းများနှင့် ဘောလုံးအဖွဲ့ချုပ်များအားသတ်နေသည့် အဖွဲ့အစည်းဖြစ်ပြီး ဥပမာအားဖြင့် ဘိုလော့နာအသင်း ချန်ပီယံလိဂ်ဝင်ခွင့်နှင့် ဆက်လက်ဝေးကွာနေလိမ့်ဦးမည်ဖြစ်ကြောင်း တစ်ဆက်တည်းပင် ရှင်းလင်းပြောကြားလိုက်သည်။

ရှိုင်လိုလာသည် ယခုနှစ်နွေဈေးကွက်အတွင်း ပေါ့ဘာနှင့် အီဗရာဟီမိုဗစ်ချ်တို့အား မန်ယူအသင်းနှင့် ချိတ်ဆက်ပေးခဲ့သူဖြစ်ပြီး ဘာလော့တယ်လီကိုလည်း နိုက်စ်အသင်းသို့ ပြောင်းရွှေ့နိုင်အောင် စီစဉ်ပေးနိုင်ခဲ့သဖြင့် စံချိန်တင်ဝင်ငွေတစ်ရပ် ရရှိခဲ့သူဖြစ်သည်။ ဘာလော့တယ်လီက အီတလီပြင်ပ ကလပ်များတွင်ပင် ကစားရန် စီစဉ်မှုပြုခိုင်းသကဲ့သို့ အီဗရာဟီမိုဗစ်ချ်က နာပိုလီအသင်းတွင်သာ သူ၏ ကစားသမားဘဝကို အဆုံးသတ်သွားရန် ရည်ရွယ်ထားကြောင်းလည်း ရှိုင်လိုလာက ဖွင့်ဟခဲ့သည်။ **(မေလှဲ့သင်း)**




# အော်စတာ၏ ချယ်လ်ဆီးတွင် ဆက်နေရန် ဆုံးဖြတ်ချက်အတွက် ကွန်တီဝမ်းမြောက်


ပြီးခဲ့သည့်နွေဈေးကွက်အတွင်း ချယ်လ်ဆီး ကွင်းလယ်လူ အော်စကာကို စီရီးအေကလပ် အင်တာမီလန်အသင်းဘက်မှ တောက်လျှောက် ချိတ်ဆက်မှုများပြုခဲ့သော်လည်း ချယ်လ်ဆီးတွင်သာ ဆက်နေရန်ဆုံးဖြတ်ခဲ့သည့် သူ၏ရွေးချယ်မှုအတွက် ဝမ်းမြောက်မိကြောင်း ကွန်တီက ဆိုသည်။ အော်စတာသည် လက်ရှိတွင် ကွန်တီ၏ ပွဲထွက်ကစားသမား ၁၁ ဦးစာရင်းတွင် ပါဝင်ခွင့်ရနေသူဖြစ်ပြီး ယခုကဲ့သို့ ပုံမှန်နေရာရရှိရန်အတွက် စိတ်ရှည်ရှည်ဖြင့် စောင်းဆိုင်းခဲ့ရခြင်းဖြစ်သည်။

အော်စတာမှာ ပြီးခဲ့သည့်ရာသီက ခြေစွမ်းပိုင်းရုန်းကန်ခဲ့ရပြီး နည်းပြ ကွန်တီ ချယ်လ်ဆီးသို့ရောက်ရှိလာပြီးနောက် ရာသီကြိုခြေစမ်းပွဲစဉ်များအတွင်း ခြေစွမ်းပြနိုင်ခဲ့သဖြင့် ဝါရင့်ကွင်းလယ်လူ ဖာဘရီဂတ်စ်ကို ကျော်လွန်၍ ပွဲထွက်ကစားခွင့်ရနေသူဖြစ်သည်။ ကွန်တီက အော်စကာအား အသင်းတွင် ဆက်ရှိနေရန် လိုလားခဲ့ဖြင့် အင်တာမီလန်အသင်းသည် အော်စကာအစား စပို့တင်းအသင်းမှ မာရီရိုအား အစားထိုးခေါ်ယူခဲ့ရသည်။

အော်စကာသည် ကွင်းလယ်တိုက်စစ်လမ်းကြောင်း ပုံဖော်ရာတွင် သေသေသပ်သပ် ကစားနိုင်သူဖြစ်သလို အသင်း၏ခံစစ်ပိုင်း လိုအပ်ချိန်တွင်လည်း အားဖြည့်ပေးနိုင်သည့် ကစားသမားဖြစ်ခြင်းကြောင့် ကွန်တီ၏ နည်းစနစ်နှင့် အံဝင်အောင် ကစားနိုင်သူတစ်ဦးအဖြစ် ထင်ရှားသည်။ **(မေလှဲ့သင်း)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## လူဟစ်နေကြသူများ

**ဆူဒိုနင်**

### လူဟစ်လိုက်ပုံကလေး

တနေ့က စာအုပ်မျက်နှာစာမှာ အမှုတခု တွေ့ရပြန်တယ်။ မြန်မာပြည် ပညာရေးတက္ကသိုလ်က ကျောင်းဆင်းပြီး စင်္ကာပူနိုင်ငံမှာ ဘွဲ့လွန်တက်ခဲ့ပြီးတဲ့နောက် မြန်မာပြည် ပြန်လာကာ အလွတ်သင် ဆရာမလုပ်နေတဲ့ မိန်းကလေး တယောက်က ပညာရေးနဲ့ ပတ်သက်တဲ့ သူ့အမြင်လေးတခုကို စာအုပ်မျက်နှာစာမှာ ရေးတင်လိုက်ပါတယ်။ မကြာပါဘူးဗျာ။ "ဆရာမလေးများ"ဆိုတဲ့ ခေါင်းစဉ်တပ်ထားတဲ့ စာအုပ်မျက်နှာစာရဲ့ "စာမျက်နှာ"မှာ သူ့စာတွေကို သည်အတိုင်းကူးပြီး ဖြန့်တာကို တွေ့လိုက်ရပါတော့တယ်။ မူရင်းရေးတဲ့ ဆရာမလေးရဲ့ နာမည်ကိုတော့ ဖော်ပြထားခြင်း အလျဉ်းမရှိပါဘူး။

အဲဒါကို အမြင်မတော်တဲ့သူက သွားပြောတဲ့အခါ အဲဒီ"ဆရာမလေးများ"က ပြန်ရန်တွေ့ပါတယ်။ နှလုံးသား လှပါစေ၊ စေတနာကောင်း မရှိရင် မြောင်းထဲရောက်မှာ ဘာညာပေ့ါ။

ကျွန်တော်ကိုယ်တိုင်ကတော့ ဒါမျိုးတွေ ခံရပေါင်းများလို့ ဟုန်တောင်နေပါပြီ။ ကျွန်တော့်စာတွေကို နာမည်မတပ်ဘဲ သူတို့ရဲ့ ပင်ကိုရေးလို ခပ်တည်တည်နဲ့ ဖြန့်နေတာတွေ အင်ထာနက်မှာ အောတိုက်လို့ပါ။ ကြာတော့ ဥတောင် မဥပါဒ်အားတော့ဘူး။ သူ့သဘော သူဆောင်နေကြတာပဲလို့ အသင့်အတင့် နှလုံးသွင်းနေတာကြာပါပြီ။

### ကူးချလောက

အခု ဆရာမလေးရဲ့ အမှုမှာတော့ တယောက်က ရေးသွားတဲ့ မှတ်ချက်က ကျွန်တော့်ကို ဆတ်ခနဲ ဖြစ်သွားစေပါတယ်။ သူ ရေးသွားတာက သည်လိုပါ။

"ဆရာ၊ ဆရာမတွေ ဖြစ်ပေမယ့် ကူးချတာ၊ မူရင်းရေးသူကို ကျေးဇူးတရားနဲ့ ဖော်ပြပေးရတာဆိုတဲ့ ကျင့်ဝတ်တွေနဲ့ ပတ်သက်ပြီး သူတို့ကိုယ်တိုင်တောင် မလေ့လာ မသင်ကြားဖူးကြတာပါ။ ကလေးတွေကိုလည်း အင်္ဂလိပ်၊ မြန်မာစာစီစာကုံးတွေဆို အလွတ်ကျက် သူများရေးတာ ကိုယ်ရေးသလို ကူးချခိုင်းပြီး ထူးချွန်ဆု ယူခိုင်းကြတာပဲလေ။ ဒါကြောင့်လည်း အသက်ရလာတဲ့ အခါမှာလည်း ခိုးကူးမိကြတာပဲ။ ဟိုစာရေးဆရာမကို ကြည့်မလား အဆိုတော်တွေကို ကြည့်မလား။ ကိုယ်ပိုင် စိတ်ကူးလည်း မထုတ်ကြတော့သလို မူရင်းကို ဖော်ပြပေးရမှန်းလည်း မသိကြတော့ဘူး။ သူတို့ကိုယ်တိုင်က သည်လို လုပ်မှ နည်းလမ်းကျတယ်ဆိုတာ မသိကြလေတော့ကာ ခုလည်း နားမလည်တာမဆန်းပါဘူးလေ-

ဟုတ်ပါရဲ့။ ၁၉၆၄ ခုနှစ်က စလိုက်တဲ့ ပညာရေးစနစ်သစ်ရဲ့ ကျေးဇူးတော်မဟာက တဖြည်းဖြည်း လှိုက်စားလာလိုက်ရာက အလွတ်ကျက် ပညာရေးစနစ်ကြီး ဖြစ်သွားတော့တာများ တက္ကသိုလ်တွေက ပါရဂူဘွဲ့တွေ အထိတောင် ရေစီးကမ်းပြို လိုက်ကုန်ပါရောလားဗျာ။ ကျွန်တော်တို့ တက္ကသိုလ်တက်ရတဲ့ ၁၉၇၀ ပြည့်လွန် အနှောင်းပိုင်း ကာလကစပြီး ဘွဲ့ယူ စာတမ်း မရေးဘဲ ဘွဲ့တွေ ရခဲ့ကြတယ်။

မဟာဘွဲ့ကျတော့ စာတမ်းရေးရတယ် ဆိုပေမယ့် ဟိုလူက ရေးပေးတာ၊ သည်လူက ရေးပေးတာနဲ့ ဘွဲ့တွေ ရလာကြတယ်။ ပါရဂူဘွဲ့ကျတော့လည်း ကြီးကြပ်သူ ဆရာတွေက အများဆုံးရေးပေးနေတာပါ။ အဲဒါကို သူတို့ ဖတ်တဲ့ စာတမ်းတွေနဲ့ ပတ်သက်လို့ စစ်စစ်ပေါက်ပေါက် မေးခွန်းထုတ်တဲ့အခါ စာတမ်းရှင်ကိုယ်တိုင်က ခွေးအကြီး လျှည်းနင်းသလို ဖြစ်နေတာ၊ ကြီးကြပ်သူ သူတို့ဆရာက ဖြေပေးတာနဲ့ သက်သေထူနေပါတယ်။

တနည်းပြောရင် ကိုယ်ပိုင်အတွေးအခေါ် အရေးအသားတွေကို သတ်ပစ်တဲ့ စနစ်၊ တသဝေမတိမ်း ကူးချတာ၊ သူများရေးထားတာကို ကိုယ့်လက်ရာလို အတည်ပေါက်ကြီးနဲ့ လုပ်စားတာစတာများကို အားပေးတဲ့ စနစ်ကြီးထဲမှာ လူဖြစ်လာကြတာကနေ့ မြန်မာနိုင်ငံ ပညာရေးတမျိုးကိုပဲ ရထားကြသူ အသက် ၆၀ အောက်အရွယ်တွေ အကုန်လုံးပါပဲ။

### ပြင်ပ ကမ္ဘာကြီးမှာ ကျင့်ဝတ်က အခရာ

ရင်းနှီးသူထဲက ကလေးတယောက်ဟာ နိုင်ငံခြားက ဒီပလိုမာ သင်တန်းတစ်ခုကို မြန်မာပြည်ကနေ လှမ်းဖြေတုန်းက ဂုဏ်ထူးတွေထွက်ခဲ့တယ်။ မြန်မာ့ပညာရေးရဲ့ ဆယ်တန်းတုန်းက ဘာဂုဏ်ထူးမှ မထွက်ဘဲ ပွတ်ကာသီကာနဲ့ အောင်ခဲ့တဲ့သူက ဟိုကစာမေးပွဲဖြေတော့မှ ဂုဏ်ထူးတွေ ရတယ်ဆိုတာ ခတ်မသိရင် အံ့အားသင့်စရာပါ။ ဒါပေသည့် သူနဲ့အတူတူ တက်နေတဲ့အထဲက ဆယ်တန်းမှာ ဂုဏ်ထူး ၃-၄ ခု ရခဲ့တဲ့ လူငယ်လေးတွေခမျာတော့ ဟိုက စာမေးပွဲကို ကျတဲ့သူ ကျ၊ အောင်တယ်ဆိုရုံပဲ အောင်နဲ့ဖြစ်နေတာလည်း မြင်ရပါတယ်။

ကျွန်တော့်အတွက်တော့ အဲဒီ့ကတည်းက အဖြေက ရှင်းနေပါတယ်။ ဂုဏ်ထူးထွက်တဲ့ကလေးက သည်၏မလွဲ ကျက်တတ်တဲ့ စရိုက်နဲ့ မဟုတ်ဘူး။ အဲဒီကလေးက စာကို နားလည်သွားပြီးရင် သူ့သဘောနဲ့သူ ထင်ရာ ရေးချင်တဲ့ လူစားမျိုး။ ဟိုနိုင်ငံတွေက စာစစ်သူတွေကလည်း အဲဒါမျိုးမှ လိုလားတာ။ ပုံတူကူးထားတာ၊ အလွတ်ကျက် ဖြေထားတာမျိုးဆို လုံးဝလက်မခံသလိုအမှတ်လည်း ပေးလေ့မရှိဘူး။

ဘွဲ့ယူစာတမ်းတွေဆို သာဆိုးသေးတယ်။ ဘယ်သူ့ဟာ ကူးထားတာလဲဆိုတာ ကွန်ပျူတာနဲ့ စစ်ခိုင်းသေးတယ်။ အခုခေတ် ကွန်ပျူတာကလည်း သိပ်ကို လွယ်နေပြီ။ တကမ္ဘာလုံးက စာတမ်းတွေနဲ့ မိနစ်ပိုင်းအတွက် တိုက်စစ်ပေးနိုင်နေပြီ။ အဲလို ကူးချထားတာတွေ့ရင် စာတမ်းကို ပယ်လိုက်မှာ ဖြစ်သလို အအောင်လည်း မပေးတော့ဘူး။ သူများစကား၊ သူများစာကို ကိုးကား ဖော်ပြမယ်ဆိုလည်း အောက်ခြေမှတ်စု၊ စာတမ်းအဆုံးက မှတ်စုများနဲ့ ရည်ညွှန်းပြီး ဘယ်သူ့ရဲ့ ဘယ်စာအုပ်၊ စာမျက်နှာ ဘယ်လောက်က ယူထားတာပါဆိုတာ အတိအလင်း ဖော်ပြပေးရတယ်။

အဲဒါဟာ "ကျင့်ဝတ်"ပဲ။ လိုက်နာရတဲ့ စည်းကမ်းပဲ။ အဲဒီ့ ကျင့်ဝတ်တွေကို မိဘနဲ့ ဆရာသမားတွေက သွန်သင်ရတယ်။ လမ်းပြရတယ်။ ပါးစပ်နဲ့သာ သွန်သင် မဟုတ်ဘဲ ကိုယ်တိုင်ကလည်း ရှေ့ကနေ စံနမူနာအဖြစ် ကျင့်ဝတ်တွေ ထိန်းပြရင်း လမ်းပြရစမြဲလည်းဖြစ်ပါတယ်။

### အဝင်နက်နေကြဦးမှာလား

အခုတော့ မိဘတွေဘက်ကလည်း ပျက်ကွက်၊ ဆရာတွေကလည်း ဘူးလုံး နားမထွင်းနဲ့ အမှားကို အမှန်အဖြစ် သွန်သင် လေ့ကျင့်ပေးခဲ့ကြတာမို့အများစုဟာ အလွဲကိုမှ အဟုတ်တွေမှတ်ကုန်ကြတဲ့အပြင် အထက်က ဆရာမလေးများဆိုတဲ့ စာမျက်နှာကို ဖွင့်ထားသူတွေက မူရင်းရေးသူ ဆရာမလေးကိုတုံ့ပြန်သလို သူခိုးက လူပြန်ဟစ်နေတဲ့ အသံတွေကို ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ညံစီနေအောင် ကြားနေရပါတော့တယ်။

ပျက်အစဉ် ပြင်ခဏလို့ ဆိုကြပါတယ်။ ပျက်သွားခဲ့တဲ့ကာလက နှစ်ငါးဆယ် ကျော်လာပါပြီ။ အဲဒါကို ဘယ်တော့ ပြင်ကြမှာလဲ။ ဘယ်သူတွေက ဦးဆောင်ပြီး ပြင်ကြမှာလဲ။ ပြောင်းမယ် ပြင်မယ်လို့ စဉ်းစားတိုင်း ပညာရေးကို ဘယ်နေရာမှာ ထားမှာလဲ။ ထိပ်ဆုံးမှာလား။ နောက်ဆုံးမှာလား။ ပျက်ခြင်းရဲ့ အကျိုးဆက်တွေကြားမှာ ကျွန်တော်တို့တွေ သာယာနေကြသလား။

နောက် နှစ် ၃၀ နေရင် ကျွန်တော်လည်း ရှိတော့မှာ မဟုတ်သလို အခု အာဏာရတွေ၊ အတိုက်အခံတွေ၊ နိုင်ငံရေးမှာ ကိုယ်တွေမှ မပါရင် မဖြစ်ဘူးလို့ ယုံမှတ်မှားနေတဲ့ အယူတိမ်းသူတွေလည်း တယောက်မှ ရှိတော့မှာ မဟုတ်ပါဘူး။ သို့ပေမယ့် သည်ရွှေတိုင်းပြည်ကြီးကတော့ ကမ္ဘာသာ မပျက်ဘူးဆိုရင်ဆက်ရှိနေမှာ မြေကြီးလက်ခတ် မလွဲပါဘူး။ အဲဒီတိုင်းပြည်ကြီးကို အဲသလို လူဟစ်နေတဲ့ အဝင်နက်တွေ လက်ထဲမှာ ထားခဲ့ချင်တယ်ဆိုရင်တော့ နိုင်ငံကို ချစ်လှပါချေရဲ့လို့ ပါးစပ်က အမြှုပ်ထွက်အောင်သာ ပြောရုံသာပြောပြီး ပညာရေးကိုအမြစ်က လှန်ပြီး ပြောင်းဖို့ အားစိုက်ဖို့ နေနေသာသာ စိတ်တောင် အယောင်ယောင် အမှားမှားနဲ့ ကူးပေးစရာ မလိုတော့ပါဘူးလို့သာ စိတ်ပေါက်ပေါက်နဲ့ပဲ မရဲတဲ့ကြားက အားခဲပြောလိုက်ရပြန်ပါတယ်။ အားလုံးအတွက် တွေးဆစရာ ဆင်ခြင်စရာ တစုံတရာ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ်ခင်ဗျား။



## မျိုးသန့်ဇုန်စပါးစိုက်ခင်းတွင် ဖျက်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရေးသရုပ်ပြ

**ဘားအံ စက်တင်ဘာ ၁၆**

ဘားအံမြို့နယ်၊ ဝင်းဒရယ်ကျေးရွာအုပ်စုရှိ (RS-CS)မျိုးသန့်ဇုံ စပါးစိုက်ခင်း ၁၀ ဧကတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် စပါးအထွက်နှုန်းတိုးရေးတွင် အဓိကကျသော ဖျက်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရေးပညာပေး သရုပ်ပြသခြင်းကို စက်တင်ဘာ ၁၁ နံနက် ၉ နာရီက အဆိုပါကျေးရွာ မျိုးသန့်ဇုန်စပါးစိုက်ခင်းတွင် ဆောင်ရွက်ကြသည်။

ဖျက်ပိုးကျရောက်မှုကာကွယ်နှိမ်နင်းရေးပညာပေး သရုပ်ပြသကြရာတွင် ခရိုင်စိုက်ပျိုးရေးဌာနမှူး ဒေါ်အေးမေ၊ ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သန်းသန်းလွင်တို့သည် ဝင်းဒရယ်ကျေးရွာအုပ်စုအတွင်းရှိ ဝင်းဒရယ်၊ တံတားဦး၊ ကျုံမသွယ်ကျေးနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူ ၃၀၀ အား ပိုးမွှားကျရောက်မှုကင်းထောက်မှတ်တမ်းယူခြင်း၊ကြိုတင်ကာကွယ်နှိမ်နင်းခြင်း၊ ပိုးသတ်ဆေးနှင့်သွင်းအားစုများ စနစ်တကျ ထိရောက်စွာပက်ဖြန်းခြင်းနှင့် အသုံးပြုခြင်း အဆင့်ဆင့်အား ရှင်းလင်းပြောကြားကာ မျိုးသန့်ဇုန်စပါး စိုက်ခင်းအတွင်းတွင် စုပေါင်းကာ လက်တွေ့သရုပ်ပြသခဲ့ကြသည်။

**(နေမျိုးလွင်)**

## မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် အသိပညာပေးနံ့ရံကပ်စာစောင် ခင်းကျင်းပြသ

**မင်းတပ် စက်တင်ဘာ ၁၆**

စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က မင်းတပ်မြို့ အထက(၁) ခန်းမ၌ ကျင်းပရာ ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရဲခရိုင်တပ်ဖွဲ့မှူး၊ မင်းတပ်မြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်ဥပဒေအရာရှိတို့က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လူကုန်ကူးမှုဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဟောပြောကြသည်။ ကရုဏာစည်းလုံးညီညွတ်ရေး (KMSS) ဟားခါးအဖွဲ့မှ ဒေါက်တာလိန်းထန်းက လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် ပတ်သက်သော အကြောင်းအရာများအား ဆွေးနွေးပြောကြားကြသည်။

အဆိုပါ အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မင်းတပ်ခရိုင်ရုံးမှ အသိပညာပေးနံ့ရံ ကပ်စာစောင်ခင်းကျင်းပြသရာ တက်ရောက်သူများက စိတ်ဝင်စားစွာဖတ်ရှုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ခုတင်(၅၀)ဆံ့ မုံရွာတိုင်းရင်းဆေးရုံတွင် အမှတ်(၂၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**မုံရွာ စက်တင်ဘာ ၁၆**

၂၀၁၆ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သလ္လာရပ်ကွက်ရှိ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံဝင်းအတွင်း ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို အမှတ်(၂၈) လုံခြုံရေး ရဲတပ်ဖွဲ့မှ ခေတ္တတပ်ဖွဲ့ခွဲမှူး ရဲမှူး နိုင်နိုင်ထွန်း ဦးစီးသည့် အရာရှိ ၁၅ ဦး၊ အခြားအဆင့် ၈၅ ဦး စုစုပေါင်း ရဲတပ်ဖွဲ့ဝင် ၁၀၀ ဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။



**ဖိုးချမ်း(မုံရွာ)**

# ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် ကိုယ်စားလှယ်များက စာတမ်းများကိုဖတ်ကြား

နေပြည်တော် စက်တင်ဘာ ၁၆

**စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပသည့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားတွင် ကိုယ်စားလှယ်များက စာတမ်းများကိုဖတ်ကြားခဲ့ကြသည်။**

**ကိုယ်စားလှယ်များဖတ်ကြားသွားသည့်စာတမ်းများကို ဖော်ပြသွားမည်ဖြစ်ပါသည်-**

## ကျောင်းသားကျောင်းသူကိုယ်စားလှယ် မအိမ့်သက်ထားနိုင် ဖတ်ကြားသည့်စာတမ်း

ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။

ဒီကနေ့ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှာ ကျရောက်တဲ့ "အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့" အခမ်းအနားမှာ ကျောင်းသား ကျောင်းသူများကို ကိုယ်စားပြုပြီး စာတမ်းဖတ်ကြားမည့် မိတ္ထီလာတက္ကသိုလ် အရှေ့တိုင်းပညာအထူးပြု ဘာသာရပ်ဖြင့် ပထမနှစ်သင်တန်းတွင် ပညာသင်ကြားနေတဲ့ ကျောင်းသူမအိမ့်သက်ထားနိုင်ဖြစ်ပါတယ်ရှင့်။

ယခုလို အခမ်းအနားမှာ စာတမ်းဖတ်ကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ဦးစွာပြောကြားပါရစေရှင့်။ ကျွန်မယခုတင်သွင်းဖတ်ကြားရမည့် စာတမ်းခေါင်းစဉ်ကတော့ "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့" ဖြစ်ပါတယ်ရှင့်။

ဂုဏ်သရေရှိ လူကြီးမင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဧည့်သည်တော်များရှင့်-

ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်းမှာ တရားဥပဒေစိုးမိုးမှု၊ ငြိမ်းချမ်းရေးရရှိအောင်ကြိုးပမ်းမှု၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုနှင့် ဆန္ဒဖော်ထုတ်မှုစတဲ့ ပြည်သူ့အသံများကို မြင်သိ၊ ကြားသိခွင့်ရရှိနေပါပြီ။ အနာဂတ်မြန်မာ့ဒီမိုကရေစီလူ့ဘောင်ကို ရှင်သန်ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြမည့် ကျွန်မတို့မျိုးဆက်သစ် လူငယ်များဟာ ဒီမိုကရေစီ ယဉ်ကျေးမှုရောင်ခြည်ကို စတင်မြင်တွေ့ခံစားနေရပြီဖြစ်တဲ့အတွက် အထူးပဲဝမ်းသာမိပါတယ်ရှင့်-

ဂုဏ်သရေရှိ လူကြီးမင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဧည့်သည်တော်များရှင့်-

ပညာရေးဝန်ကြီးဌာန ကလည်း အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍနှင့် ဆရာအတတ်ပညာကဏ္ဍစသည့်ကဏ္ဍအသီးသီးအတွက် ပြည်တွင်း ပြည်ပပညာရှင်များ၊ အဖွဲ့အစည်းအသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်များဝါဝင်သော နိုင်ငံတကာ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများကို ကျင်းပပြီး ဘက်စုံလွှမ်းခြုံသောပညာရေး အဆင့်မြင့်တင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကိုလည်း အားလုံးတွေ့မြင်နေကြရပြီဖြစ်ပါတယ်ရှင့်။ ဒီကြိုးပမ်းဆောင်ရွက်မှုတွေဟာ အခြေခံကျတဲ့ ဒီမိုကရေစီပညာရေး ပြုပြင်ပြောင်းလဲမှု ဆိုင်ရာဆောင်ရွက်ချက်များပင်ဖြစ်ပါတယ်ရှင့်။



ကျောင်းသား ကျောင်းသူကိုယ်စားလှယ် မအိမ့်သက်ထားနိုင်

ဒီမိုကရေစီ နေထိုင်မှု အမူအကျင့်ကောင်းများဖြစ်သော အပြန်အလှန်ဆွေးနွေးတတ်မှု၊ လေးစားယုံကြည်တတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုများကို အခြေခံပညာကဏ္ဍမှစ၍ လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိပါတယ်။ အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ကျောင်းသားကျောင်းသူ တစ်ဦးတစ်ယောက်ချင်းစီက မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် တိုးတက်အောင် ပြုလုပ်တတ်သော အလေ့အကျင့်ကောင်းများကိုလည်း လေ့ကျင့်ပျိုးထောင်ပေးနေကြပါတယ်။ အဆင့်မြင့်ပညာကဏ္ဍရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှာလည်း သင်ရိုးညွှန်းတမ်းပြင်ပလှုပ်ရှားမှုများကို ပြုလုပ်ကျင်းပပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အားလုံးကို တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်စေခြင်းဖြင့် ဒီမိုကရေစီလူ့ဘောင်အတွင်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်တတ်၊ ကြင်နာတတ်၊ အများအကျိုးသယ်ပိုးတတ်တဲ့ ဒီမိုကရေစီစိတ်ဓာတ်များ ဖြစ်ပေါ်စေပါတယ်။

ကျွန်မတို့ မိတ္ထီလာတက္ကသိုလ်မှာလည်း ဒီမိုကရေစီ အလေ့အထကောင်းများရရှိအောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါတယ်။ ထိုပျိုးထောင်မှုများဟာ အသိဉာဏ်ပညာပြည့်ဝသော ဒီမိုကရေစီမြတ်နိုးထိန်းသိမ်းတတ်တဲ့ အနာဂတ် လူငယ်လူရွယ်များဖြစ်လာမှာ ဧကန်မလွဲပါဘူးရှင့်။

ဒါ့အပြင် ဆရာအတတ်ပညာကဏ္ဍတွင်လည်း ပညာရေးကောလိပ်များကို ဒီဂရီကောလိပ်များအဖြစ် တိုးမြှင့်ရန် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်ရှင့်။

ဂုဏ်သရေရှိ လူကြီးမင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဧည့်သည်တော်များရှင့်-

နိဂုံးချုပ်အနေဖြင့် ယခုနှစ် "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀သို့ "ဆိုတဲ့ အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ဆောင်ပုဒ်၏ အနှစ်သာရ ပြည့်ဝစေရေးအတွက် ဂုဏ်သရေရှိ လူကြီးမင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဧည့်သည်တော်ကြီးများနှင့် ပြည်သူလူထုတစ်ရပ်လုံးက တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့လို့ ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်ရှင့်-ကျေးဇူးတင်ပါတယ်ရှင့်။

## အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုယ်စားပြု စွမ်းရည်ရှေ့ဆောင်လူမှုရေးအသင်း ကိုယ်စားလှယ်ဦးကေးယုံ ဖတ်ကြားသည့် စာတမ်း

(၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့သည် ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် အီဂျစ်နိုင်ငံကိုင်ရိုမြို့၌ အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂက အတည်ပြုခဲ့ပြီးနောက် (၁၀)နှစ်အကြာ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီကြေညာစာတမ်းအနေဖြင့် အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့သည် အစဉ်အလာအရ အခမ်းအနားကျင်းပရုံ သက်သက်သာမဟုတ်ဘဲ စစ်မှန်သည့် ဒီမိုကရေစီနည်းကျသော၊ တရားမျှတမှုရှိသော ပို၍ ကောင်းမွန်သည့် လူ့အဖွဲ့အစည်းသို့ ရှေးရှုလုပ်ဆောင်ခွင့်ရသည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ပါသည်။ ဤသည်မှာ စိတ်ကူးစိတ်သန်းသက်သက်မဟုတ်ဘဲ ကျွန်ုပ်တို့နေ့စဉ်တည်ဆောက်နေရသည့် အရှိတရားအသစ်ဖြစ်သကဲ့သို့ တည်တံ့ခိုင်မြဲသည့် လွတ်လပ်မှုကိုလည်း ကိုယ်စားပြုပါသည်။ ဒီမိုကရေစီသည် အုပ်ချုပ်ပုံစနစ်သက်သက်မဟုတ်ဘဲ နိုင်ငံသူ နိုင်ငံသားများအားလုံးကို အရေးအရာအားလုံးတွင် တရားဝင်ပါဝင်ဆောင်ရွက်နိုင်ခွင့်ရစေသည့် ဖြစ်စဉ်တစ်ရပ်လည်းဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် ဒီမိုကရေစီအခြေကျနိုင်ရန် စွန့်လွှတ်အနစ်နာခံမှုများစွာနှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါသည်။ မြန်မာနိုင်ငံအတွက် အခြေခံကျတဲ့ ဒီမိုကရေစီဖွံ့ဖြိုးရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များတွင် ကျွန်ုပ်တို့ အရပ်ဘက် လူမှုအဖွဲ့အစည်းများ တက်ကြွစွာပါဝင် ဆောင်ရွက်ကြခြင်းသည် ဂုဏ်ယူဖွယ်အစဉ်အလာဖြစ်ပါသည်။

ဒီနှစ်အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ဆောင်ပုဒ်ဖြစ်သည့်"ဒီမိုကရေစီနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ၂၀၃၀ လုပ်ငန်းအစီအစဉ်"က လွတ်လပ်မှု၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် လူမှုရေးတရားမျှတမှုတို့ကို ပိုင်နိုင်စွာရရှိစေရေးတွင် ပြည်သူပြည်သားများပါဝင်ခွင့် ရရှိရန်လိုကြောင်း ထပ်လောင်းသတိပေးလျက်ရှိပါသည်။ ထို့ပြင် ပြည်သူပါဝင်ခွင့်ကို ကာကွယ်ရေး၊ အရင်းအမြစ်များရယူသုံးစွဲနိုင်ခွင့်ရရေးတို့အတွက် ထပ်မံတောင်းဆိုချက်တစ်ရပ်လည်း ဖြစ်ပါသည်။ လူမျိုး၊ ဘာသာနှင့် လိင်စိတ်ခံယူမှုကွဲပြားခြင်းများအပေါ် ခွဲခြားမှုကင်းစွာဖြင့် ပြည်သူများ၏ အမျိုးမျိုးသော အကျိုးစီးပွားများ အထူးသဖြင့် အန္တရာယ် ကျရောက်လွယ်သူများဖြစ်သည့် အမျိုးသမီးများ၊ လူငယ်များ၊ ကလေးသူငယ်များနှင့် တိုင်းရင်းသားမျိုးနွယ်စုတို့၏ အရေးနှင့်အသံများကို ကြားသိနိုင်စေရန် အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံသားတို့ကြား ပို၍အပြန်အလှန်ဆွေးနွေးညှိနှိုင်းရန်လည်း တောင်းဆိုရမည်ဖြစ်ပါသည်။ တက်ကြွစွာပါဝင်လှုပ်ရှားမှု အားလုံးပါဝင်ဆောင်ရွက်နိုင်မှုတို့သည် ဒီမိုကရေစီကိုဖွံ့ဖြိုးစေပါသည်။ "စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင် ၂၀၃၀ လုပ်ငန်းအစီအစဉ်"ကို အကောင်အထည်ဖော်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုအသိအမှတ်ပြုပြီး လျော်ကန်စွာပါဝင်စေခြင်းသည် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး အစီအစဉ်အောင်မြင်မှုအတွက် လိုအပ်သော အောက်ခြေလူတန်းစားများ ပါဝင်မှုကိုပါရရှိနိုင်စေမည်ဖြစ်သည်။

ဒီမိုကရေစီဖြစ်စဉ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် အနုပညာရေးရာစတဲ့ နယ်ပယ်အားလုံးကို ဦးတည်ဆောင်ရွက်ဖြေရှင်းရာတွင် လူ့အခွင့်အရေး၊ လွတ်လပ်မှု၊ လူနည်းစုအခွင့်အရေး၊ ပါလီမန်ဒီမိုကရေစီ၏ ဥပဒေသများနှင့် ဥပဒေစိုးမိုးရေးများကို လေးစားလိုက်နာရန် အရေးကြီးလှပါသည်။ နိုင်ငံသားများ၏ လွတ်လပ်မှုနှင့် ရပိုင်ခွင့်များကို အမြင့်ဆုံးနိုင်ငံတကာ စံနှုန်းများနဲ့အညီ ရရှိနိုင်စေရန် ထိရောက်သည့် နည်းနာ ဥပဒေသများနှင့် တွန်းအားပေးဆောင်ရွက်ရပါမည်။

ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံသားတိုင်းအတွက် ဒီမိုကရေစီနည်းကျအခွင့်အရေးများနှင့် လွတ်လပ်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသေအချာထည့်သွင်းပြဋ္ဌာန်းထားနိုင်ရေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍသည် လွန်စွာအဓိကကျအရေးကြီးလှပါသည်။ နိုင်ငံသားများ၏ ပြည်သူ့ရေးရာကဏ္ဍနှင့် နိုင်ငံရေးဘဝများတွင် လွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်မှုသည် ဒီမိုကရေစီစံနှုန်းမြင့်မားမှုနှင့် ဒီမိုကရေစီကို ကာကွယ်ပေးမှုပင်ဖြစ်သည်။ လွှတ်တော်များအနေဖြင့်လည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုပြီး နိုင်ငံတကာ ကွန်ဗင်းရှင်းများ၊ စာချုပ်စာတမ်းများ၊ တိုက်တွန်းအကြံပြုချက်များ (UPR,CEDAWနဲ့ CRC) ကိုအစိုးရက ထိရောက်စွာ အကောင်အထည်ဖော်စေရေးအပြင် ICESCR,ICCPRနှင့် အခြားအရေးကြီး ကွန်ဗင်းရှင်းများကိုလည်း အမြန်သဘောတူလက်မှတ်ရေးထိုးနိုင်ရန် ကျွန်ုပ်တို့က တောင်းဆိုပါသည်။ အရေးကြီးဆုံးအချက်မှာ လူ့အဖွဲ့အစည်း၏ ထွေပြားစုံလင်မှုနှင့် မတူကွဲပြားသော လူမှုအုပ်စုအသီးသီးတို့၏ မတူညီသော တန်ဖိုးများနှင့် အကျိုးစီးပွားများကိုလေးစားပြီး ဥပဒေပြုအဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့အစည်းများသည် လူနည်းစုလူမှုအသိုင်းအဝိုင်းအသီးသီးတို့၏ ကိုယ်စားပြုမှုကို ကာကွယ်မြှင့်တင်ရပါမည်။



အရပ်ဘက် လူမှုအဖွဲ့အစည်းများ ကိုယ်စားပြု စွမ်းရည်ရှေ့ဆောင်လူမှုရေးအသင်း ကိုယ်စားလှယ်ဦးကေးယုံ

"စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်-၂၀၃၀ လုပ်ငန်းအစီအစဉ်" သို့ လျှောက်လှမ်းရာတွင် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့သည် နိုင်ငံတော်၏အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကြား ပိုမိုကျယ်ပြန့်သည့် ဆက်သွယ်မှုနှင့် မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု ဖြစ်စဉ်အတွက် သိသာထင်ရှားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သည့် အနာဂတ်ဖြစ်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကြား ချိတ်ဆက်မှုယန္တရားကိုလည်း ပို၍ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများကြား အထူးအမြန်ဆက်သွယ်ရေးလမ်းကြောင်းများ ထူထောင်ရန်စဉ်းစားသင့်သည့်အပြင် ဒီမိုကရေစီ ပိုမိုဖွံ့ဖြိုးရေးအတွက် အရေးပါသည့်လူငယ်များ၏ အခန်းကဏ္ဍကိုလည်းမြှင့်တင်ရန် အလေးထားရပါမည်။ မကြာမီကကျင်းပခဲ့သော (၂၁)ရာစုပင်လုံညီလာခံတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောဆိုခဲ့သည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဝင်စေရေးကို ကျွန်ုပ်တို့အခိုင်အမာထောက်ခံပါသည်။ ခေါင်းဆောင်မှုနှင့် အဆုံးအဖြတ်ပေးရသည့် နိုင်ငံတော်အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်အားလုံးတွင် အမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဝင်စေရေးကို ထပ်လောင်းတောင်းဆိုပါသည်။ ပိုမိုကောင်းမွန်သည့် ဒီမိုကရေစီလူ့ဘောင်သို့ တက်လှမ်းရာတွင် နိုင်ငံတော်အဖွဲ့အစည်းများ အထူးအားဖြင့် ဥပဒေပြုသူများအနေဖြင့် နိုင်ငံသားတစ်ဦးချင်းစီ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးကို အာမခံချက်ပေးပြီး "ပြည်သူများ၏ ပြည်သူများက ပြည်သူ့အတွက်" ကျွန်ုပ်တို့အတူတကွ ချီတက်ကြပါမည်။

# ကချင်ပြည်နယ် ဒီမိုကရေစီပါတီကိုယ်စားလှယ် ဦးလမာနော်အောင် ဖတ်ကြားသည့်စာတမ်း

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ ကြွရောက်လာကြသော ဒီမိုကရေစီရှင်သန်ရေး ကြိုးပမ်းဆောင်ရွက်နေကြသည့် နိုင်ငံခေါင်းဆောင်များ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံတကာ သံတမန်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။


မင်္ဂလာရှိသောနေ့တွင် မင်္ဂလာရှိသော ဒီမိုကရေစီအကြောင်းစာတမ်းဖတ်ခွင့်ရသောကြောင့် ဝမ်းမြောက်မိပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် အင်ဂျန်းယန် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောင်ဖြစ်ပါတယ်။ ကချင်ပြည်နယ် ဒီမိုကရေစီပါတီကိုယ်စား စာတမ်းကို ဖတ်ကြားသွားပါမယ်။

**လူကြီးမင်းများခင်ဗျား -**

လူသားများသည် သက်ဦးဆံပိုင် ဘုရင်စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်၊ ကွန်မြူနစ်စနစ်၊ တစ်ပါတီအာဏာရှင်စနစ်၊ စစ်အာဏာရှင်စနစ်၊ ဒီမိုကရေစီစနစ်စသည်ဖြင့် ခေတ်စနစ်အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ကြပါသည်။ ခေတ်စနစ်များသည်လည်း အစဉ်အမြဲ ပြောင်းလဲတိုးတက်နေရာ ဒီမိုကရေစီစနစ်သည် လူသားများအတွက် အသင့်တော်ဆုံးစနစ်အဖြစ် ယနေ့ကမ္ဘာ့နိုင်ငံများက လက်ခံကျင့်သုံးနေကြပါသည်။

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည်လည်း ဒီမိုကရေစီစနစ်သို့ ကူးပြောင်းကျင့်သုံးခါစပြုနေပြီဖြစ်ပါတယ်။ ပထမလွှတ်တော်သက်တမ်းကို ကျော်ဖြတ်ပြီး ဒုတိယလွှတ်တော်သက်တမ်းကာလသို့ ဝင်ရောက်နေပြီ ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းကျင့်သုံးစဖြစ်သောကြောင့် နိုင်ငံသားတိုင်းသည် ဒီမိုကရေစီစနစ်၏ ကျင့်စဉ်၊ တန်ဖိုး၊ အလေ့အကျင့်၊ အတွေးအခေါ်များကို စိတ်ရှည်သည်းခံပြီး သင်ယူလေ့လာရမည်ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရှင်သန်ကြီးထွားနေပြီးဖြစ်သော နိုင်ငံများကိုလည်း သင်ခန်းစာယူရပါမည်။

ဒီမိုကရေစီစနစ် ဖြစ်ထွန်းရှင်သန်ရန်အတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲလည်းရှိရမည် ဖြစ်ပါသည်။ ပြည်သူများသည် မိမိတို့လိုလားသော ပါတီ၊ ကိုယ်စားလှယ်ကို ရွေးချယ်တင်မြှောက်ခွင့်ရှိပြီး မိမိကိုယ်တိုင်လည်း ဝင်ရောက်ရွေးချယ်ခွင့်ရှိခြင်းသည် ဒီမိုကရေစီ၏အနှစ်သာရပင်ဖြစ်ပေသည်။ ဒီမိုကရေစီရှင်သန်ကြီးထွားရန်



ကချင်ပြည်နယ် ဒီမိုကရေစီပါတီကိုယ်စားလှယ် ဦးလမာနော်အောင်

အတွက် ကျွန်ုပ်တို့နိုင်ငံတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပြည်သူလက်တွဲဖော်ဆောင်ပါက မြန်ဆန်တိုးတက်မှု ရှိလာမည်ဖြစ်ပါသည်။

လူတစ်ဦးတစ်ယောက်ချင်းသည်လည်း မျှတမှု၊ လွတ်လပ်မှုကို အခြေခံသော ဒီမိုကရေစီစနစ်ကို မိသားစု၊ ပတ်ဝန်းကျင်တွင် လိုက်နာကျင့်သုံးလေ့ကျင့်ရပါမည်။ ထိုအခါမှသာ ပိုမိုကျယ်ပြန့်နက်နဲသော လူ့အသိုင်းအဝိုင်း၊ နိုင်ငံအတွက် ဒီမိုကရေစီစနစ်၏ တန်ဖိုးကို ဖော်ပြနိုင်၊ အသုံးချနိုင်ပါမည်။ ထိုအခါမှသာ နိုင်ငံတကာ ပါလီမန်အဖွဲ့က သတ်မှတ်သော "အားလုံးပူးပေါင်းပါဝင်စို့၊ ဒီမိုကရေစီ ၂၀၃၀ သို့"ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံသားများလည်း ပူးပေါင်းဆောင်ရွက်မှု တာဝန်ကျေပါမည်။

ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် တည်ဆောက်ရေးတွင် တရားဥပဒေ စိုးမိုးရေးနှင့် လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးသည် အလွန်အရေးကြီးသလို အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ ပါဝင်ရေးသည်လည်း မရှိမဖြစ် လိုအပ်လှပါသည်။

**ညီ့သည်တော်များခင်ဗျား -**

လူမျိုးပေါင်းစုံနေထိုင်သော ကျွန်ုပ်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတွင် အရာရာကို အများဆန္ဒနှင့်သာ ဆုံးဖြတ်မည်ဆိုပါကလည်း လူနည်းစုများ၏ အခွင့်အရေးနှင့် လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပါ။ မျှတသော အတွေးအခေါ်ရှိဖို့ လိုအပ်လှပါသည်။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူနည်းစုတို့၏ အခွင့်အရေးကို ကာကွယ်ပေးသော ဥပဒေများ ပြဋ္ဌာန်းပေးဖို့လည်း လိုအပ်ပါသည်။

ဒီမိုကရေစီထွန်းကားရန် အထူးလိုအပ်သောအရာသည် ငြိမ်းချမ်းတည်ငြိမ်သော နိုင်ငံဖြစ်ဖို့ အထူးလိုအပ်လှပါသည်။ ငြိမ်းချမ်းမှုရှိမှသာ ပြည်သူလူထု၏ လိုအပ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ အချိန်ကာလကြာရှည်နေပြီဖြစ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ၏ လိုအင်ဆန္ဒကိုလည်း ဒီမိုကရေစီ စံချိန်၊ စံညွှန်း တန်ဖိုးများနှင့်အညီ ညှိနှိုင်းအဖြေရှာဖြေရှင်းသွားပါက ပြေလည်မှုရရှိကာ တိုင်းရင်းသားပြည်သူများ ပျော်ရွှင်နိုင်ပေမည်။

သို့ဖြစ်ပါ၍ နိုင်ငံတကာပါလီမန် အဖွဲ့အစည်းက သတ်မှတ်သော "အားလုံးပူးပေါင်းပါဝင်စို့၊ ဒီမိုကရေစီ ၂၀၃၀ သို့"ဟူသော ဆောင်ပုဒ်နှင့်အညီ ပူးပေါင်းဆောင်ရွက်သွားပါက မကြာမီကာလ၌ တည်ငြိမ်အေးချမ်းသာယာပြီး ဒီမိုကရေစီ အခြေခံသော ဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံ ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါသည်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ ကိုယ်စားလှယ် ယန်ကျင်းကန် ဖတ်ကြားသည့်စာတမ်း

ယနေ့ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီကို ကိုယ်စားပြုစာတမ်းဖတ်ကြားမည့် ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ယန်ကျင်းကန် ဖြစ်ပါတယ်။

အခုလို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားမှာ ပါတီကိုယ်စားပြု စာတမ်းဖတ်ကြားရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

**ဧည့်သည်တော်များခင်ဗျား-**

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကို ကျင်းပခြင်းရဲ့ ရည်ရွယ်ချက်များထဲမှာ ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးလျက်ရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံများကို ဂုဏ်ပြုရန်ဆိုတဲ့ အချက်ဟာ ဒီမိုကရေစီစနစ်ကို ကူးပြောင်းစ ကျွန်တော်တို့ နိုင်ငံအဖို့ ဒီအခမ်းအနားကို ဝမ်းမြောက်ဂုဏ်ယူစွာ ကျင်းပရမှာဖြစ်သလို အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခြင်းရဲ့ ပြယုဂ်တစ်ခုဖြစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေကြောင်း ဒီမိုကရေစီသမိုင်းမှတ်တိုင်စိုက်ထူနေခြင်းလည်း ဖြစ်ပါတယ်။

**ဧည့်သည်တော်များခင်ဗျား-**

ဒီမိုကရေစီ သဘောတရားဟာ လေးနက် ကျယ်ပြန့်လှပါတယ်။ ဆရာကြီး ဒဂုန်တာရာကတော့ "မတည့်အတူနေ (သို့မဟုတ်)မတူအတူနေ" ဝါဒလို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြောင်း မှတ်သားရပါတယ်။

အဓိပ္ပာယ် မည်သို့ပင်ဖွင့်ဆိုစေကာမူ ပြည်သူများကရွေးချယ်တဲ့ အစိုးရက ပြည်သူများ၏ အရေးအရာများကို ဆောင်ရွက်ခြင်းဆိုတဲ့ ရိုးရှင်းပြီး လူသားအလွန်ဆန်သော ဝါဒစနစ်တစ်ခုဖြစ်တယ်လို့ ခံယူမိပါတယ်။

ဒီမိုကရေစီနိုင်ငံမှာရှိတဲ့ အစိုးရတစ်ရပ်ဟာ နိုင်ငံရဲ့ ပကတိအရှိတရားများကို မျက်ခြည်မပြတ်စေဘဲ ပြည်သူများရဲ့ အကျိုးစီးပွားကို ဗဟိုပြုပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ အုပ်ချုပ်နိုင်မှသာ စစ်မှန်တဲ့ ဒီမိုကရေစီအစိုးရတစ်ရပ် ဖြစ်နိုင်ပါလိမ့်မယ်။

**ဧည့်သည်တော်များခင်ဗျား-**

ဒီမိုကရေစီစနစ်မှာ အစိုးရက ရုပ်သိမ်းခွင့်မရှိတဲ့ မွေးရာပါအခြေခံလူ့အခွင့်အရေးကို နိုင်ငံသားတိုင်းမှာရှိကြရတဲ့အပြင် ဒီမိုကရေစီနိုင်ငံတစ်ခုရဲ့ စံနှုန်းကို ၎င်းနိုင်ငံရှိ ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှုနှင့် ပြည်သူများရဲ့ အခြေခံလူ့အခွင့်အရေးရရှိခံစားရမှုအပေါ်မှာပဲ စံထားချိန်ထိုးရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ မတူညီတဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများစွာနဲ့ ရောယှက်နေထိုင်ကြတဲ့ တိုင်းရင်းသားပေါင်းစုံရှိကြတဲ့အတွက် ဒီမိုကရေစီစနစ်အရ အများစု၏ ဆန္ဒသဘောထားအပေါ် အခြေခံရမှာဖြစ်သော်လည်း တစ်မျိုးနွယ်ချင်း အနည်းစုဖြစ်နေကြတဲ့ လူနည်းစုများစွာရဲ့ အခွင့်အရေးများကိုလည်း လျစ်လျူရှုလို့ မရပါဘူး။

လူနည်းစုများ လွှမ်းမိုးအနိုင်ကျင့် မခံရအောင် နည်းလမ်းရှာဖွေခြင်းဟာ ဒီမိုကရေစီစံနှုန်းကို မြှင့်တင်ခြင်းဖြစ်ပါတယ်။

**ဒါကြောင့် အချုပ်အားဖြင့် တင်ပြရလျှင်-**

ကျွန်တော်တို့ရဲ့ ပွင့်သစ်စ ဒီမိုကရေစီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် အတားအဆီး အခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး အောင်မြင်မှုများကို စဉ်ဆက်မပြတ်ရရှိပိုင်ဆိုင်နိုင်ပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှ မျှော်လင့်တောင့်တနေကြသည့် စစ်မှန်သည့်ဒီမိုကရေစီအသီးအပွင့်များကို ပြည့်ဝစွာ၊ တန်းတူညီစွာ ရရှိခံစားနိုင်ကြပါစေကြောင်း ဆုတောင်းဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။



ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ ကိုယ်စားလှယ် ယန်ကျင်းကန်

ဆက်လက်ဖော်ပြပါမည်။

# အဖျောက်–ဥတိုလမ်းပိုင်းရှိ ရေစီးနှင့်မျောပါခဲ့သော တံတားအား နှစ်ထပ်ဘေလီတံတား ဆောက်လုပ်ပြီးစီး၍ ကားများဖြတ်သန်းခွင့်ပြု

**တိုက်ကြီး စက်တင်ဘာ ၁၆**

တိုက်ကြီးမြို့နယ် အဖျောက်-ဥတိုလမ်းပိုင်း ရေကြီးချိန်ရေစီးနှင့်မျောပါခဲ့သော တံတားအမှတ် (၁/၁၀) အစား တံတားအထူးအဖွဲ့ (၁၁) မှ တာဝန်ယူတည်ဆောက်လျက်ရှိသော နှစ်ထပ်ဘေလီတံတားတပ်ဆင်မှုနှင့် လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော တံတားချဉ်းကပ်လမ်းပြီးစီးသဖြင့် စက်တင်ဘာ ၁၄ ရက်မှစတင်၍ ကားများဖြတ်သန်းမောင်းနှင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ (၁/၁၀) တံတား ရေစီးနှင့်မျောပါချိန်မှစ၍ ယခုဘေလီတံတားမပြီးခင်အထိ ခရီးသွားပြည်သူများ လှေဖြင့်တစ်ဆင့်စီး၍ သွားလာလျက်ရှိရာ တစ်ဦးလျှင် လှေစီးခ ကျပ် ၅၀၀၊ ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၁၀၀၀၊ အလေးချိန် အလိုက် တစ်အိတ်လျှင် ကျပ် ၃၀၀ မှ ကျပ် ၅၀၀ အထိပေး၍ ဖြတ်သန်းလျက်ရှိရာ ယခုလို တံတားဆောက်လုပ်ပြီးစီး၍ ကားများ မောင်းနှင်ခွင့်ရသည့်အတွက် ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။



ထွန်းလှိုင်(မြိုင်)

# အခြေခံပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကျင်းပ

**ကနီ စက်တင်ဘာ ၁၆**

မြို့နယ်မှ ခရိုင် ခရိုင်မှတိုင်း၊ တိုင်းမှသည် နိုင်ငံ့လက်ရွေးစင်အထိ လူငယ်အားကစားသမားများ ပေါ်ထွက်လာရေးအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အကယ်ဒမီကျောင်းများ တည်ထောင်ဆောင်ရွက်နေသလို ယခု စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဖလား မြို့နယ်အဆင့် အခြေခံပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ မြို့နယ်ပညာရေးမှူးဖလား မြို့နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ နယ်မြေဇုန်ခြောက်ခုမှ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများက ဘောလုံးပြိုင်ပွဲ၌ ယူ-၁၆ အဆင့်တွင် အသင်းခြောက်သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်းမျိုးစုံကိုလည်း ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာကျောင်းပေါင်းစုံ ယူ-၁၆ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၈ နာရီတွင် ကနီ အထက(၁)အသင်းနှင့် နတ်ကြီးဇုန် အထက ဘောလုံးအသင်းတို့ နောက်ဆုံးဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ကနီ အထက(၁) အသင်းက နတ်ကြီးဇုန် အထက အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမနှင့် နတ်ကြီးဇုန် အထကအသင်းက ဒုတိယရရှိခဲ့ကြောင်း သိရသည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ပြီး အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သန်းဌွေးအောင်(ကနီ)

# ကျန်းမာဝဖြိုးဝင်ငွေတိုးစေမည့် 'မျှစ်'

ရတနာစိုး(အမျိုးသားစာပေဆု)

ဝါးသည် နှစ်ရှည်ခံ မြက်ကြီးမျိုးရင်းဖြစ်ပါသည်။ သဘာဝအားဖြင့် စွတ်စိုသော မုတ်သုံသစ်တောများတွင် အလွန်သန်စွမ်းပြီး သမပိုင်းတွင် အသင့်အတင့်ဖြစ်၍ ခြောက်သွေ့သော အပူပိုင်းဒေသတွင် အပင်ပုများအဖြစ် ပေါက်ရောက်သည်။

ဝါးကိုအမျိုးမျိုး အသုံးပြုကြသည်။ ဆောက်လုပ်ရေးပစ္စည်း၊ ပရိဘောဂ၊ ခြံစည်းရိုး၊ ပျော့ဖတ်နှင့် စက္ကူ၊ ပန်းပုမှစ၍ လူတို့၏ အစားအစာ၊ အဝတ်အထည်၊ ခေါင်းအုံး၊ မွေ့ရာနှင့် တိရစ္ဆာန်အစားအစာများအဖြစ် အသုံးပြုကြသည်။ ဝါးကိုအသုံးပြု၍ ထုတ်ကုန်များထုတ်လုပ်ရာတွင် ရင်းနှီးမြှုပ်နှံမှု များစွာမလိုအပ်သော်လည်း လူလုပ်အားများစွာ လိုအပ်ပါသည်။

ကမ္ဘာပေါ်တွင် လူသန်းပေါင်း ၆၀၀ ကျော်သည် ဝါးမှရရှိသော ဝင်ငွေကို အမှီပြုနေကြရသည်။ ဝါးသည် ကျေးလက်နေပြည်သူများနှင့် လွယ်ကူစွာ ဆက်စပ်ထိတွေ့မှုရှိသဖြင့် ဝါးစိုက်ပျိုးမှုကို ဖွံ့ဖြိုးအောင်ပြုလုပ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ ဘဝတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပေသည်။

ဝါးစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာတိုက်စားမှုကြောင့် မြေဆီလွှာဆုံးရှုံးခြင်းကို ကာကွယ်နိုင်ခြင်း၊ လေကိုသန့်ရှင်းစေရန် လေစစ်ပေးနိုင်ခြင်း စသည့်အကျိုးများ ရရှိစေသည်။ ရေမြေရာသီဥတု တူညီသည့်နေရာတစ်နေရာတည်းတွင် သစ်နှင့်ဝါးစိုက်ပျိုး၍ ဝင်ငွေနှိုင်းယှဉ်မည်ဆိုပါက သစ်စိုက်ပျိုးခြင်းထက် အဆ ၂၀ ခန့် ဝါးစိုက်ပျိုးခြင်းမှ အကျိုးအမြတ်ရရှိနိုင်မည်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်မှစ၍ ကမ္ဘာ့ဝါးနှင့်ဝါးထွက်ပစ္စည်း တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇ ဘီလီယံခန့်ရှိပြီး ယင်းအနက် ၁ ဒသမ ၅ ဘီလီယံသည် မျှစ်ထုတ်လုပ်တင်ပို့မှုမှရရှိသော ဝင်ငွေဖြစ်သည်။ တရုတ်နိုင်ငံမှ အများဆုံးထုတ်လုပ်တင်ပို့နိုင်ပြီး ဈေးကွက်၏ ၆၂ ရာခိုင်နှုန်း ရရှိထားကြောင်း သိရပါသည်။ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ဝါးနှင့် ဝါးထွက်ပစ္စည်း တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၀ ဘီလီယံထိ ရရှိနိုင်မည်ဟု သုံးသပ်ထားကြသည်။



### နိုင်ငံအလိုက် ဝါးပေါက်ရောက်မှုဧရိယာ

မြန်မာနိုင်ငံအတွင်း ဝါးမှထွက်ရှိသော မျှစ်စို့မှာ မိုးဦးကျနှင့် မိုးလယ်ကာလတွင် အများဆုံးထွက်ရှိပြီး လတ်လတ်ဆတ်ဆတ်ချက်ပြုတ်၍လည်းကောင်း၊ မျှစ်ကိုပြုတ်၍ အသုပ်အဖြစ်လည်းကောင်း၊ အချဉ်တည်နည်း၊ အခြောက်ခံနည်းဖြင့်လည်းကောင်း စားသုံးကြသည်။ အဆင့်အတန်းမရွေး နှစ်ခြိုက်စွာစားသုံးကြပြီး မိရိုးဖလာအစားအစာတစ်ခုဖြစ်ပေသည်။ လွန်ခဲ့သောနှစ်များက အစိုးရစည်သွပ်စက်ရုံများမှ ထုတ်လုပ်သော မျှစ်နှင့် စတော်ပဲရောစပ်၍ စည်သွပ်ဘူးဖြင့် ထုတ်လုပ်သော မျှစ်စည်သွပ်ဘူးများမှာ အရည်အသွေးကောင်းပြီး အရသာနှင့်ပြည့်စုံ၍ ဝယ်ယူစားသုံးကြသည်။

### ကမ္ဘာ့မျှစ်ကုန်သွယ်မှု

ဝါးမှရရှိသော မျှစ်စို့အား စနစ်တကျပြုပြင်ထုတ်လုပ်၍ နိုင်ငံအသီးသီးသို့တင်ပို့သည့် ကမ္ဘာ့မျှစ်ဈေးကွက်သည် ဝယ်လိုအား တစ်နှစ်ထက်တစ် နှစ်ဆတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ မျှစ်သည် အာဟာရဓာတ်ပြည့်စုံသည်။ အဆိပ်အတောက်ကင်းပြီး ခန္ဓာကိုယ်အလေးချိန် လျှော့ချနိုင်သည်။ ပေါပေါများများရနိုင်ပြီး အရသာလည်းကောင်းမွန်သည်။ လူတို့၏ ကျန်းမာရေးအတွက် အထောက်အကူဖြစ်ကြောင်း ပိုမိုနားလည် သိရှိလာကြသည်။

### မျှစ်တွင်ပါဝင်သော အာဟာရဓာတ်များ

လတ်ဆတ်သောမျှစ် ၁၀၀ ဂရမ်တွင် -

| | |
|---|---|
| MOISTURE | 90.86 gm |
| Protein | 2.65 gm |
| Fat | 0.49 gm |
| Saccharines | 2.50 gm |
| Soluble Saccharines | 1.53 gm |
| Coarse Fiber | 0.58 gm |
| Ash | 0.88 gm |
| Phosphorus | 60 gm |
| Iron | 0.8 gm |
| Calcium | 12.8 gm |

### ကမ္ဘာ့မျှစ်တင်သွင်းမှု၊ တင်ပို့မှု

ဂျပန်နိုင်ငံသည် ၂၀၁၀ ခုနှစ်နောက်ပိုင်း ပြည်တွင်းထုတ်လုပ်နိုင်မှုကျဆင်းလာပြီး တင်သွင်းမှုတန်ချိန်နှစ်သိန်းငါးသောင်းကျော်ရှိကြောင်း သိရသည်။ အဓိကမျှစ်ဈေးကွက်ကြီးများမှာ ဥရောပ-အမေရိကန်ဈေးကွက်၊ ဂျပန်ဈေးကွက်နှင့် အရှေ့တောင်အာရှ ဈေးကွက်တို့ဖြစ်သည်။

ကမ္ဘာ့အဓိကမျှစ်ထုတ်လုပ်သည့်နိုင်ငံများမှ တရုတ်၊ ဂျပန်၊ ထိုင်ဝမ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော လာအို၊ ကမ္ဘောဒီးယား၊ ဘန်ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့လည်း ထုတ်လုပ်တင်ပို့လာကြသည်။

တရုတ်နိုင်ငံတွင် ၂၀၁၄ ခုနှစ်နောက်ပိုင်း မျှစ်ထုတ်လုပ်မှုမှာ တန်ချိန် ၁ ဒသမ ၆ သန်းခန့် ထုတ်လုပ်နိုင်ပြီး နှစ်စဉ်မျှစ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၂၂၀ ခန့် ဝင်ငွေရရှိသည်။

မျှစ်ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမျှစ်ရရှိစေရန် ဝါးမျိုးများအား စနစ်တကျရွေးချယ်စိုက်ပျိုးရမည်ဖြစ်သည်။ သဘာဝတောတောင်များမှ ဦးသူယူစနစ်ဖြင့် မျှစ်ချိုးယူနေပါက မကြာခင် ဝါးမျိုးပြုန်းတီးသွားမည်ဖြစ်ပြီး မျှစ်အရည်အသွေးလည်း ထိန်းသိမ်းနိုင်ရန် အခက်အခဲရှိနိုင်မည်။ စနစ်တကျ ဝါးမျိုးကောင်းမျိုးသန့်ရွေးချယ်ပြီး ကိုယ်တိုင်စိုက်ပျိုးရန် အဓိကအချက်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မျှစ်အဖြစ်စားသုံးနိုင်သော ဝါးမျိုးများမှာ ဝါးဘိုးဝါး၊ ကြသောင်းဝါး၊ ဝါးဘိုးမျက်ဆံကျဲ၊ ဂုံဝါး၊ မျှင်ဝါး၊ ကရင်ဝါး၊ ကျလို့ဝါး၊ ဝါးကောက်၊ ဝါးနွယ်၊ ဝါးဂုတ်၊ အလောင်းစည်သူဝါး အစရှိသည့်ဝါးမျိုးမှ ထုတ်လုပ်စားသုံးကြသည်။

မျှစ်ထုတ်လုပ်တင်ပို့သောနိုင်ငံများတွင် ဝါးဘိုး Dundrocalamus giganteus ဂုံဝါး၊ D.Latiflorus ဝါးဘိုးမျက်ဆံကျဲ D.hamitonii ကျလို့ဝါး၊ D.Asper Phyllostachy edulis P.Viridis စသည့် တပင်တိုင်ဝါးမျိုးများကို အသုံးပြု၍ မျှစ်ထုတ်လုပ်တင်ပို့ကြသည်။ ဂုံဝါးစိုက်ပျိုးပါက လေးနှစ်ကျော်ကာလတွင် တစ်ဟက်တာမှ မျှစ်စို့ ၁၅ တန်မှ တန် ၂၀အထိ ထွက်ရှိကြောင်း သိရသည်။

အဆိုပါ ဝါးမျိုးများအနက် မြန်မာနိုင်ငံတွင် ဝါးဘိုးဝါးနှင့် ဝါးဘိုးမျက်ဆံကျဲသည် နေရာအနှံ့ ပေါက်ရောက်၍ ဂုံဝါးသည် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တွင် တွေ့ရှိရပြီး ကျလို့ဝါးသည် တနင်္သာရီတိုင်းတွင် အများဆုံးပေါက်ရောက်သည်။ ဧရာဝတီတိုင်းနှင့် ရခိုင်ရိုးမတွင်တွေ့ရသော ကရင်ဝါး(ခရင်ဝါး) သည်လည်း မျှစ်အတွက် အထူးကောင်းမွန်သည်။

Dendrocalamus latiflorus Dendrocalamus giganteus Dendrocalamus asper Melocanna bambusoides မျှစ်အား လတ်လတ်ဆတ်ဆတ် အခွံခွာ၍ ထုတ်လုပ်မှသာ အနံ့အရသာ အရည်အသွေးကောင်းမွန်မည်ဖြစ်သည်။ မျှစ်ကို လိုသလို ပုံစံလှီးဖြတ်၍ အေးခဲ (Frozen) ပြုလုပ်ပြီး ထုတ်လုပ်ရောင်းချနိုင်သည်။ မျှစ်ပြုတ်သည့်အခါ ဖွဲနုအနည်းငယ်ထည့်၍ ပြုတ်ခြင်းဖြင့် အခါးဓာတ်လျှော့နည်းသွားသည်။ မျှစ်ကိုပြုတ်၍ စည်သွပ်ဘူးများတွင် ထည့်၍လည်း ထုတ်လုပ်ရောင်းချနိုင်သည်။ မျှစ်ခြောက်ပြုလုပ်ရန် မျှစ်ကိုပြုတ်၍ ခြောက်လခန့်ဖိသိပ်ပြီး နေလှမ်းခြင်းဖြင့် မျှစ်ခြောက်ပြုလုပ်နိုင်ပါသည်။ မျှစ်ကို အချဉ်ပြုလုပ်၍လည်း မျှစ်ချဉ်အဖြစ် စားသုံးကြသည်။

အရည်အသွေးကောင်းမျှစ်ကို အစားအသောက်အဖြစ်ထုတ်လုပ်ရာတွင် အရေးကြီးသော အချက်များမှာ မနုမရင့်မျှစ်ကို ရွေးချယ်၍ မြန်နိုင်သမျှမြန်အောင် အချိန်မဆွဲဘဲ ပြုပြင်ဆောင်ရွက်ရမည်။ မျှစ်အတွင်း ရေဓာတ်ခန်းခြောက်မှုကို ကာကွယ်ရမည်။ မျှစ်ပြုတ်သည့်အချိန်ကိုလည်း ဂရုပြုရန်လိုပါသည်။ ထုပ်ပိုးမှုစနစ်မြင့်တင်၍ (Quality Control) အရည်အသွေးစနစ်တကျ ထိန်းသိမ်းနိုင်လျှင် မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တင်ပို့နိုင်မည့် အလားအလာများစွာ ရှိပေသည်။



မြန်မာနိုင်ငံသည် ဝါးပေါက်ရောက်မှု ကမ္ဘာပေါ်တွင် တတိယနေရာတွင်ရှိပြီး ဧကလေးသန်းကျော်ရှိကြောင်းလည်း သိရသည်။ မျှစ်အား စနစ်တကျ ထုတ်လုပ်တင်ပို့နိုင်ပါက အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိနိုင်ပြီး အလုပ်လက်မဲ့ဦးရေ လျှော့ချနိုင်မည်ဖြစ်သည်။ ဝါးကို စိုက်ပျိုးသည်မှ မျှစ်ကုန်ချောထုတ်လုပ်သည်အထိ ရာသီချိန်တွင် လုပ်အားများစွာ လိုအပ်သည်။ ရိုးရှင်းလွယ်ကူသည့်နည်းဖြင့် မိသားစုတစ်ပိုင်တစ်နိုင် ထုတ်လုပ်နိုင်သည်။ ဝါးထွက်သည့် ကျေးရွာအုပ်စုအလိုက် စက်ရုံ၊ အလုပ်ရုံငယ်များဖြင့်လည်း ထုတ်လုပ်နိုင်သည်။ SME လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ပါက အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်ရုံသာမက ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိမည်ဖြစ်သည်။

ဝါးသည် ဓာတုပစ္စည်းသုံးစွဲရန် မလိုအပ်ဘဲ သဘာဝရေ၊ မြေဖြင့် လျှင်မြန်စွာဖြစ်ထွန်းပြီး ဝါးမှထွက်သည့် မျှစ်ကိုစားသုံးခြင်းဖြင့် အစားအသောက်ဘေးကင်းလုံခြုံမှု ရှိစေမည်ဖြစ်ပါသည်။ ကျေးလက်နေပြည်သူများသည် မျှစ်ထုတ်လုပ်ခြင်းမှ ဝင်ငွေကောင်းရရှိမှုကြောင့် ဝါးကို တိုးတက်စိုက်ပျိုးလာကြမည်ဖြစ်၍ ဝါးတောကြီးများဖြင့် စိမ်းလန်းစိုပြည်နေပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက်ကိုပါ အထောက်ကူ ဖြစ်စေမည်ဖြစ်ပါသည်။

၂၀၁၆ ခု စက်တင်ဘာ ၁၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အား ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

# ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း ဆောင်ရွက်



**မုံရွာ စက်တင်ဘာ ၁၆**

မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းပြီး မုံရွာမြို့ ဒေါနခြံရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းကို ပြန်လည်တူးဖော်ခြင်း၊ မြောင်းအတွင်းရှိ အမှိုက်များ၊ သဲနုန်းများ ဆယ်တင်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်နေ ပြည်သူများဖြင့် လုပ်ဆောင်ခဲ့ကြသည်။

"ရေနုတ်မြောင်းတွေက ကျဉ်းတဲ့အတွက် မိုးရွာရင် မြောင်းတွေက ရေလျှံပြီး လမ်းပေါ်တွေမှာ ရေဝပ်တဲ့အတွက် လမ်းသွားလမ်းလာတွေ လည်း အခက်အခဲဖြစ်တယ်။ ရပ်ကွက်နေ ပြည်သူတွေအတွက်လည်း ကျန်းမာရေးထိခိုက်တဲ့အတွက် အခုလို ရှင်း လင်းတာပါ။ ရေစီးရေလာကောင်းရင် အနံ့အသက်တွေလည်း နည်းသွားမယ်။ သန့်ရှင်းသွားအောင်ရယ်၊ ခြင်တွေ မပေါက်ပွားနိုင်အောင်လို့ ရေနုတ်မြောင်းတွေထဲမှာ ပိတ်နေတဲ့ အမှိုက်တွေ၊ သဲနုန်းတွေကို ဖယ်ရှား ပေးတာပါ" ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါ ရေနုတ်မြောင်း တူးဖော်ခြင်းကို ဒေါနခြံရပ်ကွက်ရှိ ပြည်ထောင်စုနှင့် လယ်တီလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းအတွင်းရှိ အမှိုက်များ၊ သဲနုန်းများကို ရှင်းလင်းရာ မြို့နယ်စည်ပင်သာယာ ရေးကော်မတီမှ အမှိုက်ကားဖြင့် ရပ်ကွက်နေပြည်သူများက ရှင်းလင်းခဲ့ကြောင်း သိရ သည်။

မင်းဝေ(မုံရွာ)

■

# အာမခံအကျိုးခံစားမှု အသိနည်းနေသေးသော်လည်း ပြည်သူစိတ်ဝင်စားသော အာမခံလုပ်ငန်းများရှိနေ

**မကွေး စက်တင်ဘာ ၁၆**
မကွေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များ (Natural Perils) နှင့် လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များ ( Human Perils) တို့နှင့် စပ်လျဉ်းသည့် အာမခံစနစ်နှင့် လျော်ကြေးသဘောတရားများ၊ အကာအကွယ်ပေးမှုနှင့် အကျိုးခံစားခွင့်များဆိုင်ရာ အသိပညာများ နည်းနေသေးသည်ဟု ယူဆနိုင်သော်လည်း ပြည်သူစိတ်ဝင်စားသော အာမခံလုပ်ငန်းများလည်းရှိလာနေပြီဖြစ်ကြောင်း သိရသည်။

"အာမခံကိုးမျိုးရှိပါတယ်။ အာမခံအသိပညာတွေ နည်းနေသေးတယ်ဆိုပေမယ့် အာမခံဗဟုသုတရှိတဲ့ ပြည်သူတွေ စိတ်အဝင်စားဆုံးကတော့ မော်တော်ယာဉ်အလုံးစုံ အာမခံဖြစ်ပါတယ်။ ဒုတိယကတော့ မီးအာမခံ၊ တတိယကတော့ အသက်အာမခံဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးထဲမှာတော့ တောင်သူတွေအနေနဲ့ မြွေအာမခံကို စိတ်ဝင်စားတာကို တွေ့ရပါတယ်။ ဘဏ်တွေမှာ အဆောက်အအုံတွေ ပေါင်နှံကြတဲ့အခါမှာတော့ မီးအာမခံ တစ်ပါတည်း လုပ်ရပါတယ်။ ခရီးသွားအာမခံကိုတော့ ခရီးသွားပြည်သူတွေ စိတ်ဝင်စားမှုရှိလာကြပါပြီ" ဟု Golbal World အာမခံ ကုမ္ပဏီဒါရိုက်တာ ဦးစိုးဝင်းသန့်က ပြောသည်။

ပူပြင်းခြောက်သွေ့သည့် မကွေးဒေသ၌ မီးအာမခံ၊ မြွေအာမခံထားရှိမှုများမှာ မမြင်နိုင်သော အန္တရာယ်များအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်ကြောင်း၊ ယာဉ်အန္တရာယ်ကြုံတွေ့ရမှုများကို လျော်ကြေးများပေးအပ်နိုင်ခဲ့သဖြင့် ခရီးသွားအာမခံလုပ်ငန်းနှင့် ပတ်သက်၍ အမှန်တကယ်အကျိုးရှိမှုကို တွေ့မြင်နိုင်ပါကြောင်း ယင်းက ဆက်လက်ပြောကြားခဲ့သည်။

"ကျွန်တော့်ကား လမ်းဘေးရပ်ထားတုန်း မှန်ကွဲသွားတယ်။ မော်တော်ယာဉ်အလုံးစုံအာမခံလုပ်ထားတာဆိုတော့ ကုမ္ပဏီက လျော်ပေးတယ်။ ယာဉ်ပိုင်ဆိုင်သူတွေအနေနဲ့ ဒီလိုအာမခံမျိုးလုပ်ထားမယ်ဆိုရင် ယာဉ်တိုက်မှုကြောင့် နှစ်ဦးနှစ်ဖက်ပျက်စီးတာ၊ သေဆုံးတာ၊ ဒဏ်ရာရတာတွေအတွက် အာမခံလျော်ကြေးရမယ်။ အကြိမ်ကြိမ်ဖြစ်ရင် အကြိမ်ကြိမ် လျော်ကြေးလည်းရမယ်။ ဒါဆိုရင် အပူတစ်ခုတော့ လျော့သွားမှာပါပဲ" ဟု မကွေးဒေသခံ ယာဉ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

အမေရိကန်နိုင်ငံ အန္တရာယ်နှင့် အာမခံအသင်းအဖွဲ့က အာမခံ၏အဓိပ္ပာယ်ကို "မမျှော်လင့်သောဖြစ်ရပ်ကြောင့် ပေါ်ပေါက်လာသော ဆုံးရှုံးမှုအတွက် အာမခံထားသူအား လျော်ကြေးပေးရန်၊ ထိုဖြစ်ပွားမှုပေါ်တွင် အခြားသောငွေရေးကြေးရေး အကျိုးခံစားခွင့်များပေးရန် (သို့) အန္တရာယ်နှင့်ဆက်စပ်နေသော ဝန်ဆောင်မှုများကိုဆောင်ရွက်ပေးရန် သဘောတူညီထားသော အာမခံလက်ခံသူထံသို့ အဆိုပါအန္တရာယ်များလွှဲပြောင်းခြင်းဖြင့် အဆိုပါဆုံးရှုံးမှုများကို စုပေါင်းထားသည့် အစီအမံဖြစ်သည်" ဟု ဖွင့်ဆိုခဲ့သည်။

မြန်မာနိုင်ငံ၌ ပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၂ ခုရှိပြီး မကွေးမြို့၌ အစိုးရပိုင် မြန်မာ့အာမခံလုပ်ငန်း၊ IKBZ နှင့် Global World ပုဂ္ဂလိကပိုင် အာမခံကုမ္ပဏီနှစ်ခုရှိကြောင်း၊ ပြည်သူ့အကျိုးစီးပွား အကာအကွယ်ပေးနိုင်ရေးအတွက် အာမခံဗဟုသုတများ ကျယ်ပြန့်စွာသိရှိနိုင်ရန် အာမခံသတင်းလွှာကို လစဉ် ၁ ရက်နေ့တိုင်း အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



# မီးပုံချောင်းရေကျဆင်းမှုများပြားခြင်းကြောင့် ရှင်ပင်မိုးကောင်းဘုရားပွဲတော်လာ ခရီးသွားပြည်သူများအတွက် ကူညီဆောင်ရွက်

**ငါန်းဇွန် စက်တင်ဘာ ၁၆**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှင်ပင်မိုးကောင်းမြတ်စွာဘုရားပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မြို့မရဲစခန်းမှူး ဒုရဲမှူး တင်ဦး ဦးစီးသောရဲတပ်ဖွဲ့ဝင် ကိုးဦးသည် ခိုး၊ ဆိုး၊ နှိုက်မှုများမရှိစေရေးအတွက် မြို့တွင်းလှည့်ကင်း ဆောင်ရွက်နေစဉ် စက်တင်ဘာ ၁၀ ရက် ညက မိုးရွာသွန်းမှုကြောင့် ငါန်းဇွန်မြို့အဝင် မီးပုံချောင်းတွင် မိုးရေကျဆင်းမှု များပြားခဲ့သည်။

ယင်းကြောင့် စက်တင်ဘာ ၁၁ ရက် နံနက်ခင်းမှ ၁၂ ရက် နံနက်ခင်းအထိ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ငါန်းဇွန်-တံတားဦး ကားလမ်းအား ရေကျော်နေရာ မြို့အဝင်တွင် ဘုရားပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဈေးရောင်းဈေးဝယ် ခရီးသွားပြည်သူများအတွက် အန္တရာယ်မဖြစ်စေရန် ဆိုင်ကယ်၊ စက်ဘီးနှင့် ပြည်သူများ အလွယ်တကူ ချောင်းရေကူးနိုင်ရေးကို စေတနာအပြည့် ဆောင်ရွက်ပေးခဲ့ကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# အင်းတော်မြို့နယ်ရှိ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများအား ကြည့်ရှုစစ်ဆေး

**အင်းတော် စက်တင်ဘာ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ထားရှိသော ကျန်တောကျေးရွာအုပ်စု ကျော်ရွာကျေးရွာနှင့် နတ်မဟုတ်ကျေးရွာအုပ်စု နတ်မဟုတ်ကလေး ကျေးရွာများ၏ လုပ်ငန်းအခြေအနေများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကသာခရိုင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်ဝေနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာခင်နှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



"ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိတဲ့ မြစိမ်းရောင်စီမံကိန်းတွေ အနေနဲ့ အောင်မြင်မှု အတိုင်းအတာ ဘယ်လောက်ရှိသလဲဆိုတာကို စစ်ဆေးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ မြစိမ်းရောင်စီမံကိန်း ဆိုတဲ့အတိုင်း ကျေးရွာတွေအနေနဲ့ ရရှိထားတဲ့ ရန်ပုံငွေကို အရင်းမပျောက်အောင် ဖွဲ့စည်းပေးထားတဲ့ ကော်မတီများက သူတို့ရဲ့အစီအစဉ်အတိုင်း ဆောင်ရွက်သွားကြတာဖြစ်ပါတယ်။ အရင်းမပျောက်ဘဲ ရရှိလာတဲ့ အတိုးအညွန့်တွေကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ သုံးစွဲသွားကြဖို့ပဲဖြစ်ပါတယ်" ဟု ခရိုင်ဦးစီးမှူး ဦးတင့်ဝေက ပြောကြားခဲ့သည်။

"မြစိမ်းရောင် စီမံကိန်းက ရန်ပုံငွေတွေကို ကျွန်တော်တို့ ကျေးရွာမှာ အိမ်ခြေ ၁၃၇ အိမ်ရှိတဲ့အထဲက အရင်းအနှီးထုတ်ယူသူပေါင်း ၉၂ ဦးရှိပါတယ်။ မွေးမြူသူ ၇၁ ဦးအတွက် ၂၄၈ သိန်း၊ စိုက်ပျိုးသူ ၁၃ ဦးအတွက် ၄၁ သိန်းကျော်၊ ဈေးသည် ရှစ်ဦး အတွက်က ၃၁ သိန်း စုစုပေါင်း သိန်း ၃၂၀ ကျော်ကို အရင်းအနှီးအတွက် အသုံးပြုထားပါတယ်။ အခုလို အရင်းအနှီးအတွက် စိုက်ထုတ်ပေးထားတော့ ရွာသူ၊ ရွာသားတွေအတွက် အဆင်ပြေသွားတာပေါ့။ ပထမ စီမံကိန်းလုပ်မယ်ဆိုတော့ လုပ်ငန်းအကြောင်း သိပ်နားမလည်တော့ စိတ်ပူနေရသေးတယ်။ အခုတော့ မြစိမ်းရောင်ဆိုတာ ကျွန်တော်တို့ ကျေးရွာများအတွက် ကောင်းမွန်တဲ့ စီမံကိန်းတစ်ခုပါ" ဟု ကျော်ရွာကျေးရွာမှ မြစိမ်းရောင် ကော်မတီဝင်တစ်ဦးက ပြောပြသည်။

အင်းတော်မြို့နယ်အနေဖြင့် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများအဖြစ် ကျေးရွာစုစုပေါင်း ၁၅ ရွာ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ကျော်သီဟ**

# ဆောင်းတွင်းဈေးကွက်ကောင်းကို မျှော်လင့်လျက် လပ်ကီးဂန္ဓမာပန်းမျိုးကိုသာ ပန်းစိုက်သူများအားထားစိုက်ပျိုးလာ

**မန္တလေး စက်တင်ဘာ ၁၆**
ယခင်နှစ်က ဆောင်းတွင်း ဂန္ဓမာပန်းဈေးကွက်မှာ ပန်းပင်နှစ်ပင်လျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချရပြီး ဈေးကွက်အမြင့်ဆုံးအထိ ရောင်းချရကြောင်းသိရသည်။ ပန်းဈေးကွက်ကောင်းပါက တစ်ဧကလျှင် ငွေကျပ် ၃၀ မှ ၄၀ ကျော် ၅၀ အထိရရှိပြီးဈေးကွက် ကောင်းခြင်း၊ မကောင်းခြင်းပေါ်မူတည်ကာ အကျိုးအမြတ်အနည်းအများ ကွာခြားသွားတတ်သည်။ လက်ရှိကာလတွင် ဆောင်းတွင်းကာလအတွက်လပ်ကီးဂန္ဓမာပန်းမျိုးများကိုအားထားစိုက်ပျိုးပြီး ဈေးကွက်ကောင်းကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ရာသီအလိုက် အလုပ်အကျိုးအမြတ်ဖြစ်ထွန်းသော နှစ်ပတ်လည်စိုက်ခင်းကိုပြပါဆိုလျှင် ဂန္ဓမာပန်းစိုက်ခင်းများကို ပြနိုင်သည်။ ပန်းစိုက်ခင်းများသည် ဂရုတစိုက်ဖြင့် စနစ်တကျစိုက်ပျိုးရသော လုပ်ငန်းပင်ဖြစ်သည်။ ဂန္ဓမာပန်းစိုက်ရန်အတွက် ပထမဦးစွာထယ်ရေးပြင်ခြင်းလုပ်ငန်းကိုစနစ်တကျပြုလုပ်ကြရသည်။ ပန်းစိုက်ပျိုးနိုင်ရန်အတွက် အနည်းဆုံးထွန်ဖြင့် ငါးစပ်မျှခုတ်ရလေ့ရှိသည်။ ထယ်ရေးပြင်ပြီးသည်နှင့် ပေါင်များကို စနစ်တကျပြုလုပ်ပေးရသည်။ ပေါင်တစ်ပေါင်လျှင်အနည်းဆုံး တစ်တောင်ကျော်ကျော်ပြုလုပ်ပေးရသည်။ ဒေသအတိုင်းအတာဖြင့် တစ်တောင်နှင့်လက်ငါးလုံးတိုင်းတာ စိုက်ပျိုးကြသည်။ လက်ရှိကာလတွင် ဆောင်းတွင်းဈေးကွက်အတွက်လပ်ကီး ဂန္ဓမာပန်းမျိုးကိုသာ အားထားစိုက်ပျိုးကြသည်။

ပေါင်တစ်ပေါင်နှင့် တစ်ပေါင်အကြားတစ်တောင်ခန့်ခြားထားကာ ရေပိုက်လမ်းအဖြစ်ထားရှိကြသည်။ ဂန္ဓမာပန်းပျိုးပင်များကို ပြင်ဦးလွင်မှဝယ်ယူကြရသည်။ ပန်းပျိုးပင်တစ်ပင်လျှင် ငွေငါးကျပ်မှ ခြောက်ကျပ်အထိပေးရသည်။ ပျိုးပင်ဝယ်ရာတွင် သားစို့နှင့် ဖြတ်မျိုးဟူ၍ နှစ်မျိုးကွဲပြားသည်။ အများစုမှာဒဏ်ခံသည့် ဖြတ်မျိုးကိုသာ ဝယ်ယူစိုက်ပျိုးကြသည်။ လက်ရှိကာလ ပန်းပေါင်တစ်ပေါင်လျှင် အပင်အရေအတွက် ၁၂၀၀ ဝင်ဆံ့သည့်မမာဏအတိုင်းအတာဖြင့် စိုက်ပျိုးထားသည်။ မြေအနေအထားအလိုက် ပေါင်အတို အရှည်ကိုလို သလိုပြုလုပ်လေ့ရှိသည်။ မြေတစ်ဧကလျှင် ပန်းပေါင် ၁၀၀ ရရှိသည်။ တစ်ဧကစိုက်ပျိုးမည်ဆိုပါက ပန်းပေါင်များကို ရက်ခြားကာစိုက်ပျိုးလေ့ရှိသည်။ သို့မှသာ အဆုတ်အတက်ဖြင့် ဈေးကွက်ကိုအချိန်ဆွဲကာချိန်ဆရောင်းချနိုင်မည်ဖြစ်သည်။

ပန်းပျိုးပင်စတင်မစိုက်ပျိုးမီ ခြဆေးများခံထားရသည်။ စတင်စိုက်ပျိုးမည့်နေ့တွင် ရှေ့မှ ပန်းပေါင်ကို ရေစိုနေအောင်လောင်းကာ နောက်မှမြေတွင် ထိုးကာစိုက်ကြရသည်။ ပန်းစိုက်ပြီးသည်မှစကာ ရေလောင်းကြရသည်။ ရေလောင်းမှုတွင် ရာသီဥတုပူပါက သုံးခါအထိ လောင်းကြပြီး ရာသီဥတုအေးပါက နှစ်ခါလောင်းကြရသည်။ ပန်းပင်များဖြစ်ထွန်းအောင်မြင်ရန်အတွက် ၁၅ ရက်တစ်ကြိမ် မြေဆီကျွေးပေးရသည်။ စိုက်ပြီးသုံးလ ကျော်လေးလအရောက်တွင် ပန်းများဈေးကွက်အတွင်းရောင်းချနိုင်သည့်အနေအထားသို့ ရောက်ရှိသည်။ ဂန္ဓမာပန်းမျိုးများစွာရှိပြီး မန္တလေးမြို့အနီးမှ စိုက်ခင်းများတွင် လပ်ကီးမျိုးများကို အများစုစိုက်ပျိုးကြသည်။

**နွေနဒီ(မြစ်ငယ်)**



# (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲပြုလုပ်

**ပင်လည်ဘူး စက်တင်ဘာ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့၌ ၂၀၁၆ ခုနှစ် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ပင်လည်ဘူးမြို့အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် ခေါင်းစဉ်သုံးမျိုးဖြင့် ရွေးချယ်သတ်မှတ်ပေးထားပြီး အထက်တန်းဆင့်ကို 'ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ကုလသမဂ္ဂ၏အခန်းကဏ္ဍ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းဆင့်ကို 'ကုလသမဂ္ဂနှင့် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူလတန်းဆင့်ကို 'ကျွန်ုပ်သာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်ခဲ့လျှင်' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဖြေဆိုကြပြီး အထက်တန်းအဆင့် ဖြေဆိုသူ ၃၀ ၊ အလယ်တန်းဆင့် ဖြေဆိုသူ ၂၀၊ မူလတန်းဆင့် ဖြေဆိုသူ ၃၁ ဦး စုစုပေါင်း ဖြေဆိုသူဦးရေ ၈၁ ဦးရှိကြောင်း၊ တစ်နိုင်ငံလုံးရှိ မြို့နယ်များမှ အကောင်းဆုံး စိစစ်ရွေးချယ်ထားသော စာစီစာကုံးကို ခရိုင်အဆင့်၊ တိုင်းအဆင့်များမှ ပြန်လည်စိစစ်ရွေးချယ်သွားမှာဖြစ်ကြောင်း မြို့နယ်ပညာရေးဌာနမှ သိရသည်။ **မျိုးလွင် (ပင်လည်ဘူး)**

# တော်သလင်းမြစ်တွင်းရတု ပန်းပုသဘင် သစ်ဆင်းယင်လျက်

## ဝိသုဇ္ဇက(ပဲခူး)

ကျေးဇူးရှင် မိုင်းကိုင်ဆရာတော်ကြီး၏ ဝိထိပုံဘုံစဉ်ဆန်းပုံကျမ်းတွင် "နဘေသုရာဘိ၊ တာရာန၊ နရာတာဏော၊ ဘာဝေန၊ နန္ဒရာဗုဒ္ဓေါ၊ သရာန ရာသတာဏော သုတေန" ရာသီတစ်ဆယ့်နှစ်ရာသီသည် တာရာနက္ခတ်သော သူတို့၏ ကိုးကွယ်ရာဖြစ်၏။ မြတ်စွာဘုရားသည် လူတို့၏အောက်မေ့ဖွယ်ကုန်သော ကောင်းမှု၌ ကိုးကွယ်ရာဖြစ်၏။ ကျေးဇူးတော်ရှင်မိုင်းကိုင်ဆရာတော်ကြီး၏ ရာသီစက်ဂါထာတွင် တာရာနက္ခတ် တို့၏ အကျိုးကျေးဇူးတို့ကို ဖွင့်ဆိုထား၏။

ဆယ့်နှစ်လရာသီပွဲတော်များအကြောင်းကို ပြုစုသော ကဝိစာဆိုအသီးသီးတို့သည် ဩကာသလောက၏ သာယာကြည်နူးဖွယ်ရှုခင်းပသာဒတို့နှင့် လောက၏ ဖြစ်ပျက်ပြောင်းလဲနေမှုများကို ကိုယ်မြင်ကိုယ်တွေ့ ဘက်စုံထောင့်စုံက ရေးသားဖွဲ့ဆိုခဲ့ကြသည်။

မြတ်စွာဘုရားရှင်သည် " ဝနပ္ပ ဂုမ္ဗေ၊ ယသဖုဿိတဂ္ဂေ၊ ဂိမှာန မာသေ ပဌသ္မိဂိမှေ"နွေလများတွင် နွေဦးစဖြစ်သော တန်ခူးလ၌ ကောင်းစွာပွင့်သည့် ခက်ဖျားစုံသော တောအုပ်သည် အသရေရှိလှဟူ၍ ဟော ကြားတော်မူထား၏။ ရာသီဥတု၏ လေးနက်သော အဓိပ္ပာယ်ကို ရတနသုတ်တော်တွင် ဂါထာဖြင့် ကျူးရင့်ခဲ့၏။ မြတ်စွာဘုရားရှင်သည် ရာသီဘွဲ့တို့၏ ပထမအစဦးဆုံးသော ကဗျာဝိဒူကြီးပင်ဖြစ်သည်ဟုဆိုရပေမည်။

"ကန်ရာသီဟု၊ အာနီမြခိုင်၊ ယင်းမာလှိုင်ထ၊ မွှေးကြိုင်နံ့ရှင်း၊ တော်သလင်းကား၊ မြစ်တွင်းရတု၊ ပန်းကုသဘင်၊ သစ်ဆင်းယင်လျက်၊ လက်သင်းလှော်ကား၊ ရွှေသားစက်ကွင်း၊ လှေချင်းလှော်ပြိုင်" စာဆို ဦးအောင်ကြီးက ကန်ရာသီ ဖွဲ့လူးတားတွင် တော်သလင်းလ၊"ပန်းလုသဘင်သစ်ဆင်းယင်လျက်" ဟူသော အဆိုရှိခဲ့သည့် လှေပွဲသဘင်ဆင်ယင်ကျင်းပကြောင်း စပ်ဆိုခဲ့သည်။

ရေစီးအဟုန်၊ မနွေးမပြင်း၊ မြစ်တွင်းသာယာသည့်အတွက် သစ်ဖောင်ဝါးဖောင်များ စုန်ဆင်းလေ့ရှိသော ကြောင့် ရှေးအခါက "သစ်ဆင်းလ" ဟု ခေါ်တွင်ခဲ့ကြောင်းကို ဝေါဟာရလီ နတ္ထဒီပနီကျမ်းပြုဆရာ လှေသင်းအတွင်းဝန်၏ ဆရာအရင်းဖြစ်တော်မူသည့် မုံရွေးဇေတဝန်ဆရာတော် ဘုရားကြီးက သမန္တစက္ခု ဒီပနီပထမကျမ်းတွင် တော်သလင်းလကို ဆိုလိုသည်ဟုဖော်ပြထားခဲ့သည်။ တော်သတင်းဟူသော ဝေါဟာရသည် "တော်သလံ=နှစ်သက်ဝမ်းမြောက်ခြင်း"ဟူသော ပါဠိမှဆင်းသက်လာ၏။ ထိုလတွင် စပါး ကောက်ပင်များထူထောင်ရှင်သန်လာပြီဖြစ်သည်။ ထို့ကြောင့် လယ်သမားတို့စိတ်ကို နှစ်သက်ရွှင်လန်းစေသောကြောင့် တော်သလင်းလဟုဆို၏။

၉၅၂ ခုနှစ်ထိုး ကျောက်ဆည်မြို့ ရွှေသာလျောင်းကျောက်စာတွင် "-- သက္ကရာဇ်သချ်ာကိုးရာ့ငါးဆယ်စွန်းသွယ် နှစ်ခု ဥတုဝဿ၊ လက်ာသစ်ဆင်း၊ တော်သလင်းဆန်တက်၊ ယှစ်ရက် ပိတဟူးနိယ်"ဟူ၍ သစ်ဆင်းအသုံးကို ရှေးဦးစွာတွေ့ရသည်ဆိုသည်။ ထိုခေတ်က သစ်ဆင်းပွဲကျင်းပသည်ကိုအကြောင်းပြု၍ သစ်ဆင်းလဟုခေါ်ဆိုလာကြသည် ဟု ယူဆကြခြင်းဖြစ်၏။

တော်သလင်းလပြည့်နေ့သည် ဂရုဓမ္မအခါတော်နေ့ဟူ၍ မျက်မှောက်ခေတ်တွင် သတ်မှတ်သည်။ သူတော်စင် သူတော်မြတ်တို့ အလေးအမြတ်ထားကာ ကျင့်သုံးအပ်သော တရားဖြစ်သည်။ ကမ္ဘာဦးအခါကစတင်ပေါ်ပေါက်သော တရားဖြစ်၍ ပဝေဏီဓမ္မဟုလည်းခေါ်ဆိုသည်။

ဂရုဓမ္မခေါ်သီလကို ရှင်ဘုရင်ကစပြီး တစ်တိုင်းတစ်ပြည်လုံးကျင့်သုံးကြသဖြင့် ကလိင်္ဂတိုင်းတစ်တိုင်းလုံးတွင် မိုးရွာသွန်းပြီး ကပ်ကြီးသုံးပါးမှလွတ်ကင်း၍ သာယာဝပြောသောနိုင်ငံဖြစ်လာပေသည်။ ယင်းသို့ ဂရုဓမ္မခေါ် ဂုရုဓမ္မ ဇာတ်တော်ပေါ်ပေါက်လာသည်။ မျက်မှောက်ကာလမှာ တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့ဟုခေါ်ဆိုခြင်းဖြစ်သည်။

သတ်၊ ခိုး၊ ကာမေ၊ မုသား၊ သေ " ငါးမျိုးတို့မှ ရှောင်ကြဉ်ကြခြင်း"ဖြင့် ဂရုဓမ္မသီလဖြစ်သည်။ ကမ္ဘာဦးအခါက စတင်ဖြစ်ပေါ်လာသည့်တရားဖြစ်၍ ပဝေဏီဓမ္မဟုလည်းခေါ်ပါသည်။ ထိုသီလကို အခြားအမည်ထူးများဖြင့်လည်း ခေါ်ဆိုကြသေးသည်။ ၎င်းတို့မှာ-

- လူတိုင်းလိုက်နာကျင့်သုံးရမည့်တရားဓမ္မဖြစ်သဖြင့် ဓမ္မတာသီလ
- သူတော်ကောင်းတို့ အလေးဂရုထား၍ ကျင့်သုံးသဖြင့် ဂရုဓမ္မသီလ
- စကြဝတေးမင်းတို့ ဓမ္မသတ်သဖွယ်ကျင့်သုံးသဖြင့် "စက္ကဝတ္တိဓမ္မသတ်"
- ကုရုတိုင်းနေပြည်သူတို့ လိုက်နာကျင့်သုံးသောတရားဖြစ်သဖြင့် ကုရုဓမ္မသီလ
- အရေအတွက်အားဖြင့် ငါးပါးရှိသဖြင့် "ပဥ္စသီလ"တို့ဖြစ်သည်။

ယင်းသို့သောသီလများကို ဆောက်တည်၍ ဘုရားကျောင်းဇရပ်များတွင် ဒါနကုသိုလ်ပြုခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်းဟူသော သီလကုသိုလ်များ ပြုလုပ်ကြသည်။ သူတော်စင်တို့ ဆောက်တည်နိုင်သောသီလမှာ အမျိုးအစားအားဖြင့် သုံးမျိုးရှိသည်။ ယင်းတို့မှာ ငါးပါးသီလ(ပဥ္စသီလ)၊ ရှစ်ပါးသီလ (ဥပေါသထသီလ)နှင့်ကိုးပါးသီလ (နဝင်္ဂသီလ)တို့ဖြစ်သည်။

ဧကနိပါတ်ကုလာဝကဇာတ်တွင် အိုးလုပ်သမလေးသုဇိတာသည် ငါးပါးသီလမြဲ၍ ရွှေအတိပြီးသော သစ်သီးများကိုရရှိ၏။ တိကနိပါတ် ဂရုဓမ္မဇာတ်တွင် အမြင့်ဆုံးဘုရင်မှ အနိမ့်ဆုံး ပြည့်တန်ဆာမအထိ ငါးပါးသီလကို စောင့်ထိန်းကြသောကြောင့် မိုးလေဝသမှန်ကန်၏။ ကပ်ကြီးသုံးပါးမှ လွတ်ကင်းကြရ၏။ ဒဿနိကပါတ်ဓမ္မပါလဇာတ်တွင် ငယ်ငယ်ဖြင့် သေရိုးထုံးစံမရှိပေ။ သက်တမ်းစေ့နေကြရ၏။

ပဥ္စဝုဓောတ်တော်တွင် ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့၏ သားတော်လေးသည် အဋ္ဌာရသတစ်ဆယ့်ရှစ်ရပ်သော လောကီပညာကို တတ်မြောက်ခဲ့၍ ပြည်တော်ပြန်လာမည့်အချိန်မှာ တက္ကသိုလ်ဆရာကြီးက မြား၊ သန်လျက်၊ တုတ်၊ လှံ၊ တင်းပုတ်တို့ကို လက်ဆောင်ပေးလိုက်သည်။ မင်းသားလေးသည် တောအုပ်ကြီးတစ်ခုကို ဖြတ်သန်းလာစဉ် စေးကပ်သော အမွေးရှိသော ဘီလူးတစ်ကောင်နှင့် တွေ့ရှိခဲ့သည်။ "ဟယ် အသင်လူသား သင်ကားငါ၏ပိုင်နက်ထဲတွင် ရောက်လာ၍ ငါ၏အစာဖြစ်ချေပြီ တကား"ဟု ကြိမ်းဝါး လေသည်။ မင်းသားလေးသည် ပါလာသော မြား၊ သန်လျက်၊ တုတ်၊ လှံ၊ တင်းပုတ်တို့ဖြင့် ဘီလူးကို ပစ်ရာဘီလူးကြီး၏အမွေး၌ လက်နက်များအားလုံးကပ်ငြိကုန်၏။

"အို လုလင်သင်ကားသေရမှာကို မကြောက်ဘာကြောင့်လဲ" ဟုမေးလေ၏။ မင်းသားလေးက "ငါ့ကိုယ်တွင်း မှာ ဝရဇိန်လက်နက်ကဲ့သို့ အစွမ်းထက်သော ကိုယ်ကျင့်သီလများရှိ၏။ ဒါကြောင့် ငါသည်သင်ကိုမကြောက်ပါ"ဟု ပြောကြားလေသည်။

ထိုစကားကိုကြားရသောဘီလူးသည် ကြောက်လန့်၍ မင်းသားလေးကို ပြန်လွှတ်လိုက်လေသည်။ မင်းသား လေး၏ ခန္ဓာကိုယ်၌ရှိသော ဝရဇိန်လက်နက်သည်-

သတ္တဝါအသက်ကို မသတ်ခြင်း၊ သူတစ်ပါးပစ္စည်းကိုမခိုးခြင်း၊ အိမ်ရာသားမယား မပြစ်မှားခြင်း၊ လိမ်ညာ၍ မုသားမပြောခြင်း၊ သေရည်သေရက် မသောက်ခြင်း စသောသီလတော်များ ဖြစ်သည်။ ထိုသီလတော်များကြောင့် ဘီလူးဘေးမှ လွတ်မြောက်ခဲ့သည်။

သီလဖြည့်ကျင့်ရမည့်နည်းလမ်းနှင့် အကျိုးတရားတို့မှာ-

၁။ ပစ္စည်းဥစ္စာပေါများခြင်းကိုအလိုရှိလျှင် သီလကိုကောင်းစွာ ဖြည့်ကျင့်ရမည်။
၂။ မိမိအားပစ္စည်းလှူသူသို့ အကျိုးများစေလိုလျှင် သီလဖြည့်ကျင့်ရမည်။
၃။ မိမိကိုအောက်မေ့သောဆွေမျိုးပြိတ္တာများ အကျိုးများစေလိုလျှင် သီလဖြည့်ကျင့်ရမည်။
၄။ ကုသိုလ်၌ ပျင်းရိခြင်း၊ ကာမနှင့်မွေ့လျော်ခြင်းကိုပယ်၍ သီလကို ကောင်းစွာ ဖြည့်ကျင့်ရမည်။
၅။ ကြောက်လန့်ခြင်း၊ ကြောက်မက်ဖွယ်အာရုံကိုပယ်လျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။
၆။ ရူပဈာန်ကိုရလိုလျှင် သီလကိုကောင်းစွာဖြည့်ကျင့်ရမည်။
၇။ အရူပဈာန်မှလွတ်လိုလျှင် သီလကိုကောင်းစွာ့ဖြည့်ကျင့်ရမည်။
၈။ သောတာပန်တည်လိုလျှင် သီလကိုကောင်းစွာဖြည့်ကျင့်ရမည်။
၉။ သကဒါဂါမ်တည်လိုလျှင် သီလကိုကောင်းစွာဖြည့်ကျင့်ရမည်။
၁၀။ အနာဂါမ်တည်လိုလျှင် သီလကိုကောင်းစွာဖြည့်ကျင့်ရမည်။
၁၁။ အနာဂါမ်မတည်လိုလျှင် သီလကိုကောင်းစွာဖြည့်ကျင့်ရမည်။
၁၂။ ပုဗ္ဗေနိဝါသာနုဿတိဟူသော လောကီအဘိညာဉ်ကိုလိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။
၁၃။ ဒိဗ္ဗသောတဟူသော အဘိညာဉ်ကိုလိုလျှင် သီလကိုကောင်းစွာ ဖြည့်ကျင့်ရမည်။
၁၄။ စေသောပရိယဟူသော လောကီအဘိညာဉ်ကိုလိုလျှင် သီလကို ကောင်းစွာဖြည့်ကျင့်ရမည်။
၁၅။ ဣဒ္ဓိမိစဟူသော လောကီအဘိညာဉ်ကိုလိုလျှင် သီလကိုကောင်းစွာ ဖြည့်ကျင့်ရမည်။

သီလ၏အကျိုးတရားတို့နှင့် ကောင်းစွာဖြည့်ကျင့်ရမည်တို့ကို ရေးပြ၍မကုန်နိုင်လောက်ပေ။

တော်သလင်းလတွင် လေပြည်လေညင်းတို့တိုက်ခတ်သောကြောင့် မြစ်ပြင်ရေမှာ ညီညာပြန့်ပြူး နေသည်။ အညာမြေကျေးလက်နေသူတို့သည် ပုစွန်ပင်သေနိုင်သောအပြိုးကြီးသည့် နေမင်းကြီး၏အောက်တွင် သတ္တိ၊ ဇွဲ အပြည့်နှင့်လှေပြိုင်ပွဲများကို တပျော်တပါးဆင်နွှဲကြသည်။ မင်းညီမင်းသားတို့၏ သူ့ထက်ငါအနိုင်ရရေးအတွက် ကြိုးစားကာ လှော်ခတ်နေကြသည်မှာ ရှေးရှေးက အလှကိုမြင်ကြမည်ဖြစ်၏။

ဤလရာသီတွင် အထက်အညာဒေသတွင်မူ နှမ်းများပေါ်စပြုနေပြီဖြစ်သည်။ တောင်သူကြီးများငွေရှင်စပြုနေကြ မည်။ စပါးပင်ကောက်ပင်ကိုင်းပင်တို့သည် လယ်မြေကွင်းပြင်တွင် မိုးနဲ့အတူနိုးထကာ သီးနှံစပါးဝေဖြာအောင်အလှပြနေကြပြီ။ "တော်သလင်းမိုးကန်သင်းကျိုးနှင့်၊ မိုးရွာမှပျိုးသာ"ဆိုသောစကားများကြောင့် ဆန်စပါးကိုအားထားကြရသည်။ မြန်မာနိုင်ငံတော်ကြီးတွင် ဝမ်းစာပြည့်ရေးအတွက် အဓိကမိုးလှိုင်လှိုင်ရွာရမည်ဖြစ်သည်။ မိုးသည်လောက အကျိုးဖော်ဆောင်လျက် ပုလဲတစ်လုံးတန်ဖိုးထက် မိုးတစ်စက်တန်ဖိုးက ကြီးမားလှပေသည်။ "တော်သလင်းတိမ်ညို စားဖို့သည် ဆင်းရဲမိုးမစဲ"ဟူသော စာဆိုတော်ကြီးဦးမင်း၏ ကဗျာကို ရွတ်ဆိုရင်း ရင်သွေးငယ်ကျောင်းသူကျောင်းသားများကလည်း မိုးရေထဲမှာကျောင်းတက်ကြသော မြင်ကွင်းသည်မိုးစက်ပွင့်များအတူ ဖြစ်နေပုံကိုကြည့်ရင်း မိဘများက ပီတိဖြစ်နေရပေမည်။

**ဂရုဓမ္မခေါ်သီလကို ရှင်ဘုရင်ကစပြီး တစ်တိုင်းတစ်ပြည်လုံးကျင့်သုံးကြသဖြင့် ကလိင်္ဂတိုင်းတစ်တိုင်းလုံးတွင် မိုးရွာသွန်းပြီး ကပ်ကြီးသုံးပါးမှလွတ်ကင်း၍ သာယာဝပြောသော နိုင်ငံဖြစ်လာပေသည်။ ယင်းသို့ ဂရုဓမ္မခေါ် ဂုရုဓမ္မ ဇာတ်တော်ပေါ်ပေါက်လာသည်။ မျက်မှောက်ကာလမှာ တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့ဟုခေါ်ဆိုခြင်း ဖြစ်သည်။**

## ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၁၆**

ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုဘဝလိုအပ်ချက်တစ်ခုအပါအဝင်ဖြစ်သော ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ၊ ပြည်တွင်းပြည်ပနိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဖာပွန်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာတွင် သောက်သုံးရေပေးဝေရေး ဆောင်ရွက်ပေးထားမှုနှင့် ထပ်မံလိုအပ်ချက်များရှိပါကဆောင်ရွက် ပေးနိုင်ရေးအတွက် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၂၅ ရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၉၄၃ ဒသမ ၅၂ သန်းဖြင့် တွင်းတိမ် ၃၂ တွင်း၊ တွင်းနက် ၂၄ တွင်း၊ လက်တူးတွင်း ၅၁ တွင်း၊ မြေသားရေကန် သုံးကန်နှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၁၅ ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖာပွန်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာတွင် တွင်းတိမ် ခြောက်တွင်း၊ တွင်းနက် သုံးတွင်းနှင့် လက်တူးတွင်း ခြောက်တွင်း၊ ကရှမ်းကျေးရွာ မဲသလွတ်၊ ကတိုင်းတောကျေးရွာ စက်ရေတွင်းများမှ ရေအရည်အသွေး၊ ရေထွက်ရှိမှုနှုန်းများနှင့် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် ကရင်ပြည်နယ်ကျေးလက်ဦးစီးမှူး ဦးနေဦးတို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၅၂)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၇)လုံခြုံရေးတပ်ဖွဲ့ခွဲ ဌာနချုပ်တပ်ခွဲမှူး(ယာယီ)ရဲမှူး ဟိန်းမင်းထက် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၅၀ သည် ကျောက်တန်းမြို့နယ် အေးမြသီတာရပ်ကွက်ရှိ ရဲတပ်ရင်းအခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ခြုံနွယ်မြက်ပင်များအား ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- အောင်ဆွေ(ရွှေတံတား)

# ၂၀၁၆ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးတွင် လူကုန်ကူးမှုတစ်ကြိမ် ဖြစ်ပွားခဲ့

**မုံရွာ စက်တင်ဘာ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီးသည် လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေးရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းပါဝင်လှုပ်ရှားမှုကြောင့် ၂၀၁၆ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ လူကုန်ကူးမှု တစ်မှုနှင့် လူကုန်ကူးမှုဥပဒေနှင့် ဆက်စပ်ဥပဒေတစ်ခုဖြစ်သော ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ခင်ဦး၊ ဘုတလင်နှင့် ကလေးမြို့နယ်တို့တွင် တစ်မှုစီဖြစ်ပွားခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူကုန်ကူးမှုဥပဒေပြဋ္ဌာန်းပြီး ၁၀ နှစ်ခန့်ကာလအတွင်း လူကုန်ကူးမှု ၁၆ မှုဖြစ်ပွားခဲ့ရာ လူကုန်ကူးခံရသူ ၃၁ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး တရားခံ ၄၈ ဦးကို ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ အဆိုပါလူကုန်ကူးမှုဖြစ်ပွားမှုအနေဖြင့် ကလေးမြို့နယ်တွင်ငါးမှု၊ ရွှေဘို၊ စစ်ကိုင်း၊ မုံရွာမြို့နယ်တို့တွင် နှစ်မှုစီ၊ ထီးချိုင့်၊ အင်းတော်၊ ယင်းမာပင်၊ ဟုမ္မလင်း၊ ကသာမြို့နယ်တို့တွင် တစ်မှုစီဖြစ်ပွာခဲ့ကြောင်း သိရသည်။

"မန္တလေးနှင့် ရန်ကုန်မြို့တွေက အဓိကလူကုန်ကူးမှုဖြစ်ပွားတဲ့ မြို့ကြီးတွေပေါ့၊ စစ်ကိုင်းတိုင်းဒေသကြီး ကျတော့ ရံဖန်ရံခါဖြစ်ပွားတဲ့တိုင်းအဖြစ် လူကြီးတွေက သတ်မှတ်တာ၊ ချင်းပြည်နယ်နဲ့ ကယားပြည်နယ်တို့ ကျတော့ လုံးဝမဖြစ်ပွားတဲ့ ပြည်နယ်တွေပါ။ ကျွန်တော်တို့တိုင်းဒေသကြီးထဲမှာ ၂၀၁၅ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့တဲ့ ဒေသကပြည်သူတွေရဲ့ နေအိမ်တွေ၊ စိုက်ခင်းတွေ ပျက်စီးခြင်းစတဲ့အကြောင်းအမျိုးမျိုးကြောင့် စားဝတ်နေရေးအခက်အခဲဖြစ်တယ်။ အဲဒီအတွက် တစ်နိုင်ငံလုံးက အလှူရှင်တွေကလည်း လာရောက်လှူဒါန်းထောက်ပံ့ကြတယ်။ အဲဒီအထဲမှာလည်း လူကုန်ကူးဖို့အတွက် လာရောက်ဆွယ်ကြတဲ့သူတွေလည်းပါလာနိုင်တယ်။ မက်လုံးတွေပေးပြီး ဆွယ်နိုင်တဲ့အတွက် ကာယကံရှင်က ဉာဏ်ပညာအမြော်အမြင်နည်းပါးရင် ပါသွားနိုင်တဲ့အတွက် သဘာဝဘေးအန္တရာယ်ကျရောက်လို့ ပျက်စီးဆုံးရှုံးမှုတွေဖြစ်ပွားခဲ့တဲ့ ၁၉ မြို့ကိုရွေးချယ်ပြီး ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံအာဏာပိုင်တွေ ချိတ်ဆက်ပြီး ကျေးလက်အရောက်သွားပြီး လူကုန်ကူးမှုနဲ့ပတ်သက်တဲ့ အသိပညာပေးဟောပြောပွဲတွေလုပ်တယ်။ ပိုစတာတွေ စိုက်ထူတယ်။ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးခဲ့တဲ့အတွက် လူကုန်ကူးမှုလျော့နည်းခဲ့တယ်လို့ ပြောရမှာပါ၊ ဆက်လက်ပြီးလည်း စောင့်ကြပ်ကြည့်ရှုနေပါတယ်" ဟု လူကုန်ကူးမှု တားဆီးနှိမ်နှင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးခင်မောင်ကြွယ်က ပြောသည်။

လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေး ရဲတပ်ဖွဲ့အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည့် မြို့နယ်များဖြစ်သည့် ခန္တီး၊ ဟုမ္မလင်း၊ မော်လိုက်၊ ဖောင်းပြင်၊ ကလေးဝ၊ တမူး၊ ကလေး၊ မင်းကင်း၊ ကနီ၊ ယင်းမာပင်၊ ဝက်လက်၊ မြင်းမူ၊ ကန့်ဘလူ၊ ချောင်းဦး၊ ဘုတလင်၊ အရာတော်၊ ကောလင်း၊ ကျွန်းလှ၊ ဆားလင်းကြီးမြို့တို့တွင် အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ပိုစတာများစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၅ ခုနှစ်အတွင်း လူကုန်ကူးမှု ဖြစ်စဉ် ငါးကြိမ်ဖြစ်ပွားခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် လူကုန်ကူးမှု တစ်မှုနှင့် လူကုန်ကူးမှု ဥပဒေနှင့် ဆက်စပ်ဥပဒေတစ်ခုဖြစ်သော ပြည်ပအလုပ်အကိုင်ဆိုင်ရာ သုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မင်းဓေ**




# ယာဉ်ကျပ်တည်းမှုလျော့နည်းစေရန် မန္တလေးဘူတာကြီးရှေ့ အဝိုင်းဖျက်သိမ်း၍ ခေတ်မီအာရုံခံစနစ်မီးပွိုင့်တပ်ဆင်မည်

**မန္တလေး စက်တင်ဘာ ၁၆**
မန္တလေးမြို့လယ် ယာဉ်သွားလာမှုများပြားသော ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် လမ်း ၃၀ ဘူတာကြီးအဝိုင်းကိုလည်း ယာဉ်ကြောကျပ်တည်းမှုလျော့နည်းစေရေးအတွက် မန္တလေးဘူတာကြီးရှေ့ အဝိုင်းဖျက်သိမ်း၍ ခေတ်မီအာရုံခံစနစ် မီးပွိုင့်တပ်ဆင်မည်ဖြစ်ရာ ဖျက်သိမ်းရန်အဝိုင်းပေါ်ရှိ ပန်းအလှပင်များရွှေ့ပြောင်းခြင်း၊ အလှဆင်မီးများ ဖြုတ်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး အဝိုင်းပတ်အလယ်တွင်ရှိသော High mast pole မီးတိုင်အား စက်တင်ဘာလ တတိယပတ်တွင် စတင်ရွှေ့ပြောင်းမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

မြို့ဝင်လမ်းများ ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရေးအတွက် ယခင်က မြို့သာယာလှပရေးအတွက် တည်ဆောက်ခဲ့သော မဟာအောင်မြေမြို့နယ် သိပ္ပံလမ်းနှင့် ၆၂ လမ်းဆုံအဝိုင်းပတ်ကိုလည်း ဖျက်သိမ်း၍ ခေတ်မီအချက်ပြမီးပွိုင့်တပ်ဆင်ပေးခဲ့သဖြင့် ပြင်ဦးလွင်ဘက်မှလာသော ယာဉ်များနှင့် မြို့သစ်ဘက်မှလာသောယာဉ်များ သွားလာမှုမြန်ဆန်စေခဲ့သည်။ အလားတူအောင်မြေသာစံမြို့နယ် ကုသိုလ်တော်ဘုရားအနီးအဝိုင်းကိုလည်း ဖျက်သိမ်းစေခဲ့ရာ မန္တလေးတောင်လာရောက်သည့်ယာဉ်များ ယာဉ်ကြောကျပ်တည်းမှုလျော့ကျစေခဲ့သည်။

မန္တလေးမြို့တော်သည် စီးပွားရေးအချက်အချာကျပြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်သုံးစွဲမှုများပြားလာသည်။ တိုးတက်သုံးစွဲလာသည့် ယာဉ်အစီးအရေနှင့်အညီ သွားလာမှုအဆင်ပြေစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တွင်းလမ်းများ တိုးချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်း၊ နိုင်လွန်ကတ္တရာများအဖြစ် အဆင့်မြှင့်တင်ခြင်း၊ လမ်းသွယ်များကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းများခင်းခြင်းများကို နှစ်အလိုက်တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ **မောင်ပြည်သူ(မန္တလေး)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် မြေပဲအထွက်ကောင်းသော်လည်း ဈေးကောင်းမရ၍ တောင်သူများအကျိုးအမြတ်နည်းပါး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးဦးကာလ (ကဆုန်လပြည့်ကျော်)တွင် စိုက်ပျိုးခဲ့ကြသည့် ပင်ထောင်မြေပဲ(ပဲဖြူ)များ နုတ်သိမ်းပြီးဖြစ်၍ ယခုအခါ ဆောင်းပဲခေါ် စွန်တာနီ ပင်ထောင်မြေပဲ(ပဲနီ)များ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်က မိုးလေမှန်တော့ ပဲစေ့၊ ပဲဆန်ကတော့ရပါရဲ့ဗျာ။ ဒါပေမယ့် စိုက်ချိန်၊ ပျိုးချိန်တုန်းကတော့ မျိုးဆန်ကို ဈေးကြီးပေးပြီး ဝယ်စိုက်ရတယ်။ ကိုယ့်သီးနှံလေးကောင်းမယ့်အရေးကို ပေါင်းနုတ်ခ၊ ထွန်ရှည်းခတွေ ဈေးကြီးပေးငှားပြီး စိုက်ရပျိုးရတယ်။ ဆေးပက်ချိန်တန် ဆေးပက်ပေးရသေးတယ်။ တကယ်တန်း ကိုယ့်သီးနှံပေါ်တဲ့အချိန်ကျတော့ ရောင်းရတဲ့ဈေးက ဘာမှမရှိဘူးဗျ။ ဈေးနှိမ်ခံရတယ်။ ကိုယ့်ပေါ်တဲ့ သီးနှံဈေးကသာ ဟုတ်တိပတ်တိဈေးမရှိတာ ဝယ်စားရတဲ့ ဆန်ဈေး၊ ဆီဈေးနဲ့ အသားဈေးတွေကတော့ အကုန်ဈေးကြီးပေးဝယ်စားရတယ်။ ကျွန်တော်တို့တောင်သူတွေက မြေကြီးရှိနေတော့လည်း စိုက်ပျိုးမစားလို့ကမဖြစ်၊ ကျန်တာလည်း မလုပ်တတ်၊ စိုက်ပျိုးစားပြန်တော့လည်း ထိုက်တန်တဲ့အကျိုးအမြတ်က မရနဲ့ဆိုတော့ ကြာရင်တော့ ထန်းလုပ်ငန်းလိုပဲ လုပ်မယ့်ကိုင်မယ့်သူ တဖြည်းဖြည်းနည်းသွားတော့မယ်ထင်တယ်ဗျာ။ အခုတောင်မှ လုပ်မယ့်ကိုင်မယ့်သူနည်းလာလို့ အလုပ်သမားငှားခတွေကလည်း ခေါင်ခိုက်နေတာပေါ့" ဟု ချောင်းခြားစုကျေးရွာအုပ်စု ကံရင်းကျေးရွာမှ တောင်သူ ဦးဘိုမြင့်က လက်ရှိတောင်သူလုပ်ငန်းနှင့် ပတ်သက်၍ ပြောပြသည်။



တောင်သူများမှာ စိုက်ပျိုးရာသီကာလတွင် မိုး၊ လေအမီ စိုက်ပျိုးနိုင်ရန်အတွက် အလုပ်သမားကို အလုအယက်ငှားရမ်းခေါ်ယူ လုပ်ကိုင်ကြရပြီး မျိုးစေ့ မျိုးဆန်ကိုလည်း ပွဲရုံများမှ ဈေးကြီးပေးဝယ်ယူ စိုက်ပျိုးကြရကြောင်းနှင့် မျိုးမြေပဲဆန် တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀နှင့် ဝယ်ယူစိုက်ပျိုးခဲ့ကြရပြီး သီးနှံပေါ်ချိန်တွင် မိမိသီးနှံ မိုးလွတ်လေလွတ် လုပ်ကိုင်ရောင်းချနိုင်ရန်အတွက် အလုပ်သမားကို သူ့ထက်ငါဦးအောင် ခေါ်ယူလုပ်ကိုင်ကြရကာ သီးနှံများကို ပွဲရုံများသို့ပြန်လည်ရောင်းချရာ၌ မြေပဲဆန်တစ်တင်းလျှင် ငွေကျပ် ၂၈၀၀၀ သာရရှိကြောင်း သိရသည်။

တောင်သူများမှာ မြေပဲဆန် တစ်တင်းကျ ယာတစ်ခင်းလျှင် မြေပဲအတောင့်တင်း ၂၀ မှ ၃၅၊ ၄၀ အထိရရှိကြသော်လည်း အလုပ်သမားစရိတ်ကြီးမြင့်မှု၊ ရောင်းချရာတွင် ဈေးမရရှိမှုတို့ကြောင့် အကျိုးအမြတ်နည်းပါးကြကြောင်း သိရသည်။

အချို့ မိသားစုနည်းပါးသော တောင်သူများမှာ လုပ်အားခပင်မကျန်ကြောင်း၊ စိုက်ပျိုးမြေကို ထွန်စက်ငှားရမ်းလုပ်ကိုင်ပါက တစ်ဧကလျှင် ခုနစ်သွားထယ် ကျပ် ၂၂၀၀၀၊ ၁၆ သွားထယ် ကျပ် ၁၆၀၀၀ ထိ ပေးရပြီး နွားရှည်းငှားရမ်းပါက တစ်မနက်လျှင် ငွေကျပ် ၈၀၀၀ ပေးရကြောင်း သိရသည်။

အလုပ်သမားငှားရမ်းခအနေဖြင့် ပေါင်းနုတ်ရာတွင် တစ်မနက် ကျပ် ၂၀၀၀ ပေးရ၍ တစ်နေကုန် ကျပ် ၄၀၀၀ ဖြင့်ငှားရမ်းကြရသည်။ မြေပဲနုတ်သိမ်းချိန်တွင် အချို့ကျေးရွာများက အဖွဲ့လိုက်စုဖွဲ့၍ အခင်းပြတ် ဈေးခေါ်လုပ်ကိုင်ကြကြောင်း၊ ယာခင်းအခြေအနေကိုလိုက်၍ တစ်ခင်းလျှင် ငွေကျပ် ၁၅၀၀၀၀မှ ၃၀၀၀၀၀အထိ ဈေးပေးခေါ်ယူ လုပ်ကိုင်ကြရသလို အဆိုပါမြေပဲခြွေရာတွင်လည်း လုပ်အားခအပြင် မြေပဲစားပေး၍ ခေါ်ယူကြရကြောင်း၊ ယခုအခါ မိုးမြေပဲများနုတ်သိမ်းပြီးချိန်တွင် ပဲဈေးမှာ ထင်သလောက်ဈေးမရရှိကြသဖြင့် တောင်သူများမှာ လုပ်အားနှင့်ထိုက်တန်သော အကျိုးအမြတ်မရရှိဘဲ ဖြစ်နေကြကြောင်း ဒေသခံတောင်သူများက ပြောသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

# လူထုဗဟိုပြုစီမံကိန်းလူထုစစ်ဆေးပွဲပြုလုပ်

**ဘီးလင်း စက်တင်ဘာ ၁၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ပထမနှစ် စက်ဝန်းအတွက် ကျောင်းဆောင်ပြုပြင် တိုးချဲ့ဖွင့်ပွဲနှင့်လူထုစစ်ဆေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က ဘီးလင်းမြို့နယ် တဘက်ဆွဲကျေးရွာ မူလတန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင်မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်နိုင်ဦးက လူထုစစ်ဆေးပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လင်းခေးမြို့၌လွှဲပြောင်းပေးအပ်

**လင်းခေး စက်တင်ဘာ ၁၆**
ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာ ရှစ်ရွာအနက် နမ့်တင်ကျေးရွာနှင့် ဟွေဆင်ကျေးရွာတို့အား မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းကို အဆိုပါကျေးရွာများ၌ စက်တင်ဘာ ၁၃ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဦးစီးမှူး လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ် ( ၁ )မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော်နှင့် မြို့နယ်ဦးစီးမှူး ဦးပုချေတို့က စီမံကိန်းဝင် နမ့်တင်ကျေးရွာနှင့် ဟွေဆင်ကျေးရွာတို့မှ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များအား စီမံကိန်းရန်ပုံငွေများ လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**










ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

Tah Lee Gold

# ယုဇနပလာဇာအနီး စိန်ရွှေရတနာဆိုင် "တာပွေဆိုင်ခွဲ" မှ

မိတ်ဟောင်းမိတ်သစ်များအား အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်...

No.294, ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊
သီတာမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား တာမွေမြို့နယ်။
Ph: 09-450000451, 09-450000452

ပညာဗိမာန် ပညာခွန် စာအုပ်တိုက်

MULTIPLE CHOICE 1-MARK
၂၀၁၅–၂၀၁၆ မေးခွန်းများမှ စမ္ပဒိဋ္ဌာန် မေးခွန်းများ အားလုံးကို
အခန်းတစ်ခန်းစီ၊ တစ်ပုဒ်ချင်းစီကို
အရောင် ၂ ရောင်ဖြင့် ရှင်းလင်း ထွက်ပြထားပြီး
ဥာဏ်စမ်းမေးခွန်းများကို လေ့ကျင့်ရန်ထည့်သွင်းထားပါသည်။

အမှတ် (၂၂၈)
မြေညီ၊ (၃၉) လမ်းအထက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
Ph: 01 253 143
01 919 04 02
09 513 6746

အင်္ဂလိပ် သချ်ာ
ဒေါ်သူဇာတင်ဝင်း
B.Sc (Hons:) P.G.D.T,B.Ed(Q)

၂၀၁၅–၂၀၁၆
တစ်မှတ်တန်မေးခွန်းများ နှင့် လေ့ကျင့်ခန်းများ



ရုရှားတွေကြားမှာ ရုရှားတစ်ယောက်လို နေလာခဲ့သူ မြန်မာတစ်ယောက်ရဲ့ ဘဝကောက်ကြောင်း
ဒေါက်တာသန့်ဇင်
နှစ်ပေါင်းလေးဆယ်
(ဆိုဗီယက်ရုရှား အတွေ့အကြုံများ)
အကြိမ်ကြိမ်ပြန်ရိုက်ထားသော
မော်ကောင်းထိုက် (နီပေဒါ) ဟာသပေသော
အမှတ် (၁) မှ အမှတ် (၂၄) အထိ ရရှိပါသည်။
ရွှေပဒေသာစာပေ ဖုန်း - ၀၉ ၇၉၅၉၈၅၇၇၉၊ ၀၁ ၃၈၄၉၂၇


# မိတ်ကပ် ညီညီမောင်
(စမ်းချောင်း)

မိတ်ဟောင်း မိတ်သစ်များကို ကျေးဇူးတုံ့ပြန်သောအနေဖြင့်
ငွေကျပ် (၅) သိန်း ရှိတံဖြင့်
1.9.2016 မှ 15.10.2016 ကာလအတွင်း
မိတ်ကပ်၊ ဝတ်စုံ၊ လက်ဝတ်ရတနာ၊ ခေါင်းဆံထုံး၊
လက်ကိုင်ပန်း တို့ကို အပြီးအစီးဆောင်ရွက်ပေးနေပါသည်။
အမှတ် (၆၁)၊ မြေညီထပ်၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်။
Ph: 01 523764, 09 425285025
09 792481369, 09 420087989

"သာဝတ္ထိ ဆန်းဗေဒင်ပညာသင်တန်း"
အဆင့်မြင့်ဟောပြောမှုသင်တန်း ၁–၁၀–၁၆နေ့စမည်။ (အခြေခံဟောပြောမှု သင်တန်းအောင်ပြီးသူ များသာ)စနေ၊ တနင်္ဂနွေမွန်းလွဲ(၁)နာရီမှ ညနေ(၄)နာရီထိ။ (၅)လသင် ကြားပေးမည်။ ("ထက်တွေ့သိုးအခြေခံ အင်းပညာသင်တန်း" –ကိုလည်း ညနေ(၄)နာရီမှ (၆) နာရီထိ သင်ပေးမည်။ အမှတ် – (1173) စကားပြုလမ်း၊ (41)ရပ်ကွက် မြောက်ဒဂုံ၊ ရန်ကုန်။ ဆရာမကြီး နိယာမ ဒေါ်စန်းမေ (ဖုန်း – 09 – 73031310)

KEMBANGAN GROUP OF MEDICAL CENTRE
Smile Train

ကန်ဘမ်ဂန်– ယူအိပ်စီ ဆေးရုံမှ မွေးရာပါနှုတ်ခမ်းကွဲ အာခေါင်ကွဲ လူနာများကိုအပတ်စဉ်၊လစဉ်၊တစ်နှစ်ပတ်လုံး **အခမဲ့** ခွဲစိတ်ကုသပေးနေပါသည်။ နေ့စဉ်၊နေ့တိုင်းမည်သည့်နေ့တွင်မဆို လာရောက်ပြသနိုင်ပါသည်။လာရောက်ပြသချိန်မှစ၍ဆေးရုံမှဆင်းချိန်အထိ (သွေးစစ်၊ဓာတ်မှန်၊ခွဲစိတ်ခ၊ဆေးဝါး) **အားလုံးအခမဲ့** ဖြစ်ပါသည်။






အားလုံး အခမဲ့ ဖြစ်ပါသည်

အမှတ်–၄၃၉/၄၄၁၊
တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်။
Ph : 01-540661, 01-549167
09-448026197

အမှတ်–၁၄၄၊ မင်းကြီးလမ်း၊
KWEKABAW HOSPITAL
LEVEL 5၊ အရှေ့ရွာမ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
Ph : 01 647099 09 428003295

Laser Care Clinic Health & Aesthetic Centre

မျက်ရစ်မရှိ၊ မျက်အိတ် အဆီပိုများကြောင့် စိတ်ညစ်နေပါသလား ?
- ကိုရီးယား နည်းပညာဖြင့် အလှပဆုံး မျက်ရစ်ကို ရရှိစေရန် တာဝန်ယူပါသည်။

နှုတ်ခမ်းနီ ခဏခဏမဆိုးချင်သူများ၊ မျက်ခုံးမွေး နှင့် Eye Liner မဆိုးတတ်သူများအတွက်
- နှုတ်ခမ်းအရောင်သွင်းပေးခြင်း
3D မျက်ခုံးမွေးကို သဘာဝအတိုင်း လှပအောင် ဖန်တီးပေးခြင်း၊ Eye Liner ဆွဲပေးခြင်းများကို စိတ်ကျေနပ်အောင် ဆောင်ရွက်ပေးနေပါသည်။

နှာခေါင်းကျယ်သွားလို့စိတ်ညစ်နေပါသလား ?
- သဘာဝအတိုင်း အလှပဆုံးဖြစ်အောင် ပြန်လည်ပြုပြင်ပေးပါသည်။



- ဝက်ခြံ
- တင်းတိတ်
- မွဲခြောက်
- နေလောင်ကွက်
- ရွှေးပေါက်ကျဉ်းခြင်း
- ဆေးမှင်ကြောင်ဖျက်ခြင်း
- မွဲဖျက်ပေးခြင်းကို

နောက်ဆုံးပေါ်လေဆာစက်ဖြင့် ကုသပေးနေပါသည်။

10-30% discount

အမှတ် - ၂၅၊ အခန်း (၁၀၂)၊ ယုဇန Business တာဝါ၊ မွေစေတီလမ်း၊ ရန်ကုန်။ Tel : 09-30 200 777, 09-30 200 888

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်

Since 2001

# နေရာတိုင်းဆောင်ထား

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Rain Flower

3 Years

အလုံ
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၀
-၀၉-၄၅၀၇၃၀၀၀၅
-၀၉-၄၅၀၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၀၅၄၆၇၀
-၀၉-၄၅၀၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၀-၆၄၃၇၇၈
-၀၉-၇၃၁၂၆၁၅၇
-၀၉-၁၁၄၇၁၆၅၄
-၀၉-၄၅၀၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၁၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃






မိုးရာသီ အထူး Promotion
Rain Flower မီးသတ်ဆေးဘူးများအား ဝယ်ယူအားပေးကြသော Customer များအတွက် Rain Flower အမှတ်တံဆိပ် ထီးလက်ဆောင်များ ပေးနေပါသည်။

စေတ်တွေပြောင်းသွားပေမယ့် မပြောင်းလဲတဲ့အသည်းစွဲပုံမှတ် အစဉ်စွဲမက်နှစ်ခြိုက်နေတာ Topsyne နော်...




Topsyne® Herbal Cream

FDA မှ အလုပ်ကန် ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021

ရှေးအစဉ်အဆက်ထဲက မြန်မာအမျိုးသမီးများ နှစ်ခြိုက်စွာ သုံးစွဲကြသော သဘာဝသနပ်ခါး အခေါက်အစစ်အမှုန့်များ ပါဝင်ပေါင်းစပ်ထားသော Topsyne Herbal Cream သည် မြန်မာ့ရာသီဥတုနှင့် အကိုက်ညီဆုံး ဖြစ်အောင် ဖော်စပ်ထားပါသည်။ မျက်နှာပေါ်ရှိ ဝက်ခြံ၊ တင်းတိပ်များစွာရှိပါက လျှော့ပါးသွားစေနိုင်ပြီး ထပ်မံထွက်ရှိခြင်းမရှိအောင် ကာကွယ်ပေးနိုင်ပါသည်။ အသားအရေကိုဖြူစင်လှပစေပါသည်။

Apple Production Co., Ltd.
အမှတ်(A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံတော်မှုရုံ၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၉၃၁၆၄၀၈ ၊ ၀၉-၈၆၁၀၈၀၁







မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစိစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

KYN
ဒဂုံမြောက်ပိုင်း၊အရှေ့ပိုင်း၊ဆိပ်ကမ်း၊တောင်ပိုင်း
မြေကွက်များဝယ်ယူလိုသည်။
09-5034313,09-73022230,09-455034313

ရောင်းမည်
(၁၂၃'x၅၀')မြေညီထပ် တစ်အိမ်လုံး ကြွေပြားခင်းပြီး၊ ရေချိုးခန်း၊ ရေကန်ပါ ကြွေပြားခင်းကာပ်၊ အိမ်သာ ဘိုထိုင် ကြွေပြားခင်းကာပ်၊ ပြတင်းပေါက် သံပန်းတပ်ပြီး၊ အိမ်ရှေ့အလူမီနီယံတံခါး၊ ဘာဂျာတံခါး၊ ဆန်းရှိတ်အမိုးတပ်ပြီး၊ BCC ရရှိပြီး အသင့်နေနိုင်။ အလင်းရောင်လမ်း၊ ဝါဆိုမှတ်တိုင်အနီး၊ ဒေါပုံမြို့နယ်။ ဖုန်း၊ ၀၉-၄၂၀၇၆၇၅၉၇၊ ၀၉-၄၂၅၀၂၅၂၈၁




**WAI YAN Electronics :**
(PSD) 173/175, Pansodan Rd (Middle Block), Kyauktada Tsp., 01-250596~7
(KBA) No:90 (A,B), Kabaraye Pagoda Rd, Bahan Tsp., 01-401416
(MYM) Mya-Yamone Waterfront Villa, South Dagon (Myothit) Tsp., 01-8100343~4
(BAK) No:118/122, Bo Aung Kyaw Rd (Lower Block), Botahtaung Tsp., 01-398571
(ISN) No:3, Thiri St, West Zay Kone Qtr., Insein Tsp., 01-642678
(MCP) No:192, 2nd Floor, Myanmar Center Plaza, Kabaraye Pagoda Road, Bahan Tsp., 09-261431008~9
(Bago) No:15, Min Rd, Pan Hlaing Ward, Bago. 09-260632525
(MDY) No:352, Corner of 30th St & 82nd St, East Aung Nan Yeik Thar, Chan AyeThar Zan Tsp., Mandalay. 02-72580~4
(MGM) Room 19, Block 6, Mingalar Mandalay, Chan Mya Thar Si Tsp., Mandalay. 09-91008417
(NPT) No:Pa(59/60), Thapyaykone Market, Pweyonetan, Naypyitaw. 067-8108089
(TGY) No:261, Bogyoke Aung San Rd, Nyaung Shwe Hawgone Ward, Taunggyi 081-200571

ကြော်ငြာ


Myanmar United Channel စင်ကာပူနိုင်ငံတွင် (၆) လပညာသင်ကြားပြီး အလုပ်အကိုင်ရရှိသည့်အခွင့်အရေး

Diploma In Hospitality Management

BIRMINGHAM ACADEMY → 6 Months Study & 6 Months Work Permit (Training)

➤ Education Trust ရရှိထားသော ကျောင်း

➤ ကျောင်းတက်ရောက်မည့်သူများကို အင်္ဂလိပ်စကားပြော အခမဲ့သင်ကြားပေးပါမည်

United Channel, School, website : www.myanmarunitedchannel.com

HOT LINE : (+959) 453300660, PH : (+959) 453300661, 662, 663, 664, 665

အမှတ်(၆၂/A) ပထမထပ် လှည်းတန်း၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ် (MOBဘဏ်အပေါ်ထပ်) Email:myanmarunitedchannel@gmail.com

WIN Japanese Language School

"ဂျပန်သံရုံး"စာမေးပွဲ အတွက်သီးသန့်သင်တန်းများ

| | | |
|---|---|---|
| N4 Practice | 7-9-2016 | Wed~Fri |
| N3 Practice | 7-9-2016 | Wed~Fri |
| N2 Practice | 7-9-2016 | Wed~Fri |
| Inter-Conver: | 28-9-2016 | Wed,Thu |
| Intermediate | 15-10-2016 | Sat,Sun |
| Bsaic-Conver: | 22-10-2016 | Sat,Sun |
| Basic | 5-11-2016 | Sat,Sun |

Tel: 299493,09-73207736,09-780390093

Dbuzz

တီရှပ် နိုင်လွန်ဆန် ▸ ၆၅၀ ကျပ်

09 73060258, 09 31789830

www.dbuzzprintinggroup.com

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

မြန်မာ့ဂုဏ်ရောင် အိမ်ရာဝင်းအတွင်း ဂရန်အမည်ပေါက်၊ မြေကွက်အကျယ် (84'x96')

Ph:09-5015285,09-793107944

EVER TOP ဘာသာစကားသင်တန်းကျောင်း Ph:09254903604, 098770096, 0973040610

ဂျပန် / အင်္ဂလိပ် / တရုတ် / ကိုရီးယား

N5,N4,N3,N2,N1 / 4-Skills(General) / Phonetics / Grammar+Writing / EPS TOPIK / 4-Skills

GW 0973226006 0973133528 0973077569

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

09401505559

မြေကွက်များ ရောင်းရန်ရှိသည်

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

HYUNDAI KMJRL

Ph: 09-5008601, 09-5007484, 09-5015285





"နာကျင်၊ ကိုက်ခဲ ဝေဒနာ လျင်မြန်သက်သာ ပျောက်ကင်းမှာ GO! GEL လိမ်းဆေး"

GO! GEL

LOW BACK PAIN, MUSCULAR PAIN AND JOINT PAIN

DICLOFENAC DIETHYLAMINE, LINSEED OIL, CAPSAICIN METHYL SALICYLATE WITH MENTHOL GEL

S Kant HEALTHCARE Ltd

Myanmar Booster Distribution



RIVER SAMON INSTITUTE OF MANAGEMENT

UK ၏ အကြီးမားဆုံး Awarding Body များတွင် တစ်ခုဖြစ်သော CERTA နှင့် London Examinations Board (LEB) တို့မှ ပူးတွဲချီးမြှင့်မည့် Vocational Executive Diploma များကို River Samon Institute of Management တွင် ဖွင့်လှစ်သွားမည်။

ဖွင့်လှစ်မည့် UK Diploma များမှာ

- Executive Diploma in Marketing Management
- Executive Diploma in Human Resource Management
- Executive Diploma in Logistics Management
- Executive Diploma in Retail Management
- Executive Diploma in Management

Enroll Now!

Hot Line: 09-420725566(YGN) 09-73094060(YGN) 09-777793615 (MDY)

Yangon Campus: Room#(506),Pan Chan Tower, No. 8, Bargayar Road, Myay Ni Gone San ChaungTsp. Ph: +95-1-539799, +95-9-420725566 www.rsic-edu.com,info@riversamon.com

Mandalay Campus: First Floor, Great Wall Shopping Centre Between 32nd & 33rd, 77th & 78th Street, Ph: +95-9-777793614, +95-9-777793615 Email : info@riversamon.com



Since 1860 Armstrong FLOORING

Myanmar 1st Commercial Flooring





Special Promotion ၁ကျင်း 3.8 သိန်း → 2.2 သိန်း

Marketed by: Home Distribution Group

09 79 700 70 88, 09 79 700 70 99





BRIDGESTONE Your Journey, Our Passion

BECAUSE YOU LOVE YOUR FAMILY

BUY 2 ANY PSR TYRE GET 1 FREE POLO-SHIRT

BUY 4 ANY PSR TYRE GET 2 FREE POLO-SHIRTS

FREE TYRE SAFETY CHECK 17-18 SEPTEMBER 2016 10:30 AM - 5:00PM

BRIDGESTONE KEEPS YOU SAFE

FIRST JAPAN TIRE SERVICES

# (၈)နှစ်ပြည့်အလွမ်း

## မောင်နွေလကြာအိုင်လင်း

အသက်(၁၁)လ

၁၃-၁၀-၂၀၀၇ - ၁၇-၉-၂၀၀၈

၁၇ စက်တင်ဘာ ၂၀၁၆

သမီးလေး----
နံနက်ခင်း ငွေနှင်းဖြူလေးကဲ့သို့---
လန်းဆန်း သန့်ရှင်း ဖြူဖွေးသူလေး၊
ညနေခင်း တိမ်လေးများ မိုးကောင်းကင်မှာ မြင်ရသကဲ့သို့---
စွဲလမ်းနှစ်သက်စရာကောင်းသူလေး၊
နေထွက်ချိန်မှ နေဝင်ချိန်ထိ----
သမီးလေး လူ့ဘဝကို စတင်ချိန်မှ
နှစ်ခြိုက်စွာ အိပ်မောကျနေသည်အထိ
စောင့်ကြည့်နေခဲ့ဖူးပါတယ်----
မယိုင်ကျစေရန် မားမားရပ်နိုင်ရန်---
လက်ကလေးကို ဖေးမကိုင်ပေးဖူးပါတယ်။
အဲဒီအချိန်လေးတွေကို ပြန်လည်စတင်ချင်တဲ့ ဆန္ဒရှိမိပါတယ်၊
သို့သော်ခရစ်တော်ရဲ့ ရင်ခွင်တော်မှာ
ငြိမ်းချမ်းနေပြီလို့ ယုံကြည်တယ်လေ
ဘဝဆိုတာ---စမ်းချောင်းလေး စီးဆင်းနေသလို
အမှတ်တရများစွာနဲ့ တစ်နေရာမှာ ကြုံခဲ့ကြရတယ်
သမီးလေး ပထမဆုံး စဝိုစဝိုကတည်းက
ထိုအမှတ်တရများစွာ တွယ်ကပ်ရင်းနှီးခဲ့ရတယ်။
သမီးလေးကို ချစ်တယ်--သတိရတယ်
ခရစ်တော်ရှိရာ ကောင်းကင်ဘုံမှာ
ပြန်လည်ဆုံတွေ့ကြမယ်ဆိုတဲ့ မျှော်လင့်ချက်ဖြင့်
ဘဝတစ်ကွေ့ ဆုံတွေ့ရတာကို ကျေးဇူးတင်ရင်း
ဖေဖေ

# (၈)နှစ်ပြည့်အလွမ်း

## မောင်နွေလကြာအိုင်လင်း

အသက်(၁၁)လ

၁၃-၁၀-၂၀၀၇ - ၁၇-၉-၂၀၀၈

၁၇ စက်တင်ဘာ ၂၀၁၆

သမီးလေး ----
အလွမ်းဆိုတာ ----
မဖိတ်ခေါ်ဘဲ မသိလိုက်ခင်မှာ တစ်ခါတစ်ရံ လေညင်းလေးလို
သူ့အလိုလိုပြန်လည်ရောက်လာဆဲ၊
အခုချိန်ထိ---တွေးတောနေဆဲ---စဉ်းစားနေဆဲ---
ဆန္ဒတွေက ရင်မှာအပြည့်---ပြန်လည်ဆုံတွေ့ခွင့်ရခဲ့ရင်----
အတိုင်းထက်အလွန် ကျေပွန်ခဲ့တယ်လို့ ထင်ခဲ့ပေမယ့်
မကျေပွန်ခဲ့တာရှိခဲ့ရင် တောင်းပန်ချင်တယ်။
လိုအပ်သည်ထက် ဖြည့်ဆည်းပေးခဲ့တယ်လို့ ထင်ခဲ့ပေမယ့်----
လိုအပ်ချက်ကျန်ရှိနေခဲ့ရင်၊ ဟာကွက်လေးများရှိခဲ့ရင်
ပြန်လည်ဖြည့်ဆည်းပေးချင်တယ်။
အချိန်တွေကို ကြိုးကလေးလို
ပြန်လည်ရစ်လို့ရရင် ပြန်ရစ်ချင်ပါတယ်။
မသိလိုက်ဘဲ မှားယွင်းခဲ့မိတာရှိခဲ့ရင် ပြန်လည်ပြင်ဆင်ချင်ပါတယ်။
အခွင့်အရေးများ ရှိနိုင်မယ်ဆိုရင် အစကနေ ပြန်လျှောက်ချင်ပါတယ်။
သမီးလေးရှိနေသေးတယ်ဆိုရင်---
ခုနေ ဘဝကတစ်မျိုးတစ်မယ် ဖြစ်နေမှာ၊
အခုတော့လည်း ကျန်ရစ်ခဲ့သူမှာ---
လူ့လောကအလယ် စမ်းတဝါးဝါးနဲ့ ဆက်လျှောက်နေဆဲ၊
ကောင်းကင်ဘုံမှာ မဆုံခင်သရွေ့---
ဖြေသိမ့်ရာ ဖြေသိမ့်နိုးနဲ့ ဘယ်အရာကမှ ဖြေသိမ့်ပေးနိုင်စွမ်းမရှိ။
မေမေ

## ပျောက်ဆုံး

ကျွန်တော်များ SHWE MI INDUSTRIAL Co.,Ltd ၏ သွင်းကုန်လိုင်စင်အမှတ် IL7/15-16/15295(11.03.2016)မှာ အကောက်ခွန်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဆက်သွယ်ရန်
ဦးဇော်ဟိန်း(၀၉-၄၀၂၇၂၇၂၇၄)

# သင့်သွေးဖြင့် အသက်ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှခင်(မုံရွာ) (၈၉)နှစ်

သူငယ်ချင်း ကိုရဲဝင်းချစ် (B.Econ.,AE)1971 ၊ ကိုရဲဝေ (မြန်မာစာ) တို့၏ မိခင်ကြီး ဒေါ်လှခင်(မုံရွာ)သည် ၈. ၉. ၂၀၁၆ (ကြာသပတေးနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်းတို့နဲ့ထပ်တူ ငိုများလည်း ဝမ်းနည်းကြေကွဲရပါကြောင်း။

စီးပွားရေးတက္ကသိုလ် (၁၉၆၇-၇၀) သူငယ်ချင်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထန်းကင်လျှန်-ဒေါ်ဇာနိုင်ကုန်းတို့၏သားငယ် မောင်ကံလျှန်းထန်သည် ၁၁-၉-၂၀၁၆ ရက်နေ့တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**တက္ကသိုလ်များ(ရေဆင်း)မှ ဆရာ/မများ**
**(Yezin-SCM)**
**နေပြည်တော်။**

## အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး

**ဦးထွန်းသီ**(တာပရွာ၊ မအူပင်မြို့)

လ/၄၈၃၄၈ မြို့နယ်ရဲတပ်ဖွဲ့မှူး(ငြိမ်း)၊ လှိုင်လင်

အသက်(၉၃)နှစ်

ဦးထွန်းသီ၊ အသက်(၉၃)နှစ် မကွယ်လွန်မီ အမြဲဂရုတစိုက်ကုသပေးခဲ့ကြသော အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ တပ်မှူးကြီး ဗိုလ်မှူးချုပ်စိန်လင်း၊ ဗိုလ်မှူးကြီး ဒေါ်နွယ်နွယ်ဝင်း၊ ဗိုလ်မှူးကြီးဒေါ်မေသွေးကို၊ ဗိုလ်မှူးကြီးဝင်းသော်နှင့် အရာရှိကြီးများအားလည်းကောင်း၊ ဗိုလ်မှူး ဒေါ်တင်အေးမြင့်၊ ဗိုလ်မှူးဒေါ်မော်မော်သန်းနှင့်အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား၊ သူနာပြုများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လာရောက်သတင်းမေးနှစ်သိမ့်ပေးပါသော ဆွေမျိုး မိတ်သင်္ဂဟများနှင့် နာရေးသို့ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစုများ - ဗိုလ်ချုပ်သန်းအောင်(ငြိမ်း)ကျန်းမာရေးဝန်ကြီး(ငြိမ်း)-ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းမြ နှင့်ညီ၊ ညီမ သား၊ သမီး၊ မြေး၊ မြစ်များ

## လွမ်းဆွတ်သတိရခြင်း

**ဦးသန်း** B.A(E.Litt) ဒု-ညွှန်မှူး(ငြိမ်း)၊ အိုးအိမ်ဦးစီးဌာန

(၁၇-၉-၂၀၀၇)- (၁၇-၉-၂၀၁၆)

**ဒေါက်တာဒေါ်ခင်သောင်းတင်** M.B.,B.S(Rgn)

(၂၂-၉-၁၉၆၃ - ၂၂-၉-၂၀၁၆)

ဒယ်ဒီခွဲခွာသွားခဲ့သည်မှာ (၉)နှစ်ပြည့်ခဲ့ပြီး မေမေ ခွဲခွာသွားခဲ့သည်မှာ (၅၃)နှစ်ပြည့်ခဲ့ပြီ။ ကျေးဇူးကြီးမား မိဘနှစ်ပါးကို ရည်စူးရည်မှန်းပြုလုပ်သမျှ ဒါန၊ သီလ၊ ဘာဝနာကုသိုလ် အစုစုကို အမျှ ပေးဝေပါသည်။ ရောက်ရှိရာ ဘုံဘဝမှ သာဓု-သာဓု-သာဓု ခေါ်ဆိုနိုင်ပြီး မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိ ခံစားနိုင်ပါစေ။

မမေ့နိုင်တဲ့ချစ်သော သားသမီးမြေးမြစ်တစ်စု

## (1)နှစ်ပြည့်အလွမ်း

**ဒေါ်သန်းကြည်**(၉၃)နှစ် (၈လွန်-ဒေါ်ငွေကြီး)

ကျေးဇူးရှင်ကျွေးမိခင်ကြီး ကွယ်လွန်သည်မှာ (၁)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ လစဉ်ပြုလုပ်ခဲ့သမျှ ကုသိုလ်အစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သားမောင်မြတ်စိုး-သမီးမသင်းသင်းနု
သားမောင်နှင်း-သမီးမသီတာရီ

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ရီရီတင်

အသက်(၈၆)နှစ်

ချစ်သူငယ်ချင်း သဥ္ဇာဝင်းစိန် ၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ရီရီတင် သည် ၁၁-၉-၂၀၁၆ ရက် ည ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်းများ
ဥမ္မာဝေ၊ လှသဥ္ဇာအောင်၊ အေးမိုထက်
ဥမ္မာပြည့်လှမောင်၊ မြတ်ဇော်မင်း

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအေးကျော် (၆၆)နှစ်

**တိုင်းမြေစာရင်းဦးစီးဌာနမှူး(ငြိမ်း)**

သွားနှင့်ပေဦးတော့ သူငယ်ချင်း

၁၉၇၆ ခုနှစ်မှ ယနေ့တိုင် တစ်အူတစ်အုံဆင်း ညီရင်းအစ်ကို လက်တွဲဖော်ဘဝမှ ထွက်ခွာသွားသော သူငယ်ချင်းရေ

လက်အောက်ငယ်သားများအပေါ် ကိုယ်ချင်းစာတရားသနားဂရုဏာ မေတ္တာထား စောင့်ရှောက်ခဲ့သူ၊ အပေါင်းအသင်းမိတ်ဆွေများ၏ လေးစားခင်မင်မှုကို ရယူနိုင်ခဲ့သူ၊ အလုပ်တာဝန်အပေါ် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူ သူငယ်ချင်းတစ်ယောက် ကောင်းရာသုဂတိသို့ လားပါစေ----

**ကြေး/မြေ (၁၅၀)သူငယ်ချင်းများ**

## ကျေးဇူးအထူးတင်ရှိခြင်း

### ဦးတင်ထွန်းအောင် (ဗဟန်း)

အသက် (၅၆) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ ၁၃၃ ရပ်ကွက်၊ ပုဂံ (၁)လမ်း၊ အမှတ် (၁၇၈) နေအိမ်၌ ၆-၉-၂၀၁၆ (အင်္ဂါနေ့) ည ၇း၃၅ နာရီတွင် ကွယ်လွန်သွားခဲ့သော ဦးတင်ထွန်းအောင်၏ နာရေးကိစ္စတွင် သတင်းမေးမြန်းခြင်းဖြင့် အားပေးနှစ်သိမ့်ကြသူများ၊ CROTON Travel and Tours Co., Ltd. မှ ဝန်ထမ်းများ၊ Diamond Palace Company, Malaysia of Myanmar Embassy မှ ဝန်ထမ်းများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးသို့ လိုက်ပါ ပို့ဆောင်ခဲ့ကြသော မိတ်ဆွေများ၊ ရက်လည်ဆွမ်းကျွေးတွင် ကူညီဆောင်ရွက်ပေးကြသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တသုန္ဒရ

**သိက္ခာတော်(၆၂)ဝါ ၊ သက်တော်(၈၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ ဇေယျာဝံသကျောင်းတိုက်(ယခင်ဖားကန့်)ကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သုန္ဒရမထေရ်မြတ် သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်သည် (၁၃၇၈ခုနှစ်၊ တော်သလင်းလဆန်း ၁၃ရက်) ၁၄-၉-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၄း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ရက်)၂၀-၉-၂၀၁၆(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ဇေယျာဝံသကျောင်းတိုက်၊ ယာယီစံကျောင်းတော်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်း တို့အား အသိပေးအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တ နရပတိ

**(သာသနဓဇ ဓမ္မာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)**

**သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဓမ္မစရိယဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ (၅၆)ရပ်ကွက်၊ မဟာဓမ္မာစရိယဘုန်းတော်ကြီးသင်ပညာရေးကျောင်း(မူလွန်) လေးဒေါင့်ကန်၊ ကေသရာရာမစာသင်တိုက်ကြီး၏ မဟာနာယက၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တပ်သစ်ထောင်ကျောင်းတိုက်ကြီး ပဓာနနာယက ဘဒ္ဒန္တ နရပတိ (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မြို့နယ်သြဝါဒစရိယ မဟာထေရ်မြတ်ကြီးသည် ၁၄-၉-၂၀၁၆(ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် ဓမ္မာစရိယကျောင်းတိုက်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ကြောင်း။ [(၁၃၇၈ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်)၊ ၂၄-၉-၂၀၁၆(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။]

တပည့်-သံဃာတော်များနှင့်
ဒါယကာ-ဒါယိကာမများ

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

### ဒေါက်တာဘဒ္ဒန္တ စန္ဒဝရ (မြောင်းမြ)

**သိက္ခာတော်(၄၃)ဝါ၊ သက်တော်(၆၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ဘီအိုစီပိဋကတ်တိုက်ကျောင်း၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနတက္ကသီလ ဓမ္မပါရဂူ၊ Ph.D. သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ ဒေါက်တာဘဒ္ဒန္တစန္ဒဝရ(မြောင်းမြ) မဟာထေရ်မြတ်သည် (၁၃၇၈ ခု၊ တော်သလင်းလဆန်း ၁၃ ရက်)၊ ၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၂၀ နာရီတွင် ဘီအိုစီပိဋကတ်တိုက်ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍ ဆရာတော်၏ အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ၂၀-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဘီအိုစီပိဋကတ်ကျောင်းတိုက်၌ ပူဇော်စီရင်ကျင်းပပြီး ကြွင်းကျန်သော ရုပ်ကလာပ်တော်ကို ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဘီအိုစီပိဋကတ်တိုက်ကျောင်းမှ မော်တော်ယာဉ်များ မွန်းလွဲ ၂နာရီတွင် ထွက်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ရဟန်း၊ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။)

**အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကျင်းပရေးကော်မတီ**
**ဘီအိုစီပိဋကတ်ကျောင်း၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။**

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

### ဒေါက်တာဘဒ္ဒန္တ စန္ဒဝရ (မြောင်းမြ)

**သိက္ခာတော်(၄၃)ဝါ၊ သက်တော်(၆၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ဘီအိုစီပိဋကတ်တိုက်ကျောင်း၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနတက္ကသီလ ဓမ္မပါရဂူ၊ Ph.D. သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ ဒေါက်တာဘဒ္ဒန္တစန္ဒဝရ(မြောင်းမြ) မဟာထေရ်မြတ်သည် (၁၃၇၈ ခု၊ တော်သလင်းလဆန်း ၁၃ ရက်)၊ ၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၂၀ နာရီတွင် ဘီအိုစီပိဋကတ်တိုက်ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါ၍ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)အသင်းသူ၊ အသင်းသားများနှင့် ရပ်ဝေးရပ်နီးမှ ရဟန်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ဆရာတော်၏ အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ၂၀-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဘီအိုစီပိဋကတ်ကျောင်းတိုက်၌ ပူဇော်စီရင်ကျင်းပပြီး ကြွင်းကျန်သော ရုပ်ကလာပ်တော်ကို ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဘီအိုစီပိဋကတ်တိုက်ကျောင်းမှ မော်တော်ယာဉ်များ မွန်းလွဲ ၂ နာရီတွင် ထွက်မည်ဖြစ်ကြောင်း၊ မြောင်းမြမြို့နယ်အသင်း (ရန်ကုန်) အသင်းသူ၊ အသင်းသားများအားလုံးနှင့် ရပ်ဝေးရပ်နီးမှ ရဟန်း၊ တပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။)

**အမှုဆောင်အဖွဲ့**
**မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်သန်းသန်းမြင့် (ခ) ဒေါ်လေဝိုး (မကွေးမြို့)

### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၈)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ်(၄၃/ဃ) နေ (ဦးဟန်ရုံ-ဒေါ်ပိုးကြူ) တို့၏ သမီး၊ ဦးအောင်စု၏ ချစ်လှစွာသောဇနီး၊ ကိုမင်းသူအောင်-မဖြူဖြူအောင်၊ ကိုအောင်ထွန်းလင်း-မကြည်ငွေး၊ ကိုရဲထွဋ်အောင်-မနီလာခိုင်၊ ကိုထွန်းထွန်းနိုင်-မသွယ်နှင်းခိုင် တို့၏ချစ်လှစွာသောမွေးသမိခင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ည ၈း၄၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁၈-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၉-၂၀၁၆ (အင်္ဂါနေ့) နံနက်၇နာရီမှ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

### စောကိုကိုနေဝင်း

အသက် (၃၇)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရသာရုံလမ်း၊ အမှတ် (၆၈၆)နေ (ဦးနေဝင်း)-နော်ဖောဝါး တို့၏ သားကြီး၊ စောညီညီနေဝင်း-ဂျူးလိယက်၊ နော်ငြိမ်းချမ်းနေဝင်း-Rev.စောအောင်သူရ၊ နော်ကလျာနေဝင်းတို့၏ အစ်ကိုကြီး နော်မီရှဲ၊ နော်စိလဘုဖော(ခ)နော်ထရီဇာဂျွန်၊ စောခူဆဲ(ခ)စောဂျက်ဆင်ဂျွန်တို့၏ ဦးလေး စောကိုကိုနေဝင်းသည် ၁၄-၉-၂၀၁၆(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ဈာပနဝတ်ပြုအစီအစဉ်ကို ၁၇-၉-၂၀၁၆(စနေနေ့) နံနက် ၈နာရီတွင် ခိုးလ်ကရင်နှစ်ခြင်းအသင်းတော် (၃၉၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လမ်းမတော်မြို့နယ်) ဘုရားရှိခိုးကျောင်း၌ ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

# KKO (ခွဲထွက်)အဖွဲ့မှ နားမကြားခေါင်းဆောင်သော အင်အားစုတချို့၏ လက်နက်ကြီးဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ဆက်လက်ဆောင်ရွက်လာသဖြင့် နယ်မြေကန့်သတ်ရှင်းလင်းခဲ့ရာ တိုက်ပွဲ ၁၃ ကြိမ်ဖြစ်ပွား


## တပ်မတော်အနေဖြင့် နယ်မြေအကန့်အသတ်ဖြင့် ရှင်းလင်းရာတွင် NCA စာချုပ်ပါအတိုင်း တိကျစွာဆောင်ရွက်လျက်ရှိ


**နေပြည်တော် စက်တင်ဘာ ၁၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာနှင့်အနီးတစ်ဝိုက်တွင် ကလိုထူးဘောကရင်အစည်းအရုံး(KKO)အဖွဲ့မှ ကျော်သက်နှင့် ဆန်းအောင်ခေါင်းဆောင်သော KKO(ခွဲထွက်)အဖွဲ့သည် မြဝတီ-သယ်န်းညီနောင်-ကော့ကရိတ် ကားလမ်းတွင် တရားမဝင်အကောက်စခန်းများဖွင့်လှစ်၍ ခရီးသွားပြည်သူလူထုထံမှ ငွေကြေးအဓမ္မကောက်ခံခြင်းများ ဆောင်ရွက်ခဲ့ရာ ပြည်နယ်အစိုးရနှင့် တပ်မတော်က အကြိမ်ကြိမ်သတိပေးအကြောင်းကြားခဲ့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့်အပြင် ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့၏ ခရီးစဉ်ယာဉ်တန်းများကို တားဆီးနှောင့်ယှက်ခြင်း၊ လမ်းကြောင်းလုံခြုံရေးဆောင်ရွက်သည့် တပ်မတော်စစ်ကြောင်းများကို နှောင့်ယှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာသည့်အတွက် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း တပ်မတော်စစ်ကြောင်းများက အဆိုပါအဖွဲ့ကို ယင်းနယ်မြေမှ အပြီးအပိုင် တိုက်ခိုက်ရှင်းလင်းဖယ်ရှားခဲ့ရာ နယ်မြေတည်ငြိမ်အေးချမ်းခဲ့ပြီး ခရီးသွားပြည်သူလူထုနှင့် နယ်မြေခံပြည်သူလူထုတို့ စိတ်ချမ်းမြေ့စွာသွားလာနေထိုင်လုပ်ကိုင်ခွင့်ရရှိခဲ့သည်။

အဆိုပါအဖွဲ့မှ နားမကြားခေါင်းဆောင်သော အင်အားစုတချို့သည် ယခုနှစ်ဆန်းပိုင်းအတွင်း ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာတစ်ဝိုက်သို့ ပြန်လည်စိမ့်ဝင်လာသည့်သတင်းများရရှိခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းဆောင်ရွက်စဉ် ဩဂုတ် ၂၁ ရက်က ဘားအံမှ မြဝတီသို့ ရိက္ခာပို့ဆောင်သည့် တပ်မတော်ယာဉ်တန်းကို ကျုံဒိုးနှင့် ကော့ကရိတ်အကြား ကြာအင်းဆိပ်ကြီးလမ်းခွဲအနီး၌ မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့ပြီး ဘားအံမြို့ စက်မှုဇုန်ရှိ မဟာဘားအံအထည်ချုပ်စက်ရုံအနီးတွင်လည်း မိုင်းထောင်ဖောက်ခွဲခဲ့သည်။

ဩဂုတ် ၂၉ ရက်တွင် ကောင်းမူကျေးရွာအရှေ့ဘက် ၄ မိုင်ခန့်အကွာတွင် ဆင်ကျောင်းနေသော ဒေသခံငါးဦးနှင့် ဆင်နှစ်ကောင်ကို နားမကြားဦးစီးအဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် လိုက်လံရှင်းလင်းသော နယ်မြေခံနယ်ခြားစောင့်တပ်နှင့် ထိတွေ့မှုဖြစ်ပွားခဲ့ရာ ဖမ်းဆီးခေါ်ဆောင်သွားသည့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✱**





မြန်မာအသင်းနှင့် လာအိုအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MFF

# မြန်မာယူ-၁၉ အသင်း လာအိုကို အမှတ်ခွဲပေးခဲ့ရ

ရန်ကုန် စက်တင်ဘာ ၁၆

**၂၀၁၆ အာဆီယံ ယူ-၁၉ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) တတိယနေ့ကို ဗီယက်နမ်နိုင်ငံ၌ ယနေ့ဆက်လက်ကျင်းပရာ ဩစတြေးလျနှင့် ထိုင်းအသင်း နိုင်ပွဲဆက်ပြီး မြန်မာအသင်းသရေကျခဲ့သည်။**

| | | |
|---|---|---|
| မြန်မာယူ-၁၉ | - | လေးဂိုး |
| လာအိုယူ-၁၉ | - | လေးဂိုး |

နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သည့် မြန်မာယူ-၁၉ အသင်းသည် ဆီမီးဖိုင်နယ်တက်ရန် ရှုန်းကန်ရတော့မည်ဖြစ်ပြီး ယခုပွဲရလဒ်က မြန်မာအသင်းကို များစွာနစ်နာစေခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းအပြီးတွင် ဂိုးပြတ်အနိုင်ရလဒ်ဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးပြန်ပေးရကာ သရေကျခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**

**ရောဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ မြစ်ဆုံစီမံကိန်းနေရာ ကွင်းဆင်းစစ်ဆေး**

သတင်း
စာမျက်နှာ » ၉

